ထူးခြားသည့်
သာသနာပြုပုဂ္ဂိုလ်
နှင့်
သုတရသဆောင်းပါးများ

သန်းဝင်းရိန်

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ဖြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံဆော် ပွဲစည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ထူးခြားသည့် သာသနာပြုပုဂ္ဂိုလ်

နှင့်

သုတရသဆောင်းပါးများ

သန်းဝင်းရှိန်

၂၅၄၁

၂၀၀၂ ခုနှစ် မတ်လ

ပထမအကြိမ်

စာမူခွင့်ပြုချက်အမှတ် ◈ ၅၂၀/၂၀၀၁ (စ)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ◈ ၃၇/၂၀၀၂ (၁)

မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် ◈ မောင်ညီညီ

အုပ်ရေ ◈ ၁၀၀၀

တန်ဖိုး ◈ ၃၅၀-ကျပ်

ထုတ်ဝေသူ ◈ ဦးညွှန့်ဌေး
စိန်ပန်းမြိုင်စာပေ
ကရင်အမျိုးသားရပ်ကွက်၊
ကြည့်မြင်တိုင်၊ ရန်ကုန်။

ပုံနှိပ်သူ ◈ ဦးမျိုးသန့် (၀၅၅၆၄)
အာရောဂျပုံနှိပ်တိုက်
(၆၉)၊ ရတနာကျွန်းရိပ်သာ၊
(၄) တိုးခဲ့ရပ်ကွက်၊
မြောက်ဥက္ကလာပ၊ ရန်ကုန်။

မာတိကာ

၁။ အနော်ရထာမင်း၏ ကောင်းမှုတော်
ညောင်ဦးမြို့ ရွှေစည်းခုံစေတီ ၁
၂။ ပုဂံ အာနန္ဒာစေတီတော် ၅
၃။ အလောင်းမင်းတရားကြီးနှင့် ရွှေချက်သိုစေတီတော် ၁၁
၄။ ကျောက်တော်မြို့နယ် သရက်ပင်ရွာ
မဟာမုနိ ရုပ်ပွား‌တော် ၁၇
၅။ ဇလွန်မြို့ ပြည်တော်ပြန်ဘုရားသို့ တစ်ခေါက် ၂၁
၆။ ပညာရှိအမတ်ကြီး ဦးပေါဦးနှင့်
မြတ်လှမဋ္ဌေစေတီ ၂၉
၇။ သိမှတ်စရာ မုဒြာ (၈) ဖြာ ၃၄
၈။ မမဲ့လျော့ကြောင်းတရား ၃၉
၉။ အမြတ်ဆုံးတရား လေးပါး ၄၄
၁၀။ အရဏ်နှင့်စပ်၍ ဗုဒ္ဓပြဋ္ဌာန်းထားခဲ့သော
စည်းကမ်းဥပဒေ ၄၉
၁၁။ အသက်ရှည်ခြင်း အကြောင်းတရား (၅) ပါး ၅၅
၁၂။ လျောင်းတော်မူ လေးမျိုးနှင့် ဘွဲ့တော်လေးပါး ၅၈
၁၃။ ဗောဓိပင်တရားတော်၏ အကျိုးကျေးဇူး ၆၅
၁၄။ တန်ခိုးထက်မြက်သော ဣစ္ဆန္တ ဂါထာတော် ၇၁
၁၅။ မျောက်ညီနောင်နှင့် မုဆိုးမိုက် ၇၆
၁၆။ ပရိတ်ဂါထာဂုဏ်တော်များနှင့်
ဖြစ်ရပ်သာဓကများ ၈၀
၁၇။ အုတ်ဖိုဆရာတော်ဘုရားကြီး၏ ဗုဒ္ဓမြတ်စွယ်တော်
ရာပြည့်အထိမ်းအမှတ် ပူဇော်ပွဲကြီး ၈၆

၁၈။ ထူးခြားသည့် သာသနာပြုပုဂ္ဂိုလ် ၉၁

၁၉။ ကဗျာ့အကျော် ဆရာတော် ရှင်မဟာသီလဝံသ၏
ဆုံးမစာများ ၁၀၀

၂၀။ ဓမ္မစာဆိုတော်ကြီး လယ်တီဆရာတော် ၁၀၈

၂၁။ အင်းဝခေတ် စာပေအကျော် ဆရာတော်
ရှင်မဟာရဋ္ဌသာရ ၁၁၄

၂၂။ မဟာသုတကာရီ မဃဒေဝထက်ဝါသစ်နှင့်
မန်ထည်ဆရာတော်ဘုရားကြီး ၁၁၉

၂၃။ အဂတိတရား လေးပါး ၁၂၇

၂၄။ ကောင်းသောဂတိ မြဲစေမည့် ကျင့်ဝတ် (၇) မျိုး ၁၃၁

၂၅။ ဝေဘူဆရာတော်ဘုရားကြီးနှင့် တရားကျင့်စဉ် ၁၃၄

၂၆။ ဝေဘူဆရာတော်ဘုရားကြီး ဟောတော်မူသည့်
တရားတော် ၁၄၁

၂၇။ ထူးချွန်သူ အရှင်သူရိယ ၁၄၄

၂၈။ ဖိုးဝင်းတောင်သို့ ခရီးတစ်ခေါက် ၁၄၉

၂၉။ သီလရှင်ဆရာကြီး ဒေါ်ကျန့်ဝတီ ၁၅၆

၃၀။ လူ၏အဓိပ္ပာယ် ဆန်းစစ်ချက် ၁၆၁

၃၁။ လူလေးမျိုး ၁၆၇

၃၂။ ဓမ္မနိယာမတရား ၁၇၁

၃၃။ အမရပူရမြို့ မြစ်ထောင်းရွာ စိတ္တာသုခ
အရဏ်တော်ဝတ်အသင်း ၁၇၄

၃၄။ ကုသိုလ်သီလစွမ်းအားဖြင့် အသက်ရှည်နေသူ ၁၇၇

၃၅။ စံတင်ရမည့် ပေးလှူသူ ၁၈၀

၃၆။ တစ်နေ့တာမြင်ကွင်း ၁၈၅

စာရေးသူ၏ အမှာ

ကျွန်တော်သည် နေ့စဉ်ထုတ် သတင်းစာများနှင့် ဘာသာရေး မဂ္ဂဇင်း၊ စာစောင်များတွင် ဆောင်းပါးများ ရေးသားလျက် ရှိပါသည်။ ယင်းဘာသာရေးဆောင်းပါးများကို ဖတ်ရှုကြရသော စာရှုသူအချို့က ယင်းဆောင်းပါးများကို စုစည်း၍ စာအုပ် ထုတ်ဝေရန် တိုက်တွန်းကြပါသည်။ ထိုအခါ ကျွန်တော်သည် လစဉ်ထုတ် ဘာသာရေး စာစောင်များနှင့် မဂ္ဂဇင်းအချို့တွင် ဖော်ပြပါရှိပြီးသော ဆောင်းပါးများကို ရှာဖွေစုစည်းမှု ပြုလုပ်ရပါတော့သည်။

ယင်းသို့ ရှာဖွေစုဆောင်းရရှိသော ဆောင်းပါးများအနက်မှ ဆောင်းပါးအချို့သည် ခရီးသွားဆောင်းပါးများဖြစ်ရာ စာရှုသူအပေါင်းကို ဒေသန္တရဟုသုတများကို တွေ့ကြုံရရှိ ခံစားနိုင်မည် ဖြစ်ပါသည်။ အချို့သော ဆောင်းပါးများသည် ဂါထာတော်၊ ပရိတ်တော်များ၏ အကျိုးကျေးဇူးများနှင့် ပတ်သက်နေပါသည်။ စာရေးသူတို့ ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ ကပ်၊ ဥပဒ်ကြီးများကို ပျောက်ငြိမ်းစေတတ်သော ဂါထာကြီး၊ ဂါထာငယ် များစွာရှိကြ

ပါသည်။ ထိုဂါထာတော်များကို အရက်ကျက်၍ မထားနိုင်ကြသဖြင့် ကပ်၊ ဥပဒ်ရှိနေသည့်အခါ အသုံးမပြုနိုင် ဖြစ်နေကြပါသည်။ ထို့ကြောင့် စာရှုသူအပေါင်းကို ပုဒ္ဓဘာသာ ကျမ်းဂန်တို့၌ ပါရှိသည့် ဂါထာတော်၊ ပရိတ်တော်များ၏ အကျိုးကျေးဇူးကိုလည်း ဖော်ညွှန်း ပြဆိုထားပါသည်။

အချို့သော ဆောင်းပါးများသည် စာရေးသူ၏ ဘဝအတွေ့ အကြုံ ခံစားချက်များအပေါ် ရေးသားတင်ပြချက်များ ဖြစ်ပါသည်။ ဤစာအုပ်က စာရှုသူအပေါင်းတို့အား ဘာသာရေး အသိအမြင်ကို ကောင်းကောင်းပေးစွမ်းနိုင်မည်ဟု ယုံကြည်ပါသည်။ အကယ်၍ ဤစာအုပ်၌ လိုအပ်ချက်များ၊ ပိုလွန်ချက်များရှိပါက စာရေးသူ၏ အားနည်းချက်သာလျှင်ဖြစ်ပါကြောင်းနှင့် လိုအပ်လျှင် ဖြည့်စွက်ပြီး၊ ပိုလျှင် နုတ်ပယ်ကာ ဖတ်ရှုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အာစရိယဝန္ဒနာ

စာရေးသူအား ငယ်ရွယ်စဉ်မှယနေ့တိုင် သွန်သင်ပြသ ဆုံးမ တော်မူကြသော အနန္တ ကျေးဇူးရှင် မိဘနှစ်ပါးနှင့် ဆရာသခင် ကျေးဇူးရှင်များ ဖြစ်ကြကုန်သော ရဟန်းရှင်လူအပေါင်းကို ဤစာအုပ်ဖြင့် ရှိခိုးပူဇော်အပ်ပါသည်။

ကျေးဇူးတင်မှာတမ်း

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် စာရေးသူအား အစစ အရာရာ ကူညီကြကုန်သော ဦးမျိုးသန့် (စာရေးဆရာ မောင်ဆုရှင်) နှင့် ရုံးအဖွဲ့အား အထူးကျေးဇူးတင်ရှိပါသည်။

အင်္ဂလန်ရထားမင်းဧည့်ကောင်းမှတော်

သောင်ဦးမြို့သို့

ရွှေစည်းခုံစေတီ



အနော်ရထာမင်း၏ ကောင်းမှုတော်

ညောင်ဦးမြို့ ရွှေစည်းခုံစေတီ

ပုဂံမြေသို့ ဘုရားဖူးရန် ရောက်လာသူတိုင်း မလွတ်တမ်း ဖူးမြော်ကြသည်မှာ အနော်ရထာမင်း၏ကောင်းမှုတော်ဖြစ်သော ရွှေစည်းခုံစေတီတော်ကြီး ဖြစ်ပါသည်။ထိုစေတီတော်ကြီးမှာ ညောင်ဦးမြို့အနောက်အရပ်တွင် တည်ရှိသည်။

ပုဂံပြည် အနော်ရထာမင်းကြီးသည် နန်းစံ ၁၄ နှစ်မြောက် သက္ကရာဇ် ၃၉၃ ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့ တမန်စေလွှတ်၍ ဓာတ်တော်များကို ပင့်ဆောင်စေသည်။ သီဟိုဠ်မင်း ဓာတုတေနမင်းကြီးသည် မြတ်စွာဘုရား စွယ်ပွားတစ်ဆူကို ပေးအပ်သဖြင့် သဘော်ဖြင့် ပင့်ဆောင်၍ ပုဂံမြို့ ဆိပ်ကမ်းသို့ ရောက်လျှင် အနော်ရထာမင်းကြီးသည် လည်ပင်းအထိ နက်သော ရေထဲသို့ ဆင်း၍ ပင့်ဆောင်ကာ နန်းတော်၌ ပြာသာဒ်တွင် ပူဇော်ထားလေသည်။

ဆင်ဖြူတော်သည် ပုဂံမြို့၏အရှေ့မြောက်အရပ် သဲစည်းခုံတွင် ဝပ်လေသည်။ ထိုအခါ မင်းကြီးသည် သဲပြင်ဖြစ်သော

ကြောင့် စိတ်နှလုံးမသာဖြစ်နေခိုက် ဤမြေသည် သာသနာပတ်လုံး တည်မည်သာဖြစ်ကြောင်းကို သိကြားမင်းက အိပ်မက်ပေးလေသည်။ ထိုအိပ်မက်အရ အနော်ရထာမင်းကြီးသည် သက္ကရာဇ် ၃၉၃ ခုနှစ်တွင် ရွှေစည်းခုံစေတီတော်ကြီးကို စတင်တည်သည်။ သိကြားမင်းက ကိုးကွယ်ရန် ပေးလိုက်သော မြဆင်းတုတော်ကိုလည်း ရွှေစည်းခုံစေတီတော်၌ ဌာပနာသည်။ ထိုနောက် သရေခေတ္တရာမြို့တွင် ဒွတ္တပေါင်မင်းကြီး တည်ထားတော်မူခဲ့သော စေတီတော်မှ မြတ်စွာဘုရား၏ သင်းကျစ်တော်ကို ပင့်ဆောင်၍ ရွှေစည်းခုံစေတီတော်ကြီး၏ ပစ္စယာသုံးဆင့် အထိဌိ၌ ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့သည်။

ထိုနောက် ဌာပနာတိုက်ကို ဆန်းကြယ်စွာ စီမံသည်။ မင်းကြီးသည် ရတနာပန်းတောင်းကို ကိုင်ဖက်ထားဟန်ပုံကို ရွှေစင်သွန်းထု၍ ဌာပနာကာ အတွင်းစေတီတော်ကို ထီးတော်တင်တော်မူသည်။ သို့ရာတွင် အနော်ရထာမင်းကြီးသည် လယ်တွင်း ကိုးခရိုင်မှအပြန် အောင်သာအရပ်တွင် ကျွဲရိုင်းကို နှိမ်နင်းရာမှ ကျွဲရိုင်းခတ်၍ နက်ရှာစံသောကြောင့် ရွှေစည်းခုံစေတီတော်ကြီးကို ပြီးစီးအောင် မတည်နိုင်ဘဲ ဖြစ်ခဲ့ရလေသည်။

ထို့နောက် ထီးလှိုင်ရှင် ကျန်စစ်မင်းကြီးသည် သက္ကရာဇ် ၄၄၆ ခုနှစ်တွင် ထီးနန်းဆက်ခံရာ ခမည်းတော်၏ကောင်းမှုတော်ဖြစ်သော ရွှေစည်းခုံစေတီတော်ကြီးကို ဆက်လက်မွမ်းမံတည်ပြန်လေသည်။ စေတီတော်ကြီးကို သက္ကရာဇ် ၄၅၂ ခုနှစ်၊ ကဆုန်

လပြည့်နေ့တွင် ရွှေထီးတင်၍ ပြီးစီးအောင်မြင်ခဲ့သည်။ စေတီတော်ကြီး၏ ဖိနပ်တော်မှာ သံတောင် ၃၀၀ ရှိပြီး ဉာဏ်တော်မှာ သံတောင် ၈၀ ရှိလေသည်။ ရွှေစည်းခုံ စေတီတော်ကြီးတွင် အတွင်း အံကိုးပါး၊ အပြင်အံကိုးပါး ရှိလေသည်။

အတွင်းအံ ကိုးပါး

(၁) ထီးတော်ကို ကြိုးမဆိုင်းရဘဲ မြဲမြံခြင်း။
(၂) စေတီတော်အရိပ် တံတိုင်းအပြင်သို့ မထွက်ခြင်း။
(၃) ဘုရားအထက်မှ ပစ်ချသော ရွှေလှောင်စက္ကူကို တံတိုင်း အပြင်သို့ မလွန်ခြင်း။
(၄) ပရိသတ် မည်မျှများပြားစေကာမူ မဟာရာဇ်တံတိုင်း အတွင်း၌ မပြည့်ကျပ်ခြင်း။
(၅) ပထမ သပိတ်တော်၌ ဆွမ်းမဦးနှိုင်ခြင်း။
(၆) စေတီတော် တစ်ဖက်မှ တီးသောစည်သံကို အခြား တစ်ဖက်မှ မကြားရခြင်း။
(၇) စေတီတော်ကို ရှိရင်းဉာဏ်တော်ထက် ပို၍မြင့်သည်ဟု ထင်ရခြင်း။
(၈) မဟာရာဇ်တံတိုင်း၌ မိုးရေမတင်ကျန်ခြင်း။
(၉) ခရေပင်တို့သည် တစ်ဆယ့်နှစ်လပတ်လုံး ပွင့်ခြင်း။

အပြင်အံကိုးပါး

(၁) ရေစီးနေဆဲ ဆင်ဖြူတော် ဝပ်သောအခါ သောင် ထွန်းဖြစ်ပေါ်ခြင်း။

(၂) သဲသောင်မြေကို ကျောက်မြေဖြစ်အောင် သိကြားမင်းက ဖန်ဆင်းခြင်း။

(၃) ရေသည် စေတီတော်ကို ဦးတိုက်ရစ်ဝဲ၍ စီးဆင်းရခြင်း။

(၄) ရှမ်းမင်းပယ်စား မဟာရာမ်တံတိုင်းမှာ ကျယ်ဝန်းခြင်း။

(၅) ဘုရားတည်စဉ် တူရွင်းတောင်မှ ကျောက်တို့ကို ထက်ဆင့်ကမ်းယူခြင်း။

(၆) ကျောက်သယ်သူတို့အား နေမပူစေရန် မန်ကျည်းပင်တို့ ချက်ချင်းပေါက်ခြင်း။

(၇) ကျောက်သယ်၍ ပြီးစီးသွားသောအခါ ထိုမန်ကျည်းပင်တို့ ချက်ချင်းကွယ်ပျောက်ခြင်း။

(၈) အရှေ့မျက်နှာ လှေကားဦးရှိ မှန်အတွင်း၌ စေတီတော်၏အရိပ်ထင်ခြင်း။

(၉) အဝေးက ဖူးမြင်ပါက စေတီတော်ကြီးကို ကုန်းမြင့်၌ တည်ထားသည်ဟု ထင်ရသော်လည်း အနီးသို့ ရောက်သောအခါ မြေပြန့်၌ တည်ထားသည်ကို တွေ့ရခြင်းတို့ဖြစ်သည်။

ဖော်ပြပါ စေတီတော်မြတ်ကြီးသို့ ရပ်ဝေးရပ်နီးမှ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်အပေါင်းတို့ ပုဂံမြေသို့ ရောက်ရှိပါက သွားရောက်ဖူးမြော် ကြည်ညိုနိုင်စေရန် ရေးသားဖော်ပြလိုက်ရပါသည်။

✧✧✧

ပုဂံ အာနန္ဒာစေတီတော်

ပုဂံ အာနန္ဒာစေတီတော်

ပုဂံမြေသို့ ဘုရားဖူးရန် ရောက်ထာသူတိုင်း မထွတ်တမ်း ဖူးမြော်ကြသည်မှာ ကျန်စစ်သားမင်းကြီး၏ ကောင်းမှုတော် ဖြစ်သော အာနန္ဒာစေတီတော်ကြီးပင်ဖြစ်ပါသည်။ ကြည်ညို သပ္ပာယ်ဖွယ် အကောင်းဆုံး အဆောက်အအုံလည်း ဖြစ်၍ အသပ်ရပ် အချိုးအဆက်လည်း အကျဆုံး ဂူဘုရားကို ပြပါဆိုလျှင် အာနန္ဒာစေတီတော်ကိုပင် ပြရမည်ဖြစ်ပေသည်။ အာနန္ဒာစေတီတော်ကြီး၏ သမိုင်းကြောင်းကား ဤသို့။

တစ်ရံရောအခါ ရဟန္တာအရှင်မြတ် ရှစ်ပါးသည် ဟိမဝန္တာဂန္ဓမာဒနတောင် နန္ဒမူလလိုဏ်မှ ကြွလာတော်မူလာ၍ ထီးလိုင်ရှင် ကျန်စစ်မင်းကြီး၏ နန်းတော်၌ ဆွမ်းခံရပ်တော်မူလေ၏။ မင်းကြီးသည် ထိုရဟန္တာရှစ်ပါးကို မြင်တော်မူ၍ "အရှင်ဘုရားတို့ အဘယ်အရပ်က ကြွလာတော်မူကြပါသနည်း" ဟု မေးလျှောက်လေ၏။ ထိုအခါ ရဟန္တာ အရှင်သူမြတ်တို့က "ဟိမဝန္တာဂန္ဓမာဒနတောင် နန္ဒမူလလိုဏ်မှ ကြွလာကြကုန်၏" ဟု မိန့်တော်မူကြကုန်၏။

ထိုအခါ ထီးလိုင်ရှင် ကျန်စစ်မင်းသားသည် အလွန် ဝမ်းမြောက်သည်ဖြစ်၍ နန်းတော်ထက်သို့ပင်ကာ ဆွမ်းလုပ်ကျွေးပြီးလျှင် ဤသို့လျှောက်ထားလေ၏။

"အရှင်ဘုရားတို့ ကြွလာတော်မူရာ၊ ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့၏ သီတင်းသုံးတော်မူရာ နန္ဒမူလလိုဏ်ပုံသဏ္ဌာန်ကို ဖန်ဆင်း၍ ပြတော်မူပါ" ဟု လျှောက်ထား တောင်းပန်လေ၏။ ရဟန္တာ အရှင်မြတ်တို့ကလည်း ဖန်ဆင်း၍ပြတော်မူလေ၏။

ထိုအခါ ထီးလိုင်ရှင် ကျန်စစ်မင်းကြီးသည် အားရဝမ်းသာ အလွန် ဝမ်းသာလှသည်ဖြစ်၍ "နန္ဒမူလလိုဏ်၏ ပုံသဏ္ဌာန် အတိုင်း ကောင်းမှုတော် တည်လုပ်လိုပါ၏၊ အရှင်ဘုရားများ ကလည်း စောင်မ ကူညီတော်မူပါ" ဟု လျှောက်ထားတော်မူ၍ သက္ကရာဇ် ၁၀၉၁ ခုနှစ်တွင် နန္ဒမူလလိုဏ်၏ ပုံသဏ္ဌာန်အတိုင်း ကောင်းမှုတော်ကို တည်ဆောက်တော်မူ၏။ ထိုကောင်းမှုတော်ကို "နန္ဒမူလ" ဟု သမုတ်တော်မူ၏။ ထိုလိုဏ်စေတီတော်ကြီးကို ယခုအခါ "ပုဂံ အာနန္ဒာစေတီတော်" ဟု ခေါ်ကြ၏။

"အာနန္ဒာ" ဆိုသော ဘွဲ့အမည်မှာ ဗုဒ္ဓရှင်တော်ဘုရား၏ အဆုံးအစမရှိသော ရွှေညာဏ်တော် (အနန္တညာဏ) ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ထိုအခါ အနန္တ ဆိုသော စကားလုံးမှ ဗုဒ္ဓရှင်တော်ဘုရား၏ ညီတော် အာနန္ဒာ၏ အမည်သို့ နောင်သောအခါ ပြောင်းလဲ ခေါ်တွင်လာကြခြင်းဖြစ်ပါသည်။

ပုဂံ အာနန္ဒာစေတီတော်မြတ်ကြီးသည် ကြည်ညိုသဟာယ ဖွယ် ကောင်း၍ အချိုးအဆက် အကျဆုံးသော ဂူစေတီကြီးဖြစ် လေရာ စေတီတော်ကြီး၏ ဂုဏ်သတင်းသည် ပြည်တွင်းတွင် သာမက ပြည်ပသို့တိုင် ကျော်ကြားလျက်ရှိသဖြင့် ပုဂံ အာနန္ဒာ စေတီတော်မြတ်ကြီးဆီသို့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် များ၊ ဘုရားဖူး သုတေသီများစွာတို့ဖြင့် စည်ကားလျက် ရှိနေ ပေသည်။

ပုဂံ အာနန္ဒာ စေတီတော်ကြီးတွင် အံ့ဖွယ် ဗုဒ္ဓဝင် ကျောက်ဆစ်ရုပ်ကြွများကိုလည်း တွေ့မြင်နိုင်သည်။ ဗုဒ္ဓဝင် ကျောက်ဆစ်ရုပ်ကြွများ အချပ်ရေ ၈၀ ကို ဖတ်ရသဖြင့် ဗုဒ္ဓဝင် စာအုပ်ကြီး တစ်အုပ်လုံး ဖတ်ရပြီးသား ဖြစ်သွားတော့သည်။ တစ်ခုသော ကျောက်ဆစ်ရုပ်ကြွပုံတော်ကား ဤသို့။

ဗုဒ္ဓဝင် ပုံပြနံပါတ် (၈၀) သည် သုံးလောကထွတ်ထား မြတ်စွာဘုရားအဖြစ် ထင်ရှား ပွင့်တော်မူခန်း ဖြစ်ပါသည်။ မာရ်နတ်၏ရန်ကို နေမဝင်မီ အောင်မြင်တော်မူ၍ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ် ရတော်မူ၍ မိုးသောက်ယံ၌ စုတူပဋ္ဌာန်ကို ဝင်စားတော်မူ၍ ဝိပဿနာကို ပွားသည်တွင် အဝိဇ္ဇာ၏ အစွမ်းဖြစ်သော အာသဝေါတရား လေးပါးတို့၏ ကုန်ခန်းရာဖြစ်သော အသဝက္ခယဉာဏ်တော်ကို ရတော်မူ၍ ထိုဉာဏ်တော်ဖြင့် ကိလေသာအပေါင်းကို ထောင်း ထောင်း ပိုင်းဖြတ်လျက် အဆုံးသို့ အလုံးစုံသောတရားကို အကြွင်း

မရှိ သိမြင်တော်မူသော သဗ္ဗညုတညာဏ်တော်ကို ရတော်မူပြီး မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ "ဘုရား" အဖြစ်သို့ ရောက်တော်မူသည့်ဟန်ကို ကျောက်ဆစ်ရုပ်ကြွပုံတော်များဖြင့် ဖော်ညွှန်းထားပါသည်။

အာနန္ဒာစေတီတော်ကြီးတွင် တစ်ထစ်ပြီးတစ်ထစ် ရစ်၍ တက်သွားသော ပြာသာဒ်ဆောင်များရှိပြီး စုလစ်မွမ်းချွန်များ၊ စိန်တန်းများ၊ ပန်းတောင်များဖြင့် တန်ဆာဆင်ထားလေသည်။ ထောင့်လေးဘက်တိုင်၌ကား တစ်ဆင့်တက်သွားတိုင်း မနုဿီဟာခြသေ့ရုပ်တုတစ်ခုစီကို အစောင့်သဖွယ် ထုထုပ်ထားရှိလေသည်။ ထိုပြာသာဒ်ဆင့်များ၏ အထက်တွင်မှာ ကွမ်းတောင် ရှိပြီး ကွမ်းတောင်အထက်၌ ငှက်ပျောဖူးနှင့် ထီးတော်ကို တည်ထားကိုးကွယ်ခဲ့လေသည်။ မြေပြင်ပေါ်မှ ထီးတော် ထိပ်ပိုင်းအထိ ဉာဏ်တော်အမြင့် ၁၆၈ ပေ ရှိပါသည်။

စေတီတော်ကြီး၏ မုခ်ပေါက်များနှင့်တည့်တည့် အတွင်းဘက်ပိုင်းတွင် ဉာဏ်တော်ပေ ၃၀ ရှိသော မတ်ရပ်ရပ်ပွားတော်လေးဆူကို ဖူးမြော်နိုင်ပါသည်။ ယင်းရုပ်ပွားတော်များကား ပွင့်တော်မူပြီးသော ဘုရားလေးဆူကို ရည်စူးလျက် သရက္ခန်ဖြင့် ထုလုပ်ကိုးကွယ်ခဲ့လေသည်။ မြောက်ဘက်မုခ်အတွင်းမှ ရုပ်ပွားတော်မှာ ကောက္စာသံဘုရား၊ အရှေ့ဘက် ရုပ်ပွားတော်မှာ ကောဏာဂုဏ်ဘုရား၊ တောင်ဘက် ရုပ်ပွားတော်မှာ ကဿပဘုရား၊ အနောက်ဘက် ရုပ်ပွားတော်မှာ ဂေါတမဘုရားတို့ ဖြစ်ကြသည်။

တောင်ဘက်နှင့် မြောက်ဘက်မုခ်များရှိ ရုပ်ပွားတော်များမှာ မူလ အာနန္ဒာစေတီ တည်တော်မူစဉ်ကပင် ရှိခဲ့သောဘုရားများ ဖြစ်သော်လည်း အရှေ့နှင့် အနောက်ဘက် ရုပ်ပွားတော်များမှာမူကား မူလရုပ်ပွားတော်များ တဖောဖောတ် လောင်ကျွမ်းခဲ့သဖြင့် သက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် မန္တလေး ရတနာပုံမြို့နန်းတည် ပဋ္ဌမ သင်္ဂါယနာတင် မင်းတရားကြီးက စံကားသစ်ဖြင့် အသစ်တစ်ဖန် ပြုပြင်တည်ဆောက်ထားခဲ့လေသည်။

ပုဂံမြို့၏ အရှေ့ဘက် သရပါတံခါးအနီးတွင် ကိန်းဝပ်တည်ရှိသည့် အာနန္ဒာ စေတီတော်မြတ်ကြီးအား ဆရာဦးမြတ်သွင် ရေးသားသော အာနန္ဒာဘုရားဘွဲ့ဖြင့် ပူဇော်ကန်တော့အပ်ပေသတည်း။

- ဂန္ဓမာဒန၊ လိုဏ်ဝန္ဒမူ၊ ပုံစံတူ၊ ထင်ရှုအဆင့်ဆင့်။
- ဗုဒ္ဓဝံသ၊ ရုပ်လုံးကြွနှင့်၊ ငါးရာငါးဆယ်၊ ရုပ်လုံးခြယ်၊ နှတ်နွယ်ဖန်ရော့ထင့်။
- စေတီ တစ်သောင်း၊ မုခ်ပေါင်း တစ်ထောင်၊ လမ်းသုံးမြောင်၊ မြင့်ခေါင်မိုးစွင့်စွင့်။
- ထီးလိုင်အရှင်၊ ဘုရင်ကောင်းမှု၊ တည်ထားပြု၊ သာဓုကောင်းချီးတင့်။

- သိကြားဒေဝ၊ လောကပါလာ၊ တည်ဆောက်လာ၊ ရဟန္တာကူပင့်ပင့်။
- ထိုဏ်အာနန္ဒာ၊ တေဇာဝုမ်းသီး၊ ခြောက်ရောင်ပြီး၊ ရေမီးအစုံပွင့်။

✧✧✧

အလောင်းမင်းတရားကြီးနှင့်
ရွှေချက်သို့စေတီတော်

အလောင်းမင်းတရားကြီးနှင့်
ရွှေချက်သိုဇေတီတော်

စာရေးသူ စီးနင်းထိုက်ပါထာသော မော်တော်ယာဉ်သည် 'ရန်ကြီးအောင် ကုန်းဘောင်ခ ငါးမည်ရ ပြည်ရွှေဘို" ဟု အမည်ဘွင်သော အလောင်းမင်းတရားကြီး၏ မွေးရပ်မြေဖြစ်သော ရွှေဘိုမြို့သို့ ဦးတည်မောင်းနှင်နေရာ မြို့တွင်းသို့ ဝင်ရောက်လာသည်။

ကားလမ်းဘေး ဝဲယာတွင် တိုက်တာအိမ်ခြေများနှင့် လမ်းမကြီးတစ်လျှောက် ကားကြီးကားငယ်၊ မြင်းလှည်း၊ စက်ဘီးစသည်တို့ဖြင့် သွားလာလှုပ်ရှားနေသည်မှာ စည်ကားဖွံ့ဖြိုးသော မြို့ကြီးတစ်မြို့ဖြစ်ကြောင်း သိရှိနိုင်ပါသည်။ "ဥဩအော်မြည် ကုန်းဘောင်တည်" ဟူသော ဆောင်ပုဒ်အရ သက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် ဦးအောင်ဇေယျသည် အလောင်းမင်းတရားဘွဲ့ကို ခံယူကာ ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်လေသည်။ မုဆိုးဘိုရွာကို ရွှေဘိုဟု သမုတ်ကာ မြို့နန်းတည်လေသည်။

အလောင်းမင်းတရားကြီးသည် ဧရာဝတီနှင့် ချင်းတွင်းမြစ် နှစ်သွယ်အကြား ဒေသများကို အခိုင်အမာ စုစည်းပြီးနောက် အင်းဝကို တိုက်ခိုက်အောင်မြင်သည်။ ထို့နောက်တွင် ပြည်၊ လွန်ဆေး၊ ဒဂုံမြို့နှင့် သန်လျင်မြို့များကို သိမ်းပိုက်နိုင်ခဲ့သည်။ သန်လျင်မြို့ကို သိမ်းပိုက်ခဲ့ပြီးနောက် ဟံသာဝတီကို အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့လေသည်။ လွန်ဆေးမြို့ကို "မြန်အောင်" ဟူ၍လည်းကောင်း၊ ဒဂုံမြို့ကို "ရန်ကုန်" ဟူ၍လည်းကောင်း သမုတ်ခဲ့လေသည်။

အလောင်းမင်းတရားကြီးသည် ဤသို့ဖြင့် မြန်မာနိုင်ငံတော်ကြီးကို တစုတစည်းတည်းဖြစ်အောင် ပြန်လည်စည်းရုံးတည်ထောင်နိုင်ခဲ့ပေရာ -

"ရန်ကြီးအောင်၊ ကုန်းဘောင်ခ
ငါးမည်ရ ပြည်ရွှေဘို
ဘေးရန်ကပြို
မုဆိုးဖို ရန်ပြုတဲ့ နာသီယံ
ဘိုးတော်ဒေသ"

ဟူသော်တေးကို စာရေးသူ၏နှုတ်ဖျားက သီဆိုလိုက်မိပါသည်။

စာရေးသူ စီးလာသော မော်တော်ယာဉ်သည် လမ်းခွဲတစ်နေရာသို့ ဝင်ရောက်ပြီး စေတီအဆောက်အအုံကြီးတစ်ခုရှေ့တွင် ထိုးရပ်လိုက်သည်။ ယင်းစေတီကြီးမှာ ရတနာသီယံရွှေဘုံမြို့တွင် ကိန်းဝပ် စံပယ်တော်မူသော "ရွှေချက်သို"

စေတီတော်မြတ်ကြီး ဖြစ်ပေသည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ရန်အပေါင်းကို နှိမ်နင်း၍ နိုင်ငံတော်ကို စည်းရုံးထူထောင်ပြီးသောအခါ မြို့တော်တည်ရန် သင့်မြတ်သော နေရာဌာနကို ပညာရှိအမတ်တို့အား မေးတော်မူသော အခါ မှူးတော်မတ်တော် ပညာရှိတို့က အလောင်းမင်းတရား ဖွားမြင်တော်မူ၍ ရွှေချက်သိုရာ မုဆိုးဘိုမြို့၌သာ မြို့တော်တည်သင့်ကြောင်း လျှောက်တင်ကြလေသည်။

ထို့ကြောင့် သက္ကရာဇ် ၁၁၁၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၆ ရက်နေ့တွင် ရွှေအုတ်၊ ငွေအုတ်၊ မိုးကြိုးအုတ်၊ ကြေးအုတ်၊ ကြေးနီအုတ်၊ သံအုတ်၊ မြေအုတ် စသည်တို့ဖြင့် မြို့တော်ကိုလည်းကောင်း၊ နန်းတော်ကိုလည်းကောင်း၊ ကျုံးတော်ကိုလည်းကောင်း၊ မဟာနန္ဒာကန်တော်ကိုလည်းကောင်း၊ ရွှေချက်သိုရာ၌ စေတီတော်ကိုလည်းကောင်း၊ နတ်ကွန်းကိုလည်းကောင်း၊ ဗဟိုရိစင်ကိုလည်းကောင်း စသည့် ခုနစ်ဌာနကို တစ်ပြိုင်တည်း နေ့နံသင့်သော မင်းသား၊ မှူးမတ်၊ ပုဏ္ဏားပညာရှိ၊ သူဌေး၊ ဗိသုကာ စသည်တို့နှင့် မြေစံနစ်၍ တည်တော်မူလေ၏။

သက္ကရာဇ် ၁၁၁၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့တွင် အလောင်းမင်းတရားကြီးသည် ရတနာသိဃ်ရွှေနန်းတော်ကို သိမ်းပိုက်တော်မူပြီး တန်ဆောင်မုန်းလပြည့်နေ့တွင် ရွှေချက်သိုစေတီတော်ကို ရွှေထီးအထွဋ်တင်တော်မူလေသည်။

ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ နဝရတ်ပေါက်ပေါက် စသည်တို့ဖြင့် ပူဇော်၍ ခုနစ်ရက်တိုင်တိုင် သဘင်ကျင်းပ၍ အလှူကြီး ပေးလှူတော်မူ၏။ ထို့ပြင် စေတီတော် တည်ဆောက်ကြသည့် အကြီး၊ အကြပ်၊ ပန်းရံ၊ ပန်းတော့၊ ပန်းတမော့၊ ပန်းပဲ၊ ရွှေသစ္စေးသမား တို့ကို ထိုက်သင့်ရာ ချီးမြှောက်တော်မူ၏။

စေတီ တည်ရာ အရပ်မှာ အလောင်းမင်းတရား၏ မယ်တော်၊ ခမည်းတော် စံနေတော်မူသော မင်္ဂလာအိမ်တော်ရာ မြတ်ဖြစ်၍ အလောင်းမင်းတရားကြီး ဖွားမြင်ရာ ချက်မြုပ်နေရာ ဖြစ်သည့်အတိုင်း ရွှေချက်သို စေတီတော်ဟု သမုတ်တော်မူခဲ့လေသည်။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ဇာတိ ချက်ကြွေ မွေးရပ်မြေ၏ အထိမ်းအမှတ်အဖြစ် တည်ထားသော ဤစေတီတော်ကြီးသည် ဉာဏ်တော် ၆၉ တောင်ရှိသောကြောင့် သူ့ခေတ်သူ့အခါကဆိုလျှင် ရွှေဘိုမြို့၏ အမြင့်မား‌ဆုံး စေတီတော်ကြီး ဖြစ်ဖွယ်ရှိပေသည်။ ယနေ့အချိန်အခါတွင် ရွှေဘိုမြို့ ရွှေချက်သို စေတီတော်ကို ဖူးမြော်ရန် သွားရောက်ပါလျှင် အလောင်းမင်းတရားကြီး တစ်နေ့တည်း တည်ဆောက်ခဲ့သော ခုနစ်ဌာနအနက်မှ နှစ်ဌာနကို တစနေရာတည်း လှည့်လာနိုင်သည်။ ၄င်းနှစ်ဌာနတို့မှာ (၁) ရွှေချက်သိုစေတီတော်နှင့် (၂) ဗဟိုရ်ခေါင်းလောင်းတော်တို့ဖြစ်ကြပါသည်။

ဗဟိုရ်ခေါင်းလောင်းတော်မှာ ရွှေချက်သို စေတီတော်၏ အရှေ့တောင်ယွန်းယွန်း၌ ရှိသော “စည်တော်စင်” ဟု

ကျောက်ပြားကပ်ထားသော စင်မြင့်ကြီးပေါ်သို့ တက်ရောက်သွားလျှင် တွေ့ရပါသည်။ မြို့နန်းတည်စဉ်းက အချိန်နာရီကို လျှောက်ကြားရန် ဗဟိုရ်စင်တစ်ဌာန ထည့်သွင်းတည်လုပ်ခဲ့၍ ယင်းဗဟိုရ်စင်မြင့်ကြီးပေါ်၌ ဤဗဟိုရ်ခေါင်းလောင်းကြီးသည် ဗဟိုရ်စည်ကြီးနှင့်အတူ တွဲလျက်တည်ရှိခဲ့လေသည်။ အလောင်းမင်းတရားကြီး၊ နောင်တော်ကြီးမင်းနှင့် ဆင်ဖြူရှင်မင်းလဲ့က်ထက်အထိ မင်းသုံးဆက်တိုင်တိုင် အချိန်လျှောက်ကြားရာ ဗဟိုရ် ခေါင်းလောင်းတော် ဖြစ်ခဲ့ပါသည်။ ယင်းဗဟိုရ် ခေါင်းလောင်းတော်၏ အတိုင်းအတာမှာ အစောက် သုံးပေ သုံးလက်မ၊ လုံးပတ် ခြောက်ပေ ၁၁ လက်မနှင့် ထု သုံးလက်မ တိတိရှိသည်။

ထိုခေါင်းလောင်းတော်ကြီးကို လက်ခတ်တုတ်ဖြင့် အချက်နှစ်ချက် ထိုးနှက်ကြည့်လျှင် တစ်မူထူးခြားသော ,စည်ပင်ကြည်လွင်သည့် အသံကို ဝေဝေစီစီ ကြားရပါသည်။ အလောင်းမင်းတရားကြီး ဘုန်းတောက်စဉ် သွန်းလုပ်သော ခေါင်းလောင်းများအနက်မှ သာယာနာပျော်ဖွယ် အသံအကောင်းဆုံးဖြစ်သောကြောင့်သာလျှင် ဗဟိုရ် ခေါင်းလောင်းတော်ကြီး ဖြစ်ခဲ့ခြင်းပေတည်း။

ကုန်းဘောင်မင်းဆက် တတိယ ဆင်ဖြူရှင်မင်းတရားကြီးသည် သက္ကရာဇ် ၁၁၂၅ ခုနှစ်တွင် နန်းတက်ပြီး များမကြာမီ အင်းဝ မြို့တော်သို့ ထီးနန်း ပြောင်းရွှေ့သောအခါ ဤ

ခေါင်းလောင်းတော်ကြီးကို အလောင်းမင်းတရားကြီး၏ မိဖုရား ခေါင်ကြီးက ဗဟိုရံစင်မှဖြုတ်ပြီး ရွှေချက်သိုစေတီတော်တွင် လှူဒါန်းချိတ်ဆွဲထားခြင်းဖြစ်ကြောင်း သိရပါသည်။ ယခု ရွှေချက်သိုစေတီတော်အတွင်းရှိ ခေါင်းလောင်းတော်ကြီး ချိတ်ဆွဲ ထားရာ ဗဟိုရံခေါင်းလောင်း စင်မြင့်ကြီးမှာ အုတ်ဖြင့် ဆောက်လုပ်ထား၍ လေ့ကားထစ်ပေါင်း ၄၀ တိတိ ရှိပါသည်။ ရွှေဘိုမြို့နေ ရွှေကုန်သည် ဦးဘထူး ဇနီးမောင်နှံနှင့် နှမများ တစ်စုက ယင်းဗဟိုရံစင်ကြီးကို လှူဒါန်းထားခြင်းဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

✧✧✧

ကျောက်တော်မြို့နယ် သရက်ပင်ရွာ
မဟာမုနီ ရုပ်ပွားတော်

အချိန်ကား ၁၃၄၈ ခုနှစ်၊ ဆောင်းနှောင်းကာလဖြစ်သည်။ ကျွန်တော်သည် ကျောက်တော်မြို့နယ်သို့ နှိုင်ငံ့တာဝန်ဖြင့် သွားရောက်ရသည်။

စစ်တွေသို့ ပထမသွားရသည်။ စစ်တွေမှ တစ်ဆင့် ခရီးဆက်ရ၏။

စစ်တွေ ဆတ်ရိုးကျ ချောင်းအတွင်းမှ စထွက်စဉ်က အမှောင်ထု မကွဲသေဝ်လည်း ကုလားတန်မြစ်ရေပြင်ပေါ်တွင် ကျွန်တော်တို့ မော်တော်ကလေးလျှပ်တိုက်ပြေး၍ မကြာခင်မှာပင် ကုလားတန်မြစ် မြစ်ရိုးတစ်လျှောက်မှ အလှပဒေသာသည် ပီပြင်စွာ ထွက်ပေါ်၍ လာခဲ့သည်။ ရေယာဉ်သည် မမောနိုင် မပန်းနိုင်သည့်အလား ကုလားတန် ရေအလျဉ်ကို ဆန်ကာလျင်မြန်သော အဟုန်ဖြင့် ကျောက်တော်မြို့ဆီသို့ ဦးတည်ပြေးနေပါ၏။

ကျွန်တော်သည် စစ်တွေမှ အတူပါလာခဲ့သော ခရီးဖော် ကျောက်တော်သား‌တို့အား ကျောက်တော်မြို့နယ် အကြောင်းကို စနည်းနာမိပါသည်။ ကျောက်တော်မြို့နယ်အကြောင်းကို စနည်းနာမိခဲ့ရာမှ ကျောက်တော်မြို့နယ် သရက်ပင်ရွာရှိ မဟာမုနီ ရုပ်ပွား‌တော်မြတ် အကြောင်းကိုပါ သိရှိလာရပါသည်။ ကျောက်တော်မြို့သို့ရောက်၍ ကိစ္စများ ပြီးစီးလျှင် ထိုမဟာမုနီရုပ်ပွား‌တော်မြတ်ဆီသို့ ရောက်အောင်သွား‌မည်ဟု စိတ်ဆုံးဖြတ်ထား‌ပြီး‌သား ဖြစ်နေပါတော့သည်။

ကုလား‌တန်မြစ်သည် အဖျား‌သို့ရောက်သည်နှင့် တိမ်သဏ္ဌက် တမလတ်သည်။ ကျွန်တော်တို့ ရေယာဉ်ပင် သောင်ကုန်ရောင်၍ ခုတ်နေရသည်။ အနောက်ဘက်တောင်တန်း‌များဆီ၌ နေမင်း‌ကြီး‌သည် မေး‌မတင့်တတင် အချိန်ကလေး‌တွင် ကျွန်တော်တို့ ရေယာဉ်သည် ကျောက်တော်မြို့ ဆိပ်ကမ်း‌သို့ မေး‌တင်ထိုက်တော့သည်။ ကမ်း‌ပေါ်သို့ ရောက်သည်နှင့် ကျွန်တော်တို့ တည်း‌ခိုရမည့် ဧည့်ရိပ်သာကို လှမ်း‌မြင်နေရသည်။ ဤမှာပင် ကျွန်တော်တို့ တည်း‌ခိုကြရသည်။

နောက်မနက်တွင် ကျွန်တော်တို့သည် အထက်မှ ပေး‌လိုက်သော နိုင်ငံ့တာဝန်များ‌ကို ပြီး‌စီး‌အောင် ဆောင်ရွက်ပါသည်။ လုပ်ငန်း‌တာဝန်များ ပြီး‌ဆုံး‌သွား‌သောအခါ ကျောက်တော်မြို့သရက်ပင်ရွာတွင် ကိန်း‌ဝပ်တော်မူသော မဟာမုနီရုပ်ပွား‌တော်မြတ်သို့ ကျောက်တော်မြို့နေ ဆီစက်ပိုင်ရှင် ဦး‌ကျော်လှက

ထိုက်ပို့သည်။ သရက်ပင်ရွာသည် ကျောက်တော်မြို့၏ အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး မဟာမုနီ ရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်တော်မူသောနေရာမှာ သရက်ပင်ရွာ၏အရှေ့ဘက် ငါးမိုင်ခန့် ကွာဝေးပါသည်။ လူနေအရောက်အပေါက် နည်းပါးသောနေရာဖြစ်သည်။ ထိုနေရာကို ရှေးဟောင်းသုတေသနဌာနမှ အကုန်အကျခံကာ ထိန်းသိမ်း ပြုပြင် မွမ်းမံ စောင့်ရောက်ထားရှိသည်။

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် သရက်ပင်ရွာရှိ မဟာမုနိရုပ်ပွားတော်မြတ်၏ ကြည်ညိုဖွယ်ရာမျက်နှာတော်ကို ဖူးမြော်ရသည်မှာ အားရတင်းတိမ်မှုမရှိ ရင်ထဲတွင် အေးချမ်းမှုကို ထိတွေ့ခံစားရပါသည်။

မဟာမုနီ ရုပ်ပွားတော်မြတ်၏ သမိုင်းကြောင်းနှင့် ပတ်သက်၍ ရခိုင် နန်းတွင်းအဆက်အနွယ် တိုင်းရင်းသား ရခိုင်အမျိုးသားများထံမှ နှုတ်ဖြင့်ပြောဆိုချက်ကို မှတ်တမ်းပြု ရေးသားဖော်ပြအပ်ပါသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား ရခိုင်ပြည် (ဓညဝတီ) သို့ ဒေသစာရီ ကြွချီတော်မူခိုက် သင်္ကာရာဇ် ၁၂၃ ခုနှစ် တပို့တွဲ လပြည့်နေ့တွင် ဓညဝတီ ရခိုင်ပြည့်ရှင် စန္ဒသူရိယမင်း၏ လျှောက်ထားချက်အရ မဟာမုနိရုပ်ပွားတော် လေးဆူကို ရင်ငွေ့တော်လုံ၍ ကိုယ်စားအဖြစ် ထားတော်မူခဲ့သည်။

ထိုစဉ်က ရုပ်ပွားတော်မြတ်များသည် စကားပြောတော်မူ၍ ဖူးမြင်ရန်လာရောက်သူတို့က ကျွဲပျောက်၊ နွားပျောက်မှ အစ

မေးလျှောက်ကြသဖြင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားက စကားမပြော နှင့်ဟု မိန့်တော်မူသည့် အချိန်မှစ၍ စကားမပြောတော့ဘဲ ရှိသည်ဟု ဆိုသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား ရင်ငွေ့တော်ထွဏ်၍ ကိုယ်စားတော်အဖြစ် ထားတော်မူခဲ့သော ရုပ်ပွားတော် လေးဆူမှာ-

၁။ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် သရက်ပင်ရွာတွင် တစ်ဆူ၊

၂။ ရခိုင်ပြည်နယ် ဝေသာလီမြို့ဟောင်းတွင် တစ်ဆူ၊

၃။ မန္တလေးမြို့တွင် မဟာမြတ်မုနိ တစ်ဆူ၊

၄။ ဇလွန်မြို့တွင် မာရ်အောင်မြင် ပြည်တော်ပြန်တစ်ဆူ တို့ ဖြစ်ကြသည်။

ယခု ဖော်ပြပါ သရက်ပင်ရွာတွင် ကိန်းဝပ်တော်မူသည့် မဟာမုနိရုပ်ပွားတော်မြတ်သည် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီး၌ ရုပ်ပွားတော်မြတ်၏ နဖူးတော်မှစ၍ မျက်နှာတော်တစ်ခုလုံး အစဉ်မပြတ် ချွေးများ ထွက်တော်မူခဲ့သည်ဟု ဆိုသည်။

ကျွန်တော်တို့သည် ပါထာသော အမွေးတိုင်၊ ဖယောင်းတိုင် တို့ဖြင့် ဆီမီးများ ပူဇော်ကြပါသည်။ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော် အပေါင်းကို အောက်မေ့ဆင်ခြင်ကာ ကြုံတောင့်ကြုံခဲ့ မဟာမုနိ ရုပ်ပွားတော်မြတ်ကြီးကို ကြည်ညိုသဒ္ဓါပွားခဲ့ရပါသည်။

✧✧✧

ဇလွန်မြို့ ပြည်တော်ပြန်ဘုရားသို့ တစ်ခေါက်

ယခုနှစ်ဦးပိုင်းလောက်က စာရေးသူ၏ အစ်ကိုတော်စပ်သူ နှင့်အတူ ပြည်တော်ပြန်ဘုရားကြီးရှိရာ ဇရာဝတီတိုင်း ဇလွန်မြို့သို့ ခြေရာဆန့်ခဲ့သည်။ ဇလွန်မြို့သို့ ရောက်လျှင်ပင် ပြည်တော်ပြန်ဘုရားကြီးကို ဖူးတွေ့ရခြင်းသည် ဇလွန်မြို့သို့ အစ်ကိုနှင့်အတူ ခရီးထွက်ရခြင်း၏ အမြတ်တရားတစ်ခုပင် ဖြစ်ချေသည်။

ပြည်တော်ပြန်မြတ်စွာဘုရား၏ စမ္မခဏ်ဂါထာတော်ကို ရွတ်ခဲ့ရသည်မှာ ကြာပါပြီ။ ဘုရားကြီး၏ သမိုင်းအကြောင်း အစုံအလင်ကိုမူ ဇလွန်ရောက်မှ ဇလွန်မြို့သား ဦးဌေးမောင်၊ ဒေါ်တင်ဌေးတို့၏ ကျေးဇူးကြောင့် သိခဲ့ရသော အကျိုးကား မြတ်လှပါပေသည်။

ရပ်ရှင်တော်မြတ်ကြီးကို ဖူးမြော်ရစဉ် ရင်ထဲ၌ အမျိုးမျိုး ခံစားရပေသည်။ အင်္ဂလိပ်စစ်တပ်က အမြောက်ဆန်လုပ်ရန် ပင့်ဆောင်သွားပြီး အကြိမ်ကြိမ် ကျိုးချက်မီးမြိုက်ခြင်း ခံရရှာပါကလား။ ကျိုးချက်၏ မရမ အမိမြန်မာနိုင်ငံသို့ နောက်ဆုံး

ပြည်တော်ပြန်ရရှာသည်။ ဝိတိုရိယ ဘုရင်မကြီး ခေါင်းခဲနာ စွဲကပ်စဉ် အိပ်မက်အရ ဂိုဒေါင်ထဲ၌ ပစ်ထားသော ဤရုပ်ပွား တော်ကြီးကို အမြန်ဆုံး ပြန်ပို့စေရသည် စသည်ဖြင့် သင်းကျစ် တော်ပေါ်မှ ဂါထာများ၊ လက်ဝဲ-လက်ယာ ပခုံးတော်ပေါ်မှ ဂါထာတော်များကိုပါ စာရေးသူ စိတ်ဝင်စားလာရသည်။

စမ္မခဏ်တွင် ရေးသားထားသော ဂါထာသာမက အားထုံး ကို ကျက်နိုင်လျှင် ကောင်းလှပေသည်။ ပြည်တော်ပြန် ဘုရားကြီး ၏ သမိုင်းအကျယ်ကိုကား စာဖတ်ပရိသတ်တို့အား အသိပေးချင် ထုပါသည်။ ဘုရားကြီး၏ တန်ခိုးတော်ကိုလည်း ပိုမိုယုံကြည် သဒ္ဓါ ပွားစေချင်ပါသည်။ မဟာမြတ်မုနိ ရုပ်ပွားတော်ကြီးနှင့် တစ်ပါတည်း သွန်းလုပ်ခဲ့သော ဘုရားဖြစ်သည်ကိုလည်း သိစေ လိုလှပါသည်။

ဓညဝတီ ရခိုင်ပြည် ဘုရင် စန္ဒသူရိယ မင်းကြီးသည် မြတ်စွာဘုရားသခင်နှင့် အတိတ်ဘဝလေးဆယ်ပတ်လုံးရင်းနှီး ခဲ့ဖူးသည့်အလျောက် ဘုရားရှင်အား ပင့်ဖိတ်လျှောက်ထားသည့် အတွက် ညီတော်အာနန္ဒာနှင့် ရဟန္တာငါးရာ ခြံရံလျက် ကြွချီ လာတော်မူလေသည်။ ဗုဒ္ဓမြတ်စွာသည် မင်းနှင့်တကွ ပြည်သူ ပြည်သားများအား သုံးလတိုင်တိုင် တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူပြီးနောက် ပြန်ကြွမည်အပြုတွင် ဘုရားရှင် ကိုယ်စား နိမ္မိတရုပ်ပွား ချိုးမြှင့်တော်မူရန် လျှောက်ထားသည့် အတွက် ဗြဟ္မာ၊ သိကြား၊ နတ်များ ကူညီကာ ပုံသဏ္ဌာန်တော်နှင့်

တူအောင် သွန်းကြလေသည်။ ထိုအခါ ဦးခေါင်းတော်မှာ မစေ့စပ်ဘဲ ကွဲကွာနေသည်ကို ဘုရားမြတ်စွာက ခုနစ်ခါ လက်တော်ဖြင့် သပ်မှ ဆက်စပ်မိလေသည်။ ရုပ်ပွားတော်ကိုလည်း ရင်ဋ္ဌေတော်ဖြင့် ခုနစ်ကြိမ်တိုင်တိုင် သွင်းတော်မူလေသည်။ ထိုစဉ်က ဘုရားလေးဆူ ထုထုပ်သွန်းထောင်းခဲ့ရာ ပထမ မဟာမြတ်မုနိ၊ ဒုတိယ ရှင်တော်မုနိ၊ တတိယ ရွှေဘုံသာမုနိ၊ စတုတ္ထ မာရ်အောင်မြင်မုနိ ဟူ၍ ထင်ရှားခဲ့လေသည်။

မာရ်အောင်မြင်ဘုရားသည် ယခု ဇလွန်မှ ပြည်တော်ပြန် ဘုရားကြီး ဖြစ်သည်။ မဟာမြတ်မုနိဘုရား၏ လက်ယာတော်ရံ ဖြစ်ပြီး အချိန်မှာ ၆၆၆ ပိသာနှင့် ၆ ကျပ်သား ရှိသည်။ စန္ဒသူရိယမင်းကြီး ကိုးကွယ်ခဲ့ပြီးနောက် သက္ကရာဇ် ၁၁၄၆ ခုနှစ် တပေါင်းလတွင် ဆင်ဖြူများရှင် ဘိုးတော်မင်းတရားကြီး၏ သားတော် အိမ်ရှေ့ ဥပရာဇာ သီဟသူရ မင်းသားသည် ရခိုင်ပြည်ကို သိမ်းပိုက်၍ မဟာမြတ်မုနိ၊ ရွှေဘုံသာမုနိနှင့် မာရ်အောင်မြင်မုနိ ဘုရားသုံးဆူကို တောင်ကုတ်လမ်းမှ အမရပူရသို့ ပင်ဆောင်တော်မူခဲ့သည်။ ဓညဝတီပြည်သူတို့၏ လျှောက်ထားချက်အရ ရွှေဘုံသာမုနိကို ပြည်မြို့ အနောက်ဘက်ကမ်း၌ တည်ထားတော်မူခဲ့လေသည်။

မာရ်အောင်မြင် ဆင်းတုတော်ကြီးကို အမရပူရ နန်းတော်ဦး ရွှေကျောင်းတော်ကြီးတွင် ဘိုးတော်မင်းတရားကြီး လက်ထက်မှစ၍ ပုဂံမင်းအထိ တည်ထားကိုးကွယ်တော်မူခဲ့သဖြင့် နန်းဦး

ဘုရား ဟူ၍လည်း ခေါ်တွင်စေပါသည်။ သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် ပုဂံမင်း မိဖုရားကြီး၏ မောင်တော်စပ်သူ ဇလွန်မြို့သား ဦးရွှေပွင့်သည် ကြေးဆင်းတုတော်တစ်ဆူ ထုထုပ်ရန် အမရပူရသို့ ရောက်ခဲ့သည်။ တိုင်းပြည် အခြေအနေအရ မာရ်အောင်မြင်ဘုရားကိုသာ အစားထိုး၍ ခေတ္တပူဇော်ခွင့်ပြုရန် ပန်ကြားလေ၏။ အသစ်တစ်ဆူ မသွန်းလုပ်နိုင်မီပင် ဖြစ်သော်လည်း အသစ်ရုပ်ပွားတော်ကြီး ပြီးသည့်အခါတွင် လမ်းပန်းမသာသဖြင့် အမရပူရသို့ ပြန်မပို့နိုင်ဘဲ ဇလွန်မြို့၌ပင် အပူဇော်ခံနေရပေသည်။

ထိုအခိုက် မြန်မာနိုင်ငံအောက်ပိုင်းကို နယ်ချဲ့တို့ သိမ်းပိုက်လိုက်သောကာလ ကြေးပစ္စည်း၊ သံထည်ပစ္စည်းများ ကျိုးချက်ရန် အလို့ငှာ အခြား ဘုရားရုပ်ပွားတော်များနှင့်အတူ သက္ကရာဇ် ၁၂၁၇ ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၅၅) တွင် "ရွှေချိန်" မည်သော သဘော်ဖြင့် အိန္ဒိယပြည် ဘုံဘေမြို့သို့ မာရ်အောင်မြင် ဘုရားကြီးကို တင်ဆောင်သွားခဲ့လေသည်။

အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ ရောက်သောအခါ တင်ဆောင်လာသော ဆင်းတုတော်များကို ဖိုကျင်းထိုးလေသည်။ ထိုသို့ဖိုကျင်းထိုးခံရသော ရုပ်ပွားတော်များအနက် မာရ်အောင်မြင်ဘုရားမှာ အရည်လည်း မပျော်၊ ထုသော်လည်း အရာမထင်။ မိုးမှောင်များ ကျ၍ ရောင်ခြည်တော်များပင် လွှတ်လေသည်။ ထိုစဉ် ဒေလီမြို့၌ စံနေသော ဝိတိုရိယဘုရင်မကြီး၌ မဖြစ်ဖူးသော ခေါင်းကိုက်ဝေဒနာစွဲ၍ မကုသနိုင်ဘဲရှိစဉ် မြန်မာပြည်မှ

ပင့်ဆောင်လာသော မာရ်အောင်မြင်ဘုရားကြီးအား ပြန်ပို့ရန် အိပ်မက်မက်သည့်အတွက် စုံစမ်းကာ မူထ ယူဆောင်ခဲ့သည့် နေရာသို့ ပြန်ပို့စေသည်။ ၁၂၁၉ ခုနှစ် ဟင်္သာတ သောင်စပ်တွင် ထားခဲ့လေသည်။ ဟင်္သာတနှင့် ဇလွန်သားတို့ အဓိဋ္ဌာန်ပြုပြီး ဖောင်တော်ဖြင့် ပင့်ကြရာ ရေတက်ဦးရော ရေကျဦးပါ ဇလွန်မြို့ဦး တည်ထားကိုးကွယ်ခဲ့ကြခြင်း ဖြစ်ပါသည်။ ခေတ် အဆက်ဆက် ပြည်တော်ပြန်ဘုရားကြီးအား ပူဇော်ထာခဲ့ကြပေရာ မှန်စီရွှေချ ရတနာစံကျောင်းတော်ကြီးထက်ဦး သပွာယ်၍ မဆုံးအောင် ကိန်းဝပ်တော်မူလေသည်။

စာဖတ်ပရိသတ်အားလည်း စမ္မခဏ်ဂါထာတော်၊ နဖူးသင်းကျစ်ဂါထာတော်၊ လက်ယာလက်ရုံး ဂါထာတော်၊ လက်ဝဲလက်ရုံး ဂါထာတော်များကို ရွတ်နိုင်ကြစေရန် ရေးသားဖော်ပြရပါသည်။

(က) စမ္မခဏ်ဂါထာတော်

ကွတိပိ ပိဋ္ဌကတ္တယံ၊ အနိစ္စံ ဒုက္ခံ အနတ္တံ၊ သတ္တ ဗောဇ္ဈင်္ဂါ၊ အဋ္ဌင်္ဂိကော မဂ္ဂါ၊ စတုပဋ္ဌာနံ၊ သဗ္ဗဿ ကွန္ဒေါ၊ သဟဿ သူရိယော၊ သြောင်းနမော မေတ္တာနံ၊ ရာဇဘယံ၊ စောရဘယံ၊ အဂ္ဂိဘယံ၊ ဥဒကဘယံ၊ သတ္ထဘယံ၊ သဗ္ဗဘယံ၊ ဇေယျော ဇေယျတုမင်္ဂလံ၊ အနိစ္စံ သခ်ံတံ၊ ပဋိစ္စသမုပ္ပန်ံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ ခမတိ။

အဓိပ္ပာယ်မှာ –

ပိဋ္ဌကတ်သုံးပုံ ဖြစ်ခြင်း ပျက်ခြင်း သဘော ရှိသောကြောင့် အနိစ္စမည်၏။ ဒုက္ခမည်၏၊ အနတ္တမည်၏။ ခုနစ်ပါးသော ဗောဇ္ဈင်သည်လည်းကောင်း၊ အင်္ဂါရုစ်ပါးရှိသော မဂ်သည်လည်းကောင်း၊ လေးပါးသော သတိပဋ္ဌာန်သည်လည်းကောင်း၊ အထုံးစုံသော တရားအပေါင်းကို အစိုးရသော မြတ်စွာဘုရားသည်လည်းကောင်း၊ နေမင်းသည်လည်းကောင်း ဤသို့ ဖြစ်ခြင်း၊ ပျက်ခြင်းသဘော ရှိသောကြောင့် အနိစ္စ မည်၏၊ ဒုက္ခမည်၏၊ အနတ္တမည်၏၊ မဟာမေတ္တာရှင် ဖြစ်တော်မူကြကုန်သော ဘုရားရှင်အပေါင်းတို့အား ရှိခိုးပါ၏။ မေတ္တာအရှင် ဖြစ်ကြကုန်သော ဘုရားရှင်တို့၏ မေတ္တာတော်၊ အာနုဘော်အားဖြင့် မင်းဘေး၊ ခိုးသူဘေး၊ မီးဘေး၊ ရေဘေး၊ ဓားလက်နက်ဘေးနှင့် အလုံးစုံသော ဘေးအပေါင်းတို့ကို အောင်မြင် ကျော်လွှားနိုင်သည် ဖြစ်ပါစေသတည်း။ အကြောင်းကိုစွဲ၍ဖြစ်သော အကျိုးတရားသည် အမြဲမရှိ ကုန်ခြင်း၊ ပျက်ခြင်း သဘောရှိကုန်၏။ ထို့ကြောင့် ပညာရှိအပေါင်းသည် ရာဂကင်းခြင်း သဘော ရှိသော၊ ချုပ်ငြိမ်းခြင်းသဘောရှိသော နိဗ္ဗာန်ကို နှစ်သက်မြတ်နိုးတော်မူပါ၏၊ ဘုရားဟု ဆိုလိုကြောင်း မှတ်သားရပါသည်။

(ခ) နမူးသင်းကျစ်ဂါထာ

"သြောင်း ကာသော ပစ္စာယ၊ ဥပသိမာ မမ မောဋ္ဌိ ဧဟိ
ဧဟိ ဗုဒ္ဓံဝါ၊ ဓမ္မံဝါ သံဃံဝါ၊ သဂ္ဂေသုဝါ ဟုရံဝါ"

အဓိပ္ပာယ်မှာ -

လူ့ပြည်၊ နတ်ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည် စသည်တို့၌
ဘုရား၊ တရား၊ သံဃာ ရတနာသည် မွန်မြတ်၏။ ထိုရတနာ
တို့သည် ကျွန်ုပ်၏ ဦးခေါင်းထက်သို့ ဘေးရန်အပေါင်း ကင်းဝေး
ရန် လျင်စွာ ကြွတော်မူကြပါဘုရားဟု ဆိုလိုကြောင်း မှတ်သား
ရပါသည်။

(ဂ) လက်ယာလက်ရုံး ဂါထာတော်

"သံသာရ စက္က ဝိဒ္ဒံသံ၊
သံသုဒ္ဓမဿ ဩရသံ၊
သံဆိန္နံက် ဘဝေ အာသံ၊
သံဃံ အပိ သုမာနသံ"

အဓိပ္ပာယ်မှာ -

သံသရာစက်ကို ချိုးဖဲ့ဖျက်ဆီးတော်မူသော၊ ကိလေသာ
စိတ် စင်ကြယ်ပြီးသော၊ တဏှာကို ပယ်ဖြတ်တော်မူပြီးဖြစ်သော
ဘုရားရှင်ကိုလည်းကောင်း၊ ဆယ်ပါးသော တရားတော်မြတ်တို့
ကိုလည်းကောင်း၊ အရိယာ သံဃာတော်မြတ်အပေါင်းတို့ကို
လည်းကောင်း အကျွန်ုပ်သည် ရိုခိုးပါ၏ဟု ဆိုလိုပါသည်။

(ဃ) လက်ဝဲလက်ရုံးတောက်ဂါထာ

"တံ မေ သ ဒီ ကော မံ သု ရေ၊
သော အ ပ နာ ပ သု သု ပိ၊
အ ဓ သ တ ဖု ဝ သ ဝေ၊
က ကော က ဂေါ နမာမဟံ"

အဓိပ္ပာယ်မှာ –

တဏှာကံရာ ဘုရားရှင်မှစ၍ ဂေါတမမြတ်စွာဘုရားရှင် အထိ ပွင့်တော်မူပြီးကြကုန်သော နှစ်ဆယ့်ရှစ်ဆူကုန်သော ဘုရားရှင်အပေါင်းတို့အား အကျွန်ုပ်သည် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဟူသော အဓိပ္ပာယ်မျှားကိုပါ နားလည်အာရုံပြု၍ ရွတ်ဖတ်ပူဇော်နိုင်ရန် ဖော်ပြအပ်ပါသည်။

ဤပြုရသော ကုသိုလ်ကောင်းမှုကံ စေတနာတို့ကြောင့် မြန်မာပြည်သူပြည်သား အပေါင်း နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေသား ... ဟူ၍။

✧ ✧ ✧

ပညာရှိအမတ်ကြီး ဦးပေါ်ဦးနှင့် မြတ်လှမဋ္ဌေစေတီ

ပညာရှိအမတ်ကြီး ဦးပေါ်ဦးမှာ သက္ကရာဇ် ၁၁၂၁ ခုနှစ် တပေါင်းထပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့တွင် ရေဦးနယ်၊ မြေတူးအောက်တိုက်၊ တံဆည်ရွာ (ယခု တန့်ဆည်မြို့) ၌ ဖွားမြင်ခဲ့သူ ဖြစ်၏။ သို့ရာတွင် အမိအဖတို့၏ အမည် အရည် အကြောင်းကို မှတ်သားထားချက် မတွေ့ရှိရဟု ဗိုလ်မှူး ဘသောင်း (မောင်သုတ) ၏ "စာဆိုတော်များအတ္ထုပ္ပတ္တိ" စာအုပ်တွင် ရေးသားထားသည်ကို ဖတ်ရဖူးပါသည်။

စာရေးသူသည် စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်သို့ အလုပ်တာဝန်ထမ်းဆောင်ရန် ရောက်ရှိခဲ့စဉ်အခါ အခွင့်သင့် သဖြင့် လွန်ခဲ့သောနှစ်ပေါင်း တစ်ရာကျော်က တန့်ဆည်မြို့၌ ပညာရှိ အမတ်ကြီး ဦးပေါ်ဦး တည်ထား ကိုးကွယ်ခဲ့သည့် "မြတ်လှမဋ္ဌေ" စေတီတော်ကို ဖူးမြော်ကြည်ညိုခဲ့ရပါသည်။

ရှေးဟောင်းအမွေ "မြတ်လှမဋ္ဌေ" စေတီတော်မြတ်ကို လေ့လာကြည်ညိုပူဇော်ရင်း ဦးပေါ်ဦးအကြောင်းကိုလည်း စုံစမ်း

မေးမြန်းခဲ့သည်။ တန့်ဆည်မြို့၊ ပေါဦးရပ်ကွက်နေ ထျောက်ထွာစာရေးကြီး ဦးစံမောင်၊ မြို့နယ် စာပေထုပ်သားအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကြူနှင့် စာပေထုပ်သားအဖွဲ့များထံမှ နာယူသိရှိခဲ့ရသည့် အချက်အလက်များမှာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ စာရေးသူ ထွေ့ထာနေသော ပညာရှိအမတ်ကြီး ဦးပေါဦး၏ အမိအဖ အမျိုးအနွယ်ဆက်ကို သိရှိခဲ့ရသည်။ အမတ်ကြီး ဦးပေါဦး၏ အမိအဖမျိုးနွယ်ဆက်တို့သည်ကား ဤသို့တည်း။

မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ရွှေလင်းဆွဲရွာ သူကြီး မိသား တစ်စုသည် သူကြီးအာဏာ အလုခံရသဖြင့် သူကြီးသစ်၏ ရန်ကို ကြောက်ရွံ့ရကား ရေဦးနယ်၊ မြေတူးအောက်တိုက် တန့်ဆည်ရွာ (ယခုစစ်ကိုင်းတိုင်း တန့်ဆည်မြို့)သို့ လာရောက် တိမ်းရှောင်ခဲ့ရသည်။ ထိုစဉ်က သူကြီး၏သမီးဖြစ်သူ မပိုးဧ ထည်း ပါထာ၏။ မပိုးဧ အရွယ်ရောက်လတ်သော် တန့်ဆည် ရွာသူကြီး၏ သားဖြစ်သူ မောင်စံခိုင်နှင့် လူငယ်ဘဝ မေတ္တာမျှ လက်ဆက်ကြပါသည်။ အဖ သူကြီးက အခြေအမြစ် မရှိသည့် ချွေးမဟုဆိုကာ သဘောမတူ၊ မကြည်ဖြူ၍ သားနှင့် ချွေးမကို မစောင့်ရှောက်ဘဲ ပစ်ထားထေသည်။

ဤသို့ဖြင့် ဦးစံခိုင်နှင့် ဒေါပိုးဧတို့သည် တောင်ယာလုပ် အသက်မွေး ရုန်းကန် လှုပ်ရှားထာခဲ့ရပါသည်။ ၎င်းတို့တွင် မောင်တုတ်ကြီးနှင့် မောင်ပေါဦး ညီအစ်ကိုကို ဖွားမြင်ခဲ့ပါသည်။ မောင်ပေါဦးသည် လူပျိုပေါက်အရွယ်သို့ ရောက်သော

အခါ မိမိတို့ မိသားစုအား အဘိုးဖြစ်သူ သူကြီးက ပစ်ပယ်ထား သည်ကို စိတ်နာဝမ်းနည်းထျက် မုဆိုးဖိုရွာ (ယခုရွှေဘိုမြို့) သို့ ထွက်သွားပြီး ရဟန်းဘဝဖြင့် စာပေ ကျမ်းဂန်များကို သင်ယူ သည်။ ဤသို့ စာပေကျမ်းဂန်များ ထူးချွန်စွာသင်ယူတတ်မြောက် ပြီးမှ ထူထွက်၍ ဘိုးတော်ဘုရား၏ ထီးရိပ်နန်းရိပ်ကို ခိုထွဲခဲ့ရပြီး မင်းမှုတော်ကို ထမ်းဆောင်ခွင့်ရလေသည်။ အမတ်ကြီး ဦးပေါဦး သည် သက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် အမရပူရ မြို့သစ်နန်းသစ်ကို တည်ထောင်သော ဘိုးတော် မင်းတရားကြီး၏ ထက်ထက်တွင် ထင်ရှားသော မှူးကြီးမတ်ကြီးများအနက် တစ်ဦးအပါအဝင် ဖြစ်သည်။ ဦးပေါဦးသည် ဘိုးတော်မင်းတရားကြီး လက်ထက် တွင် "မဟာဇေယျသူရ သန်ဓယာ" ဘွဲ့နှင့် နာခံတော်ကြီး ရာထူး ဖြင့် ချီးမြှင့်တော်မူခြင်းခံရသည်။ သက္ကရာဇ် ၁၁၄၅ ခုနှစ်တွင် "သိရိမဟာနန္ဒသကြော်" ဘွဲ့နှင့် ဆောမြို့စား၊ ယောမြို့စား၊ အတွင်း ဝန်ကြီး ခန့်ထားခြင်း ခံရပြန်သည်။

သက္ကရာဇ် ၁၁၈၁ ခုနှစ်တွင် နန်းတက်တော်မူသော ရတနာပူရ စတုတ္ထမြို့တည် နန်းတည် ဘကြီးတော်မင်းတရား ကြီး လက်ထက်တွင် "ဝန်ကြီး သတိုးမင်းကြီး မဟာမင်းခေါင်" ဟူသော ဘွဲ့နှင့် "အဂ္ဂမဟာသေနာပတိ ဗိုလ်မှူးဝန်ကြီး" အဖြစ် ဖြင့် တိုးတက် ချီးမြှင့်တော်မူခြင်း ခံရသည်။

သက္ကရာဇ် ၁၁၉၉ ခုနှစ်တွင် နန်းတက်သော ကုန်းဘောင် ရွှေဘိုမင်းတရားကြီး လက်ထက်တွင် "ဝန်ကြီး သတိုးမင်းကြီး

မဟာသုဓမ္မရာဇကျော်ထင်'ဟူသော ဘွဲ့နှင့် တရားဝန်ကြီးချုပ် ခန့်အပ်တော်မူခြင်း ခံရသည်။

ဤသို့ ပညာရှိအမတ်ကြီး ဦးပေါ်ဦးသည် မိမိကောင်းစား ချိန် ရောက်သောအခါ အဘိုးဖြစ်သူ သူကြီးအား အမျက်ပြေကာ ရွှေပန်းခိုင် တစ်ခိုင်ကို အဘိုးအား ပေးလှူလေသည်။ ထိုအခါ အဘိုးဖြစ်သူသည် မြေးတော်သူ ဦးပေါ်ဦးအပေါ် အမြင်မှန် ရကာ ထိုရွှေပန်းခိုင်ကို ဌာပနာပြုလျက် ရွာဦး၌ စေတီတစ်ဆူ တည်လေသည်။ ယင်းရွှေပန်းခိုင်မှာ 'မဋ္ဌသက'နတ်ပန်းကဲ့သို့ တင့်တယ်တော်မူရကား ထိုစေတီတော်ကို "မြတ်လှမဋ္ဌ" စေတီဟု သမုတ်စေသည်။ စေတီတော်ကြီးတည်အပြီးတွင် မြေး ဖြစ်သူ ဦးပေါ်ဦးကိုဖိတ်ကာ ဖခင်ဦးစံခိုင်၊ အမိဒေါ်ပိုးဇီတို့နှင့် အတူ ရေစက်သွန်းချ လှူဒါန်းကိုးကွယ်စေလေသည်။ ထိုစေတီ တော်ကို ဦးပေါ်ဦးစေတီဟူ၍လည်း ခေါ်တွင်နေပေသည်။

မြတ်လှမဋ္ဌစေတီ (သို့မဟုတ်) ဦးဇေါ်ဦး စေတီတော် မြတ်တွင် လူအများ မသိရှိကြသေးသည့် အချက်တစ်ရပ်ကို ထိုစေတီတော်ကြီး အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော် နေရာအထား အသိုက ပြောပြနေပါသည်။ ပညာရှိအမတ်ကြီး ဦးပေါ်ဦးသည် ပါရမီဉာဏ်နှင့်ပြည့်စုံ၍ တခံဏုပပ္တိဉာဏ်ပြည့်စုံသူဖြစ်ရကား ဗုဒ္ဓဂေါတမ ရုပ်ပွားတော်ကြီး၏ နောက်၌ ရုပ်ပွားတော်တစ်ဆူ ကပ်လျက် ထားရှိပူဇော်ခဲ့ပါသည်။ ယင်း၏ အဓိပ္ပာယ်မှာ ယခု ပွင့်ပြီးသော ဂေါတမဘုရား၏နောက်တွင် အရိမေတ္တေယျဘုရား

တစ်ဆူသာ ပွင့်ရန်ကျန်တော့သည်။ ထို့ကြောင့် အရိမေတ္တေယျ မြတ်စွာဘုရားကို ဖူးတွေ့ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြရေး အတွက် မေ့မေ့လျော့လျော့ မနေကြစေဘဲ တရားဓမ္မတွင် မွေ့လျော်နိုင်ကြစေရန် နှောင်းလူဝေနေယျ သတ္တဝါအများ တို့အား သတိပေး နှိုးဆော်ထားခဲ့ခြင်း ဖြစ်ပါသည်။

ယခုအခါ မြတ်လှမဉ္ဇူ စေတီတော်ကြီးနှင့် အာရုံခံ ပင်မ အဆောက်အအုံကြီးမှာ ပျက်စီး၍ နေပေရာ ရှေးဟောင်းအမွေ အနှစ်တစ်ရပ် ဆုံးရှုံးတော့မည်ဖြစ်၍ ဝမ်းနည်းစရာ ဖြစ်မိပါ တော့သည်။

✧✧✧

သိမ္ဘတ်စရာ မုဒြာ (၈) ဖြာ

မကြာမီက စာရေးသူသည် ရန်ကုန်မြို့. ဓမ္မရက္ခိတ ကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယ စေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ရင်း မုဒြာ (၈) ဖြာ ဟု ပြဆိုထုလုပ်ထားသော မြတ်စွာဘုရား၏ လက်နေဟန်ထား ရုစ်ပါးကို ဖူးတွေ့.ခဲ့ရပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင် အမိအဖ အပေါင်းတို့.အား မုဒြာရုစ်ဖြာနှင့် မြတ်စွာ ဘုရားပုံတော်များကို အဓိပ္ပာယ် နားလည် သဘောပေါက်စွာ ကြည်ညိုဖူးမြော်နိုင်ကြစေရန် ရေးသားတင်ပြလိုက်ရပါသည်။

အဘယမုဒြာ

ပထမပုံဖြစ်သော အဘယမုဒြာ - လက်ယာလက် ဝါးချောင်း ထောင်၍ သတ္တဝါအပေါင်းတို့.အား ဘေးမဲ့ပေးဟန်။ မြတ်စွာဘုရားသည် စိုးရိမ်ခြင်း၊ ပူပန်ခြင်းတို့.ဖြင့် နှိပ်စက်ခံနေရ သော ကိလေသာညွှန်အတွင်းရှိ သတ္တဝါအပေါင်းတို့.ကို သောက မျိုးစုံမှ လွတ်မြောက်စေသောနည်းလမ်းရှိ၍ မကြောက်လန့်ကြ

သိမ့်တိစရာ

မုဒ္ဒာ(၈)မြာ

နှင့် ဟူ၍ ညွှန်ပြ သရုပ်ဖော်သောအားဖြင့် လက်ယာလက်ငါးချောင်း ထောင်၍ ဘေးမဲ့ပေးဟန်ကို "အဘယမုခြာ" ဟု ခေါ်ပါသည်။

ဘူမိဖဿ မုခြာ

ဒုတိယပုံဖြစ်သော ဘူမိဖဿ မုခြာ – လက် မြေထိ၍ သက်သေပေးဟန်။ မြတ်စွာဘုရားသည် ဗောဓိပင်အောက်၌ တရားအားထုတ်ပြီးနောက် သဗ္ဗညုတဉာဏ်ကိုရရှိတော်မူသည်။ ထိုအခါ မာရ်နတ်သားသည် ဗုဒ္ဓမြတ်စွာဘုရား၏ အပရာဓိတပလ္လင်တော်ကို လာရောက်လုယူရန် ကြံစည် အားထုတ်တော်မူပါသည်။ ထိုသောအခါ ရှင်တော်မြတ်ဘုရားသည် ဒါနပါရမီတော်ကို ဆင်ခြင်၍ သဗ္ဗညုတ ဉာဏ်တော်ကို ရပြီးပုံကို မဟာပထဝီ မြေကြီးအား သက်သေပြတော်မူပါသည်။ မြတ်စွာဘုရား၏ လက်တော်သည် မြေကြီးကို ညွှန်ပြထိထား၊တော်မူသည်ကို အကြောင်းပြု၍ "ဘူမိဖဿ မုခြာ" ဟု မြတ်ဗုဒ္ဓ၏ လက်နေဟန် အမူအရာကို ခေါ်ဆိုပါသည်။

စျာန မုခြာ

တတိယပုံတော် ဖြစ်သည့် စျာန မုခြာ - လက်နှစ်ဖက် ထပ်ထား၍ စျာန်ဝင်စားနေတော်မူဟန်။ မြတ်စွာဘုရားသည် စျာန်ဝင်စားနေခြင်းကို လက်တော်နှစ်ဖက် ထိကပ်၍ မျက်လုံး

တော်ကိုမှိတ်ပြီး တည်ငြိမ်စွာစျာန်ဝင်စားနေဟန်ကို "စျာနမုဒြာ" ဟု ခေါ်ပါသည်။

ဓမ္မစက္က မုဒြာ

စတုတ္ထပုံဖြစ်သော ဓမ္မစက္ကမုဒြာ တရားစက်ဝန်း လှည့်လည် နေတော်မူဟန်။ မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့၌ ပဉ္စဝဂ္ဂိငါးဦးကို ပထမဦးဆုံး တရားဦးဖြစ်သော ဓမ္မစက်ကြာတရားဦးကို ဟောတော်မူပါသည်။ တရားစက်ဝန်းသဏ္ဌာန် သရုပ်ဖော်၍ လက်တော်နှစ်ဖက်ကကိုင်၍ လှည့်လည်နေတော်မူဟန်ကို သရုပ်ဖော်ထား၍ "ဓမ္မစက္က မုဒြာ" ဟု ခေါ်ပါသည်။

ဝိတက္က မုဒြာ

ပဉ္စမပုံဖြစ်သော ဝိတက္ကမုဒြာ – ဣန္ဒြေ နုရင့်ချိန်ကို ချင့်ချိန်၍ လက်ညှိုး လက်မ အဝိုင်းပြုဟန်။ မြတ်စွာဘုရားသည် ပုဂ္ဂိုလ် အမျိုးမျိုးတို့ကို ၎င်းတို့စရိုက်နှင့် လျော်ညီစွာ ထိုက်တန်သော တရားကို ဟောတော်မူခဲ့ပါသည်။ ယင်းကို သရုပ်ဖော်သောအား ဖြင့် လက်ယာလက် မြှောက်ထားပြီး လက်ညှိုးတော်နှင့် လက်မတော်တို့ ထိတွေ့၍ အဝိုင်းအသွင်ဖြင့် ဖော်ပြထားသည်ကို "ဝိတက္ကမုဒြာ" ဟု ခေါ်ပါသည်။

မုဒြာ

(ဘုရားရှင်၏ လက်တော်ဟန် အမူအရာ)

အဘယ မုဒြာ

② ဘူမိဖဿ မုဒြာ

③ ဝရဒ မုဒြာ

ဗျာဟရဏ မုဒြာ



④ ဓမ္မစက္က မုဒြာ

⑤ ဝိတက္က မုဒြာ

⑥ အသမာဓိ မုဒြာ

⑦ မဟာကရုဏာ မုဒြာ



⑧ ဝရဒ မုဒြာ

(သိမှတ်စရာ မုဒြာရုစ်ဖြာ၊ စာမျက်နှာ-၂၅)

ဒေသစာရီ မုဒြာ

ဆဋ္ဌမပုံဖြစ်သော ဒေသစာရီမုဒြာ- ဒေသစာရီ ကြွချီတော်မူဟန်။ မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီ၍ သတ္တဝါများကို လှည့်လည်တရားဟောနေဟန်ကို ဒေသစာရီမုဒြာဖြင့် ပေါ်ထွင်စေပါသည်။ မြတ်စွာဘုရားသည် ထက်နှစ်ဘက်ဖြင့် သင်္ကန်းစကို ကိုင်၍ ဒေသစာရီ ကြွချီရင်း သတ္တဝါများအား လှည့်လည်တရားဟောသည်ကို သရုပ်ဖော်ထားခြင်း ဖြစ်ပါသည်။

မဟာကရုဏာ မုဒြာ

သတ္တမပုံဖြစ်သော မဟာကရုဏာ မုဒြာ - ထက်တော်တစ်ဘက်သည် ရင်ဘတ်၌ကပ်လျက် သနားကြင်နာနေသည့်ဟန်။ မြတ်စွာဘုရား၏ လက်ယာဘက် လက်သည် ရင်၌ကပ်ထားလျက် သနားကြင်နာနေသည့်ဟန်ဖြင့် ရပ်ကြည့်နေတော်မူသည့် ပုံတော်ဖြစ်ပါသည်။ သတ္တဝါအားလုံးကို ရင်ဝယ်သားကဲ့သို့ ကြီးမြတ်လှစွာ မဟာကရုဏာတော် ထားရှိကြောင်း သရုပ်ဖော်ထားသော "မဟာကရုဏာမုဒြာ" ဖြစ်ပါသည်။

ဝရဒ မုဒြာ

အဋ္ဌမပုံဖြစ်သော ဝရဒမုဒြာ - လက်ယာလက်လေးချောင်းထောင်၍ ဆုပေးနေတော်မူဟန်။ မြတ်စွာဘုရားသည် သတ္တဝါ

အပေါင်းတို့အား မွန်မြတ်သောဆုကို ပေးနေတော်မူဟန်ပုံဖြစ်ပါသည်။ လက်ယာလက်လေးချောင်း ထောင်၍ လိုအပ်သောဆုရကြပါစေဟု သရုပ်ဖော်ထားခြင်းဖြစ်သည်။ "ဝရဒ မုဒြာ" ဟု ခေါ်ပါသည်။

ပင်ပင်လျဉ်ငြောင်းတစ်စီး

မမေ့လျော့ကြောင်းတရား

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ကောသလတိုင်းကြီး၏ မင်းနေပြည်တော် သာဝတ္ထိမြို့အနီး၌ အနာထပိဏ်သူဌေး ဆောက်လုပ် လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံး၍နေတော်မူလျက်ရှိလေ၏။ ထိုစဉ်အခါ ကောသလမင်းကြီးသည် မိမိလာနေကျ ထုံးစံအတိုင်း နေ့လယ်အချိန်၌ မြတ်စွာဘုရား၏ ဓမ္မသဘင်သို့ တရားနာရန် ရောက်ရှိလာလေ၏။ ကောသလမင်းကြီးသည် မြတ်စွာဘုရားသခင်အား ဖူးမြော်ပြီး ဤသို့လျှောက်ထားလေ၏။

"ရှင်တော်မြတ်ဘုရား၊ ဤလောကတစ်ခွင် ဘုံအပြင်၌ ပစ္စုပ္ပန်, တမလွန် နှစ်တန်သောအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သော တစ်ခုတည်းသော အကြောင်းတရားသည် ရှိပါသလား အရှင်မြတ်ဘုရား၊ ရှိပါလျှင် ထိုတရားကို သိပါရစေပါဘုရား"

ထိုအခါ ရှင်တော်မြတ်ဘုရားက "အသင်မင်းကြီး၊ ရှိပါ၏ဘုရား။ ထိုတရားသည်ကား အပ္ပမာဒ မမေ့မလျော့ မပေါ့ဆ အကြောင်း ကောင်းမြတ်သော သတိတရားပင် ဖြစ်လေ၏။

ကောင်းမှုတရားအပေါင်း၏ လိုရင်းအချုပ်တရားပင်လျှင် ဖြစ်ပေ၏။ ဥပမာအားဖြင့် ကုန်းနေသတ္တဝါအပေါင်း၏ ခြေရာအမျိုးမျိုးတွင် ဆင်သတ္တဝါ၏ ခြေရာသည် အကြီးဆုံး ဖြစ်လေ၏။ အားထုံးသော ခြေရာဟူသမျှသည် ဆင်ခြေရာ၌ပင်လျှင် အကျုံးဝင်ကြရကုန်၏။ ထို့အတူ ငါဟောကြားအပ်သမျှသော တရားအပေါင်းသည် ဤအပ္ပမာဒတရား၌ အကျုံးဝင်ကြရလေ၏။ ဤအပ္ပမာဒတရား တစ်ပါးတည်းကပင် ပစ္စုပ္ပန်, တမထွန်နှစ်တန်သော အကျိုးကို သယ်ပိုး ဆောင်ရွက်နိုင်ပေသည်မင်းကြီး" ဟူ၍ ဖြေကြားတော်မူလေ၏။

ဤသို့ မိန့်တော်မူပြီး "အာယုံ အရောဝိယံဝဏ္ဏံ" အစရှိသော ဂါထာတော်ဖြင့် ဆက်လက်၍ မြတ်စွာဗုဒ္ဓက ရှင်းလင်းပြတော်မူပုံကား ဤသို့ဖြစ်လေ၏။

ဤမမေ့လျော့ကြောင်းတရား "အပ္ပမာဒ" သတိတရားကို လေးစား နှစ်ခြိုက် ပြုလုပ်သောသူသည် အောက်ပါ မွန်မြတ်သော အကျိုးတရား ငါးပါးကို ရရှိလေ၏။ ယင်းငါးပါးကား (၁) အသက်ရှည်ခြင်း၊ (၂) အနာရောဂါကင်းခြင်း၊ (၃) အဆင်းလှခြင်း၊ (၄) အမျိုးဥစ္စာမြတ်ခြင်းနှင့် (၅) ကောင်းရာသုဂတိသို့လားရခြင်းတို့ဖြစ်၏။

အသင်မင်းကြီး – မမေ့မလျော့ရှိပြီး ပွားများရမည့် ကုသိုလ်တရားလည်း (၁၀)ပါး ရှိလေ၏။ ထိုကုသိုလ်တရား (၁၀) ပါးကို

စာရိတ္တအကျင့်တရားဟုထည်း ခေါ်လေသည်။ ပုညကိရိယဝတ္ထု ဟုထည်း ခေါ်၏။ ထို (၁၀) ပါးကား -

(၁) ဒါန - စွန့်ကြဲပေးကမ်း ထုံဒါန်းခြင်း၊

(၂) သီလ - (၅)ပါး၊ (၈) ပါး အစရှိသည့် ရှောင်ကြဉ်မှုများကို စောင့်ထိန်း ခြင်း၊

(၃) ဘာဝနာ - သမထ, ဝိပဿနာ ကမ္မဋ္ဌာန်းများ အားထုတ်ခြင်း၊

(၄) အပစာယန - ရိုသေ လေးစားထိုက်သူများအား ရိုသေလေးစားခြင်း၊

(၅) ဝေယျာဝစ္စ - သူတစ်ပါးတို့၏ ကုသိုလ်ကိစ္စ များ၌ ဝိုင်းဝန်းကူညီခြင်း၊

(၆) ပတ္တိဒါန - မိမိ ကုသိုလ် ကောင်းမှုအဖို့ကို အမျှပေးဝေခြင်း၊

(၇) ပတ္တာနုမောဒန - သူတစ်ပါး ပြုသော ကောင်းမှု ကုသိုလ်အဖို့ကို ဝမ်းမြောက်သာဓု ခေါ်ခြင်း၊

(၈) ဓမ္မသဝန - တရားနာခြင်း၊ တရား စာပေ ဖတ်ခြင်း၊ တရားစာပေ လေ့လာ သင်ယူခြင်း၊

(၉) ဓမ္မဒေသနာ - တရားဟောခြင်း၊ တရားစာပေ ပို့ချခြင်း, တရားစာပေ ကျန်းဂန် များ ရေးသားခြင်း၊

(၁၀) ဒိဋ္ဌိဇကမ္မ – ကံ, ကံ၏အကျိုးမှစ၍ မင်္ဂလိန်ဗာန် တိုင်အောင် ယုံကြည်ချက် ရှိစွာဖြင့် ကောင်းသော အယူကို ဖြူစင် ဖြောင့် မှန်အောင် ပြုလုပ်ခြင်း။

ဖော်ပြပါ (၁၀) ပါးဌ မမေ့မလျော့သောသူကို ပညာရှိသူတော်ကောင်းအပေါင်းတို့က နှစ်ထောင်းအား ရ ချီးမွမ်းကြ၏။ မမေ့လျော့ မပေါ့ဆသော ပညာရှိသူတော်ကောင်းသည် သာလျှင် ပစ္စုပ္ပန်–တမလွန် နှစ်တန်သော အကျိုးတို့ကို ကောင်းစွာပိုင်ပိုင် ရယူနိုင်လေ၏။

ဒါနပြုသဖြင့် ဖြစ်လေရာဘဝတိုင်းဌ စည်းစိမ်ဥစ္စာတို့ဖြင့် ပြည့်စုံခြင်းဟူသော ဘောဂသမ္ပတ္တိရှိခြင်း၊ သီလကို စောင့်ထိန်းသဖြင့် ဖြစ်လေရာဘဝတိုင်းဌ သုဂတိဘဝကောင်းတို့တွင် အသက်ရှည်ရှည် ရောဂါကင်းကင်းနေရမှုဟူသော ဘဝသမ္ပတ္တိ ရှိခြင်း၊ ဘာဝနာပွားများသဖြင့် ဖြစ်လေရာဘဝတိုင်းဌ ကိုယ်စိတ် နှစ်ပါး ဝပြောချမ်းသာ၍ နောက်ဆုံးဌ နိဗ္ဗာန်ချမ်းသာ အငြိမ်းဓာတ်ကို ရရှိနိုင်မှုဟူသော သုခသမ္ပတ္တိပြည့်စုံခြင်း၊ အပစာယန, ဝေယျာဝစ္စ ဟူသော ကောင်းမှုတို့ကိုပြုခြင်းကြောင့် ရောက်လေရာရာ, ဖြစ်လေရာရာဌ လူချစ်လူခင်ပေါ၍ မိတ်ကောင်းဆွေကောင်း ကလျာဏမိတ္တတို့နှင့် ပေါင်းဆုံခြင်း၊ ပတ္တိဒါန, ပတ္တာနုမောဒနကုသိုလ်တို့ကိုပြုခြင်းဖြင့် စာနာညှာတာထောက်ထားမှုဟူသည့် မေတ္တာ, ကရုဏာ, မုဒိတာမည်သော စိတ်ထားစေတနာ

ကောင်းများဖြင့် ပြည့်စုံရခြင်း၊ ဓမ္မသာဝန, ဓမ္မဒေသနာ, ဒိဋ္ဌဓမ္မကုသိုလ်များကိုပြုခြင်းဖြင့် အမှားအမှန်ကို ပိုင်းခြားနိုင်သော ပညာပါရမီကိုတိုးပွားစေတတ်ကြောင်း ကျမ်းဂန်များတွင် ထာရှိပါသည်။

ဤသို့ မြတ်စွာဘုရားက ကုသိုလ်တရားတို့တွင် မမေ့လျော့ခြင်းနှင့် ကုသိုလ်စာရားတို့ကို ပွားများခြင်းသည် တိုးတက်ကြီးပွားရေးအတွက် အကြောင်းရင်းခံဖြစ်ကြောင်း ကောသလမင်းကြီးအား ဟောကြားတော်မူခဲ့လေသည်။

✧✧✧

အမြတ်ဆုံးတရား လေးပါး

(၁) ကျန်းမာခြင်းသာ၊ လာဘ်ထဲမှာ၊ မှန်စွာ မြတ်ဆုံး ဖြစ်ပေသည်။

(၂) ရောင့်ရဲခြင်းသာ၊ ပစ္စည်းမှာ၊ မှန်စွာ မြတ်ဆုံး ဖြစ်ပေသည်။

(၃) ကျွမ်းဝင်ခြင်းသာ၊ ဆွေမျိုးမှာ၊ မှန်စွာ မြတ်ဆုံး ဖြစ်ပေသည်။

(၄) နိဗ္ဗာန်သည်သာ၊ ချမ်းသာမှာ၊ မှန်စွာ မြတ်ဆုံး ဖြစ်ပေသည်-

ဟူ၍ အမြတ်ဆုံးတရား လေးပါးကို ရှင်တော်မြတ်ဘုရားသည် ပဿေနဒိ ကောသလမင်းကြီးကို အကြောင်းပြု၍ ဟောကြား တော်မူခဲ့ပါသည်။

(၁) ကျန်းမာခြင်းသည် အမြတ်ဆုံးသော လာဘ်ဖြစ်သည် ဟူရာ၌ ပြင်းထန်သော ရောဂါဝေဒနာများ စွဲကပ်၍ ဆင်းရဲဒုက္ခ ခံစားနေရသောသူတို့သည် ၎င်းတို့အတွက် အလွန်ကောင်းမြတ် သော အဝတ်အထည်၊ စားဖွယ်သောက်ဖွယ်၊ စိန်, ရွှေ, ငွေ

အမြတ်ဆုံးတရား

လေးပါး

အိမ်ရာတိုက်တာ စသော လာဘ်လာဘများကို ရရှိလာပါသော်လည်း ၎င်းတို့မှာ စိတ်ချမ်းသာမှု ရရှိနိုင်မည် မဟုတ်ပေ။ နှစ်သက် ဝမ်းသာခြင်းလည်း ဖြစ်နိုင်မည် မဟုတ်ပေ။ ၎င်းတို့မှာ ဒုက္ခဝေဒနာ နှိပ်စက်မှုကြောင့် စိတ်မချမ်းမသာမှုကို ရာနှုန်းပြည့် ခံစားနေရမည်မှာ အမှန်ပင်ဖြစ်ပေသည်။ သို့ဖြစ်ရာ ပြင်းထန်သော ရောဂါဝေဒနာစွဲကပ်၍ မကျန်းမမာဖြစ်မှ ရလာသော ပစ္စည်းလာဘ်လာဘတို့သည် ကောင်းမြတ်သော လာဘ်လာဘများ ဖြစ်သည်ဟု မဆိုနိုင်။

ကျန်းမာခြင်းနှင့် ပြည့်စုံနေသော ပုဂ္ဂိုလ်တို့သည် လောကီရေးအတွက် ပစ္စည်းဥစ္စာ ရှာဖွေရာတွင် မိမိတို့၏ ဝီရိယ ဉာဏ်အားနှင့် လျော်ညီစွာ ပစ္စည်းဥစ္စာ ရတနာများ ရရှိမည်ဖြစ်သကဲ့သို့ လောကုတ္တရာအတွက် တရားဓမ္မ ရှာမှီးအားထုတ်ရာတွင် မိမိတို့၏ ပါရမီလျော်စွာ မဂ် ဖိုလ် နိဗ္ဗာန် တရားထူးတရားမြတ်များကို ရရှိနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျန်းမာခြင်းသည်အမြတ်ဆုံးသော လာဘ်ဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာက ပသေနဒီ ကောသလ မင်းကြီးအား ဟောကြားတော်မူခဲ့လေသည်။

(၂) ရောင့်ရဲခြင်းသည်အမြတ်ဆုံး ဖြစ်သည် ဟူရာ၌ အထူးသဖြင့် ရာဖွေရရှိသမျှသောပစ္စည်းဥစ္စာဖြင့် မရောင့်ရဲနိုင်သော ပုဂ္ဂိုလ်တို့သည် ပစ္စည်းဥစ္စာ၌ တပ်မက်မောခြင်း ထူပြောနေသည် ဖြစ်၍ အလှူဒါနလည်း မပြုလုပ်နိုင်၊ သီလတရား

ကိုလည်း မဆောက်တည်နိုင်၊ သမထ ဝိပဿနာတရားလည်း အားမထုတ်နိုင်သဖြင့် မရောင့်ရဲနိုင်သောသူတို့၏ ပစ္စည်းဥစ္စာတို့သည် ဤပစ္စုန်ပဋန်ဘဝအတွက်နှင့်နောင်လာမည့် အနာဂတ်ဘဝများအတွက် အကျိုးမများသောကြောင့် ကောင်းမြတ်၍ အဖိုးထိုက်တန်သော ပစ္စည်းဥစ္စာရတနာဟု မဆိုနိုင်ပါ။ ယုတ်ညံ့၍ အချည်းနှီးဖြစ်သော ပစ္စည်းဥစ္စာများသာ ဖြစ်ကြပေသည်။

တရားသဖြင့် ရှာဖွေရရှိသည့် ရရသမျှသော ပစ္စည်းဥစ္စာများဖြင့် ရောင့်ရဲနိုင်သော ပုဂ္ဂိုလ်တို့သည် ပစ္စည်းဥစ္စာတို့အပေါ်၌ တပ်မက်ခြင်း လောဘနည်းသည် ဖြစ်၍ ဒါနအလှူပေးမှုကိုလည်း ပြုလုပ်နိုင်ကြသည်။ သီလတရားကိုလည်း ဆောက်တည် နိုင်ကြသည်။ သမထ ဝိပဿနာများကိုလည်း ပွားများအားထုတ်နိုင်ကြသည်။ သို့ဖြစ်၍ ရရသမျှသော ပစ္စည်းဥစ္စာဖြင့် ရောင့်ရဲနိုင်သောပုဂ္ဂိုလ်တို့၏ ပစ္စည်းဥစ္စာတို့သည် ဤပစ္စုပ္ပန်ဘဝအတွက်နှင့် နောင်လာမည့်ဘဝများအတွက် နိဗ္ဗာန်ရောက်ရသည့်တိုင်အောင် အကျိုးများသောကြောင့် ရောင့်ရဲခြင်းသည် အမြတ်ဆုံးပစ္စည်း ဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာက ပဿနဒီကောသလမင်းကြီးအား ဟောကြားတော်မူခဲ့လေသည်။

(၃) အကျွမ်းဝင်သောသူသည် အမြတ်ဆုံးဆွေမျိုးဖြစ်သည်ဟူရာ၌ တစ်မိဝမ်းတွင်း အတူဆင်းသော တစ်အူထုံ့ဆင်းညီအစ်ကို, မောင်နှမ ဆွေမျိုးရင်းပင် ဖြစ်ပါသော်လည်း စိတ်ထားသဘောထားချင်း မတူကြ၍ အကျွမ်းမဝင်ပါက လောကရေး,

ဝမ္မရေး နှစ်ဌာနတို့တွင် အကျိုးရှိရာရှိကြောင်းကို တိုင်ပင်ပြောဆို၍ မရသောသူတို့သည် ကောင်းမြတ်သော ဆွေမျိုးဟူ၍ မဆိုနိုင်ပေ။ သာမန်အဆင့် ဆွေမျိုးမျှသာ ဖြစ်ပေသည်။

ဆွေမျိုးတော်သည်ဖြစ်စေ၊ မတော်သည်ဖြစ်စေ စိတ်ထား သဘောထားချင်းတူသောသူတို့သည် အကြောင်းကြီးငယ်ကိစ္စ ရှိသောအခါ ကောင်း, ဆိုး နှစ်တန် တိုင်ပင်လို့ ရရှိကြပေသည်။ တစ်ဦး၏ ချွတ်ယွင်းချက်ကို တစ်ဦးက လွယ်ကူစွာပြုပြင်လို့ ရကြပေသည်။ တစ်ဦး၏ အပြောမှား အပြုမှားတို့ကို အချင်းချင်း သည်းခံခွင့်လွှတ်စိတ် မွေးမြူနိုင်ကြပေသည်။ ထိုလူမျိုးတို့သည် သာ အကျွမ်းဝင် ဆွေမျိုးများဟု သတ်မှတ်နိုင်ပေသည်။ ထို့ကြောင့် အကျွမ်းဝင်သောသူသည် အမြတ်ဆုံး ဆွေမျိုး ဖြစ်သည်ဟူ၍ ဟောကြားတော်မူခဲ့လေသည်။

(၄) နိဗ္ဗာန်သည် အမြတ်ဆုံး ချမ်းသာ ဖြစ်သည်ဟု ဟောကြားရာ၌ ချမ်းသာမှုတွင်လောကီချမ်းသာ, လောကုတ္တရာ ချမ်းသာ ဟူ၍ နှစ်မျိုးနှစ်စား ရှိရာ၌ လောကီချမ်းသာတို့ မည်သည်မှာ အမြဲချမ်းသာနိုင်သော ချမ်းသာမျိုးမဟုတ်ကြပေ။ ထို့ပြင် လောကီချမ်းသာတို့ မည်သည်မှာ ဆင်းရဲမကင်းသော ကြောင့် အမြတ်ဆုံး ချမ်းသာမျိုးဟု မဆိုနိုင်ပေ။ အညံ့စား ချမ်းသာမျိုးသာ ဖြစ်ကြပေသည်။

ဝိပဿနာတရားအား‌ထုတ်၍ သောတာပတ္တိမဂ်ဉာဏ်, သကဒါဂါမိမဂ်ဉာဏ်, အနာဂါမိမဂ်ဉာဏ်, အရဟတ္တမဂ်ဉာဏ်

တို့ဖြင့် လောကုတ္တရာ နိဗ္ဗာန်ချမ်းသာတို့သို့ ရောက်သွားသော ပုဂ္ဂိုလ်သည် အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲ၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းဆင်းရဲ အစရှိသော ဆင်းရဲဒုက္ခ အမျိုးမျိုးတို့၌ လွတ်မြောက်သွားကြရပေသည်။ ထိုပုဂ္ဂိုလ်မျိုးသည်သာ အမြတ်ဆုံး နိဗ္ဗာန်ချမ်းသာကို ရရှိခံစားသွားကြရပေသည်။ သို့ဖြစ်၍ ချမ်းသာတကာ့ ချမ်းသာအပေါင်းတို့တွင် နိဗ္ဗာန်သည်သာလျှင် အမြတ်ဆုံးသော ချမ်းသာဖြစ်ပေသည်ဟု၍ ရှင်တော်မြတ်ဘုရားသခင်က ပသေနဒီ ကောသလမင်းကြီးအား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

✧✧✧

အာရုဏ်နှင့်စပ်၍
၀၃ပြဋ္ဌာန်းထားခဲ့သော
စည်းကမ်းဥပဒေ

အရှင်္ကန့်စပ်၍
ဗုဒ္ဓပြဋ္ဌာန်းထားခဲ့သော စည်းကမ်းဥပဒေ

များမကြာမီ ကာလအတွင်းက စာရေးသူသည် အသိမိတ်ဆွေတစ်ဦး၏ အရှင်္ကာဆွမ်းကပ်အလှူတစ်ခုသို့ သွားရောက်ခဲ့ပါသည်။ အသိမိတ်ဆွေသည် လူကုံထံ အတန်းအစားထဲက ပုဂ္ဂိုလ်တစ်ဦး ဖြစ်လေရာ ဆရာတော် သံဃာတော်များအတွက် ဖွယ်ဖွယ်ရာရာ ပြုပြင်စီမံထားလေသည်။ ဤတွင် စာရေးသူ အနေဖြင့် ဝမ်းနည်းစရာ အချက်တစ်ရပ်ကို ကြုံတွေ့ခဲ့ရသည်။ အရှင်္ကာတက်ချိန်မရောက်မီ ဆွမ်းကပ်မှုကိစ္စကို ပြုလုပ်ခဲ့ခြင်းပင်တည်း။ အရှင်္ကာတက်ချိန်သို့ ရောက်ရန် ၁၅ မိနစ်ခန့်သာသာမျှ လိုကြောင်း စာရေးသူ အမှတ်ထားလိုက်မိပါသည်။

ဤတွင် ဝမ်းနည်းစရာ အချက်တစ်ရပ် ကြုံခဲ့ရသည်ဟူရာ၌ အလှူရှင်၏ လုပ်ဆောင်ပြုမူချက်ကို ကဲ့ရဲ့သည့် သဘောမျိုးဖြင့် ဝမ်းနည်းမိသည်မဟုတ်ပါ။ အရှင်္ကာမတက်မီ ဆွမ်းကပ်မှုကြီး တစ်ရပ်သည် ဗုဒ္ဓသာသနာတော်မှာ အမြစ်တွယ်ခဲ့သော သီလသာသနာတော် ဆုတ်ယုတ်မှုကြီး တစ်ရပ်ကို တွေးမိ၍

လည်းကောင်း၊ အရဏ်မတက်မီ ဘုဉ်းပေး သုံးဆောင်ကြသော ရဟန်းသာမဏေများသည် ညနေစာကို စားသောက် သုံးဆောင်သည်နှင့်မခြား သီလအားလုံး မပျက်စီးစေကာမူ ဝိကာလဘောဇနံ သက္ခာပုဒ်နှင့်စပ်သော သီလကား ပျက်စီးရတော့သည်။ သီလမစင်ကြယ်သော ဤသို့သော အလှူခံမျိုးကို လှူမိကြသော အလှူပေးပုဂ္ဂိုလ်တို့မှာ သီလစင်ကြယ်သောအလှူခံကို လှူရတာ လောက်တော့ ပြည့်စုံပြီးမြောက်သော အကျိုးကို ရနိုင်ကြမည် မဟုတ်ပေ။ စာရေးသူ၏မိတ်ဆွေမှာ ပင်ပန်းကြီးစွာ ရှာဖွေ စုဆောင်းထားသော ဝတ္ထုငွေကြေးဖြင့် ဖွယ်ဖွယ်ရာရာ အမြတ်တနိုး စိမံ၍ ကျွေးမွေးလှူဒါန်းရာ၌ ဖော်ပြပါ အရဏ်မတက်မီ ဆက်ကပ်မိခြင်းကြောင့် ပြီးပြည့်စုံသောအကျိုးကို ရနိုင်မည် မဟုတ်တော့သည်ကို ဆင်ခြင်မိ၍လည်းကောင်း ဝမ်းနည်းမိခြင်း ဖြစ်ခဲ့ရပါသည်။

ဤအချက်ကိုထောက်လျှင် ရဟန်းရှင်လူ သူတော်စင်များတို့သည် အရဏ်နှင့်စပ်၍ လိုက်နာကျင့်ကြံဖွယ်ရာများကို မသိ၍ ဖြစ်တန်ရာ၏ဟု သဘောရမိပါသည်။ ဤကဲ့သို့ အလားတူ အဖြစ်မျိုး နောင်တွင် မဖြစ်ပေါ်နိုင်ကြစေရန် ဤဗုဒ္ဓဓမ္မလောကစာစောင်မှ ရေးသား တင်ပြရန် ကြံရွယ်မိသည့် အတိုင်း ဗုဒ္ဓ ပြဋ္ဌာန်းထားခဲ့သော အရဏ်နှင့်စပ်သည့် စည်းကမ်း ဥပဒေကို ယခုရေးသားတင်ပြလိုက်ရပေသည်။

မြတ်စွာဘုရားသခင်၏ ဝိနည်းစည်းကမ်း ဥပဒေတို့တွင် အရဏ်သည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်၌ ပရိဝါသ်မာနတ်

ဆောက်တည်သောအရာ၊ တိစီဝရိုက်ဓူတင် ဆောက်တည်သော အရာ၊ ဝိကာလဘောဇနေ သိက္ခာပုဒ်ကို လိုက်နာကျင့်သုံးသော အရာတို့၌ အရေးပါ အရာရောက်သော စည်းမျဉ်းကျင့်ထုံး တစ်ရပ် ဖြစ်ပါသည်။

အရဏ်ကို သိမှ၊ သိသည့်အတိုင်း ကျင့်မှသာလျှင် ဝိနည်း ဒေသနာတော်ကို လိုက်နာကျင့်သုံးရာရောက်ပေမည်။ အရဏ် သည် နေကြောင့် ဖြစ်ပေါ်လာရပြီး နေမထွက်မီ စဉ်းငယ် နီမြန်း သော အရောင်အဆင်းရှိပါသည်။ ၎င်းအရောင်ကို (၀၊) နေ၏ အရောင်ထူးကို အရဏ်ဟု ခေါ်ပါသည်။ သို့ဖြစ်ခြင်းကြောင့် အရဏ် ဆိုသည်မှာ နေမထွက်မီ ရှေ့ပြေးအရောင် ထွက်ပေါ် လာသည့် အချိန်ကို ခေါ်ပါသည်။ ဤအချက်သည် ဝိနည်း ဒေသနာတော်ကို လိုက်နာ ကျင့်သုံးနေကြသော သာသနာ့ ဝန်ထမ်း ပုဂ္ဂိုလ်များ မသိမဖြစ်၊ မကျင့်မဖြစ်သလို သာသနာ တော်နှင့် ဆက်စပ်နေသော ဗုဒ္ဓဘာသာဝင် သူတော်စင်များအဖို့ လည်း သိသင့်၊ ကျင့်သင့်သော မှတ်သားဖွယ်ရာလည်း ဖြစ်ပေ သည်။ အထူးသဖြင့် ဥပုသ်သည်များ လိုက်နာ ကျင့်သုံးရမည့် ကိစ္စဖြစ်ပါသည်။

အရဏ်၏ အရောင်ကို လူတို့မျက်စိဖြင့် ကြည့်မြင်နိုင် သဖြင့် နေမထွက်မီ ၄၈ မိနစ်အလို အချိန်မှစ၍ နေလုံးကြီး အထက်နှုတ်ခမ်း ထွက်ပြူလာသည့် အချိန်အတွင်း အရဏ် တက်ချိန် ဖြစ်ပါသည်။ ရှေးရှေးဆရာတော်ဘုရားအချို့ကလည်း နေမထွက်မီ တစ်နာရီအချိန်မှစ၍ အရဏ်တက်ချိန် ဟူ၍လည်း

တစ်နည်းအားဖြင့် ခေါ်ဆိုမှတ်ယူကြပါသည်။ သို့ဖြစ်ရာ အရဏ် တက်ချိန်နှင့် နေထွက်ချိန်တို့သည် ၄၈ မိနစ် (သို့မဟုတ်) တစ်နာရီ ကွာသည်ဟု မှတ်ယူနိုင်ပေသည်။

အရဏ်တက်ခြင်းကို ဗုဒ္ဓဘာသာ သူတော်စင်များအဖို့ နားလည် သိရှိထားရန် အထူးလိုအပ်ပါသည်။ နားလည်၍ မကျင့်သုံး မလိုက်နာလျှင် ရဟန်းတော်များအတွက်မှာ အာပတ်သင့်ခြင်း၊ သီလပျက်ခြင်းစသော အပြစ်များဖြစ်ကာ ရဟန်းဝိနည်းသိက္ခာ အကျင့်သီလများ ပျက်သုဉ်းသွားရပေတော့၏။ ဥပုသ်စောင့်ထိန်းကြသော လူပုဂ္ဂိုလ်များသည် အရဏ်မတက်မီ အစာစားခြင်း ပြုလုပ်မိလျှင် ဥပုသ်သီလမှာ ကျိုးပျက်တတ်ပေသည်။ ရဟန်းသာမဏေများသည် အရဏ်မတက်မီ စားသောက်ဖွယ်ရာများ ဘုဉ်းပေး သုံးဆောင်မိလျှင် ဝိကာလ ဘောဇနသိက္ခာပုဒ်နှင့်စပ်သော သီလပျက်စီးသွားရပေတော့၏။ အရဏ်နှင့်စပ်၍ ရဟန်းသာမဏေများ သတိပြုရမည့် အခြားတစ်ချက်မှာ ဝါတွင်းကာလ၌ အရဏ်မတက်မီ ဝါဆိုခေတ်ကို ကျော်လွန်၍ အရဏ်တက်သွားလျှင် ထိုရဟန်းသာမဏေသည် ဝါကျိုးပြတ်လေတော့၏။ ပရိဝါသ်မာနတ် ဆောက်တည်ရာ၌ အရဏ်မတက်မီ ဝတ်ချမိ၍ အရဏ်တက်သွားလျှင် ရတ္တိစ္ဆေဒ-ညဉ့်ပြတ်သွားရတော့၏။ တိစီဝရိက်ဓုတင်ဆောင် ရဟန်းသည် အရဏ်တက်ချိန်ကို မသိ၍ အရဏ်တက်ချိန်၌ အဓိဋ္ဌာန်တင်ထားသော သင်္ကန်းနှင့် မိမိ ကင်းကွာနေလျှင် ဓုတင်လည်း ပျက်ပြီး အာပတ်လည်း သင့်လေတော့၏။

ဖော်ပြပါ အရာဏာနှင့်စပ်၍ လိုက်နာကျင့်ကြံဖွယ်တို့သည် အလွန် များပြား ကျယ်ဝန်းလှပေသည်။ ဗုဒ္ဓဘာသာနွယ်ဝင် ရဟန်းရှင်လူအများ လေ့လာ လိုက်စား သိရှိထားရန်လည်း လိုအပ်သောအချက်ပင်ဖြစ်လေသည်။ ထိုအရာဏာသည် ၁၂ လ ပတ်လုံး တစ်သမတ်တည်း မဟုတ်ချေ။ နေသွားရာလမ်းကြောင်းကို မူတည်၍ ဖြစ်ပေါ်ပြောင်းလဲလာရပေသည်။

နေသည် ပြာသိုလမှ နယုန်လအထိ ခြောက်လ၌ တောင်ဘက်မှ မြောက်ဘက်သို့ တဖြည်းဖြည်း နေ့စဉ် လမ်းကြောင်း ပြောင်းကာ သွားလာသော ဥတ္တရယာဉ်ဖြင့်လည်း ကောင်း၊ ဝါဆိုလမှ နတ်တော်လအထိ (၆) လ၌ မြောက်ဘက်မှ တောင်ဘက်သို့ တရွေ့ရွေ့ နေ့စဉ် လမ်းကြောင်းပြောင်းကာ သွားလာသော ဒက္ခိဏာယာဉ်ဖြင့်လည်းကောင်း သွားလေသည်။ နေသွားရာလမ်းကြောင်း ပြောင်းလဲမှုအရ အရာဏာတက်ချိန်မှာလည်း ဖြစ်ပေါ်ပြောင်းလဲပုံကို ရှေးရှေး ဆရာတော်ဘုရားကြီးတို့က ဆောင်ပုဒ် လင်္ကာများကိုလည်း အလွယ်တကူ နားလည်မှတ်သားမိစေရန် ရေးသား စပ်ဆိုထားခဲ့ပေရာ နှောင်းလူများ အနေဖြင့် နှုတ်တက်ရအောင် ဆောင်ထားသင့်ပေသည်။

ဆောင်ပုဒ်လင်္ကာ

ကူး-သောင်းနေတုံ၊ ဆုံ-ဖော်ဖိနင်း၊ ယုန်-မြင်လှတန်၊
ဆို-ပြန်ဆယ်ထပ်၊ ခေါင်-ပြတ်လည်တို၊ တော် ဖြိုပြန်နက်၊

ကျွတ်-ဟိန်းထွက်တင်၊ မုန်း-သက်အောင်ထိပ်၊ နတ်-သားချိန်တိုး၊ သို-သိပ်စိုးနံ့၊ တွဲ-သန်းခေါင်တွင်၊ ပေါင်း-သင်အင်ထွေး။

* ဤမျှရေ၍၊ နံစနေမှာ၊ သုညပြလျက်၊ ကြွင်းသမျှကို၊ နံသင့်ဆိုလေ၊ လ , ရေတွက်စစ်၊ နေထွက်ဖြစ်၏။

* တစ်နာရီဖျက်၊ အရာဏ်တက်ပြန်၊ နေထွက်နာရီ၊ ဆယ့်နှစ်မိတိုင်အောင်၊ ထည့်ရန်ဖြည့်ရ၊ လိုသမျှသည်၊ နေ့စဉ် ကုန်ပျောက်ယွန်းချိန်တည်း။

လက်ဘများ၏ အဓိပ္ပာယ်အရ စနေနံကို သုည မှတ်ယူ၍ ကြွင်းသမျှကို နေ့သင့် နံသင့်ပင် ယူရမည်။ ထိုအချိန်မှာ နေထွက်ချိန်ဖြစ်၏။ ထိုနေထွက်ချိန်မှ တစ်နာရီ နောက်ဆုတ်သော် အရာဏ်တက်ချိန်ရ၏။ တစ်ဆယ့်နှစ်နာရီမှ နေထွက်ချိန်ကို နှုတ်သော် နေဝင်ချိန်ကိုရ၏ဟူ၍ မှတ်ယူနိုင်ပါသည်။

✧ ✧ ✧

အသက်ရှည်ခြင်း
အကြောင်းတရား (၅) ပါး

စာရေးသူတို့ ရရှိထားသော ခန္ဓာကိုယ်ကောင်ကြီးသည် ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြောင်းကို လယ်တီဆရာတော်ဘုရားကြီးက ညွှန်ပြသွားခဲ့သည်မှာ ...

"ကံ, စိတ်, ဥတု၊ အာဟာရဟု၊ အကြောင်းလေးခု ကျေးဇူးပြု၍၊ လူ၏ကိုယ်မှာ၊ မြန်စွာခဏာ၊ ဖြစ်က ပျက်ပြန်၊ မီးလျှံအသွင်၊ ရေအယဉ်ပမာ၊ ရုပ်ခန္ဓာသည်၊ ဘယ်ခါမစဲ၊ ဖြစ်ပျက်မြဲတည်း" ဟူ၍ ဖြစ်သည်။

"ကံ, စိတ်, ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့တွင် တစ်ပါးပါးချွတ်ယွင်းခဲ့ပါလျှင် အသက်ရှည်စွာ မတည်နိုင်တော့ဘဲ တစ်ဘဝနိဂုံးအဆုံးသတ်ရသည်သာ ဖြစ်ပါတော့သည်။ သို့ဖြစ်ရာ ယခု စာရေးသူတို့တစ်တွေ အသက်ရှင်နေသော လူ့ဘဝသည် နောင် ဘယ်သောအခါမှ ယုတ်ညံ့သော ဘုံဌာနများဆီသို့ မရောက်ဘဲ ယခုလက်ရှိ ဘဝထက်

မြင့်မြတ်ရာ ဘုံဌာနများဆီသို့ ရောက်သွားရအောင် ကောင်းမှုကုသိုလ်များပြုခွင့်ရနေသော ဘဝပင်ဖြစ်ပါသည်။

ထို့ကြောင့် ယခုလို အသိဉာဏ်ပညာနှင့် ပြည့်စုံနေသော သူတော်ကောင်းအပေါင်းတို့မှာ အသက်ရှည်စွာ နေနိုင်ဖို့ရာကို တောင့်တနေမည်၊ အထိုရှိနေကြမည်သာ ဖြစ်ပါသည်။ သို့အတွက်ကြောင့် ရှင်တော်မြတ်ဘုရားက "အသက်ရှည်ခြင်း အကြောင်းတရား ငါးပါး" ကို ဟောကြားတော်မူခဲ့ကြောင်း ဒေသနာ လာရှိပါသည်။ ၎င်းတို့မှာ ...

၁။ သပ္ပာယကာရီ ဟောတိ – မိမိခန္ဓာကိုယ်နှင့် မသင့်လျော်သော အစားအစာ၊ အနေအထိုင်၊ အပူအအေး ရာသီဥတုများကို ရှောင်ကြဉ်၍ သင့်လျော်သော အစားအစာ၊ အနေအထိုင်၊ အပူအအေး ရာသီဥတုများကို မှီဝဲသုံးဆောင် နေထိုင်ရမည်။

၂။ သပ္ပာယေမတ္တညူတာ – သင့်လျော်သော အစားအစာ၊ အနေအထိုင်၊ အပူအအေး ရာသီဥတုများကို မှီဝဲသုံးဆောင်ပြုလုပ်ရာတွင်လည်း မိမိခန္ဓာကိုယ်နှင့် မျှတအောင် အတိုင်းအရှည် ပမာဏကိုသိ၍ မှီဝဲသုံးဆောင် ပြုလုပ်နေထိုင်ရမည်။

၃။ ပရိဏာတဘောဇီ စ ဟောတိ – အစားအစာများကို မှီဝဲသုံးဆောင်သောအခါ ကြေခဲကျက်ခဲသော အစာကြမ်းများကို ရှောင်နိုင်သမျှရှောင်၍ ကြေလွယ်သော အစားအစာကိုသာ မှီဝဲသုံးဆောင်ရမည်။

၄။ သီထဝါစ-သူတစ်ပါးအသက်ကို မသတ်ဖြတ်ခြင်း၊ သူတစ်ပါး သားသမီးများကို မကျူးမဖျက်ဆီးခြင်း၊ ထိမ်ညှာ၍ မငံ့ပြောခြင်း၊ အရက်သေစာ မသောက်စားခြင်း စသောအကျင့်သီလနှင့် ပြည့်စုံစွာနေထိုင်ကျင့်ကြံရမည်။

၅။ ကထျာဏ မိတ္တော စ - စိတ်နှလုံးကို ချမ်းမြေ့စေတတ်သော မိတ်ကောင်းဆွေကောင်း၊ သားကောင်း၊ သမီးကောင်း၊ လင်ယောကျ်ားကောင်း၊ ဇနီးမယားကောင်းများနှင့် ပြည့်စုံရမည် စသည့် ဖော်ပြပါတရား ငါးပါးနှင့် ပြည့်စုံအောင် နေထိုင်ကြသော ယောဂီပုဂ္ဂိုလ် သူတော်စင်များသည် လူ့ဘဝမှာ အသက်ရှည်ပြီး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ နေထိုင်ကြရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ကြောင်း တရားဒေသနာတော်တွင် လာရှိပါသည်။

သို့ဖြစ်ပါ၍ စာရှူသူ အမိအဖ သူတော်စင်အများတို့သည် ဗုဒ္ဓမြတ်စွာ၏ အသက်ရှည်နည်း အကြောင်းတရား ငါးပါးကို လိုက်နာ နေထိုင်နိုင်ကြ၍ အသက်ရာကျော်ရှည်ပြီးလျှင် သံသရာဝဋ်ဆင်းရဲ ဘေးဒုက္ခအပေါင်းမှ ကျွတ်လွတ်နိုင်သော သူတော်ကောင်း အကျင့်တရားများ ပွားများ အားထုတ်နိုင်ကြပါစေရန် ဆန္ဒပြု တိုက်တွန်း ရေးသားလိုက်ရပေသည်။

✧ ✧ ✧

လျောင်းတော်မူ လေးမျိုးနှင့်
ဘွဲ့တော်လေးပါး

တစ်နေ့တွင် စာရေးသူတို့ မိသားစုသည် ရန်ကုန်တိုင်း၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးကျောင်းတိုက်ရှိ အရှေ့ကိုခေါင်းပြု၊ မြောက်ဘက်ကို မျက်နှာမူထားသည့် ထျောင်းတော်မူဘုရားကြီးအား ဖူးမြော်နေစဉ် သားဖြစ်သူ မောင်အောင်မြတ်ထွန်းက ဤသို့မေးလာသည်။

"ဖေဖေ ... သား တစ်ခု မေးပါရစေ၊ ဒီဘုရားကြီးကို ဘာကြောင့် တုံးထုံးလဲပြီး တည်ထားတာလဲ"

"ဒီလို သားရဲ့ ... ဗုဒ္ဓမြတ်စွာဟာ သတ္တဝါတွေကို မနားတမ်း ဆုံးမရလို့ ပင်ပန်းရှာတယ်၊ ဒီလိုပင်ပန်းချိန်မှာ သက်သက်သာသာ ထျောင်းတော်မူတယ်၊ ခေတ္တ သက်သက်သာသာ ထျောင်းတော်မူပုံကို တည်ထားခြင်းဖြစ်တယ် သားရဲ့" ဟု မိမိမှတ်သားမိသမျှ သားဖြစ်သူ၏အမေးကို ကျွန်တော်က ဖြေကြားလိုက်ပါသည်။

ထိုနေ့မှစ၍ လျောင်းတော်မူ ဘုရားများနှင့် ပတ်သက်၍ စာရှုသူ ဗုဒ္ဓဘာသာဝင် သူတော်စင်များ သိသင့်သော အချက်များကို လေ့ထာ စုဆောင်းမိပါသည်။ ထေရဝါဒ သာသနာထွန်းကားသော စာရေးသူတို့ မြန်မာနိုင်ငံတော်တွင် ထုထည်ပမာဏ အထွန်ကြီးမား၍ ထင်ရှားကျော်ကြား လူသိများသော လျောင်းတော်မူဘုရားကြီး ၁၂ ဆူ ရှိကြောင်း လေ့ထာသိရှိရပါသည်။

ထို ၁၂ ဆူမှာ အောက်ပါတို့ ဖြစ်ကြသည်-

(၁) ပဲခူးမြို့ ရွှေသာလျောင်းဘုရားကြီး၊
(၂) ပဲခူးမြို့ စိန်သာလျောင်းဘုရားကြီး၊
(၃) ဟင်္သာတမြို့ တိလောကဥဿျောင် လျောင်းတော်မူဘုရားကြီး၊
(၄) ထားဝယ်မြို့ လောက သရဖူ လျောင်းတော်မူဘုရားကြီး၊
(၅) မြိတ်မြို့ ပထက်တောင် လျောင်းတော်မူဘုရားကြီး၊
(၆) မိုးညှင်းမြို့ လျောင်းတော်မူဘုရားကြီး၊
(၇) တံတားဦးမြို့ ရှင်ပင်ပေါင်းလောင်းဘုရားကြီး၊
(၈) ရန်ကုန်မြို့ ခြောက်ထပ်ကြီး လျောင်းတော်မူဘုရားကြီး၊
(၉) ကျောက်တန်းမြို့ လျောင်းတော်မူဘုရားကြီး၊
(၁၀) ရွှေဘိုမြို့ ကာဘိုး လျောင်းတော်မူဘုရားကြီး၊

(၁၁) ပုဂံမြို့ မနုဟာ လျောင်းတော်မူဘုရားကြီး၊

(၁၂) ယင်းမာပင်မြို့ ဖိုးဝင်းတောင် လျောင်းတော်မူဘုရားကြီး။

ဖော်ပြပါ လျောင်းတော်မူ ရုပ်ပွားတော်ကြီးများကို ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် မြတ်စွာဘုရား၏ကိုယ်စားတည်ထားကိုးကွယ်ကြရာ၌-

"ပေါင်းလဲ ပုဗ္ဗ၊ ဒက္ခိဏာ သာလျောင်း၊ နောက်စောင်း နရဇန်၊ မြောက်ယံ ကုသိနာ၊ တည်ရာ ခေါင်းပြု၊ ခေါ်မှုကွဲပြား၊ ဤလေးပါး" ဟူသော လက်ာစာဆိုနှင့်အညီ-

(၁) အရှေ့ကို ခေါင်းပြု၍ လျောင်းတော်မူပုံကို "ရှင်ပင်ပေါင်းလောင်း" (ပေါင်းလဲ)၊

(၂) တောင်ကို ဦးခေါင်းပြု၍ လျောင်းတော်မူပုံကို "ရွှေသာလျောင်း"၊

(၃) အနောက်အရပ်ကို ဦးခေါင်းပြု၍ လျောင်းတော်မူပုံကို "ရှင်ပင်နရဇန်"၊

(၄) မြောက်အရပ်ကိုဦးခေါင်းပြု၍ လျောင်းတော်မူပုံကို "ကုသိနာရုံ"

ဟူ၍ လျောင်းတော်မူ လေးမျိုးလေးစားရှိကြောင်းနှင့် ဘွဲ့တော်အသီးသီးများကိုလည်း ရှေးပညာရှိများက ခေါ်ဝေါ်သုံးစွဲခဲ့ပါသည်။ ယင်းဘွဲ့တော်များနှင့် ဆက်စပ်၍ "အရှေ့ပေါင်းလောင်း၊

တောင် သာထွေးချောင်း၊ နောက်စောင်း နရဇန်၊ မြောက်မှာ နေရဇ္ဈာန်" ဟု ရေးပညာရှိများက စပ်ဆိုထားခဲ့ပါသည်။

ရှင်ပင်ပေါင်းလောင်း (ပေါင်းလဲ)

အရှေ့အရပ်ကို ဦးခေါင်းပြုထားသော လျောင်းတော်မူဘုရား၏ အဓိပ္ပာယ်မှာ မြတ်စွာဘုရားသခင်သည် "ဖလသမာပတ်" ဝင်စားနေဟန်ပုံဖြစ်ပါသည်။ ထိုလျောင်းတော်မူပုံကို ရှင်ပင်ပေါင်းလောင်း (ပေါင်းလဲ) ဟု ခေါ်ပါသည်။ ပုံစံအားဖြင့် မန္တလေးတိုင်း တံတားဦးမြို့ ရှင်ပင်ပေါင်းထောင်း ဘုရားကြီးဖြစ်သည်။ သက္ကရာဇ် ၆၈၄ ခုနှစ်က အင်းဝမြို့ တံတားဦးမြို့နယ် (ယခု တံတားဦးမြို့) ၌ ပင်းယပြည်ရှင် ဥဇနမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် လျောင်းတော်မူဘုရားကြီးဖြစ်သည်။ အရှေ့အရပ်သို့ ဦးခေါင်းပြုထားသည့် လျောင်းတော်မူကြီးကို ယခုတိုင် ရှင်ပင်ပေါင်းလဲကြီးဟု ခေါ်တွင်နေကြသည်။

ရှင်ပင်သာလျောင်း (ဇရသာလျောင်း)

တောင်အရပ်ကို ဦးခေါင်းပြု၍ လျောင်းတော်မူသော ဘုရား၏ အဓိပ္ပာယ်မှာ မြတ်စွာဘုရားသခင်သည် ခေတ္တခဏ ကျိန်းစက်တော်မူသောအခါ လဲလျောင်းသီတင်းသုံးတော်မူပုံကို ရည်ရွယ်၍ ထုလုပ်သော ရုပ်ပွားတော်ကြီး ဖြစ်ပါသည်။ ဗုဒ္ဓ မြတ်စွာသည် သတ္တဝါတွေကို မနားမနေ ဆုံးမရ၍ ပင်ပန်းချိန်မှာ သက်သက်သာသာ ကျိန်းစက်လျောင်းတော်မူရန်ဖြစ်ပါသည်။

တောင်ကို ဦးခေါင်းပြု၍ လျောင်းတော်မူသော ရွှေသာလျောင်း ရုပ်ပွားတော်များမှာ မြန်မာနိုင်ငံတွင် အရုပ်တိုင်းလိုလို ရှိကြပေသည်။ ရှေးအကျဆုံး လျောင်းတော်မူ ဘုရားမှာ ပဲခူးမြို့ ရွှေသာလျောင်းဘုရားကြီးဖြစ်သည်။ သက္ကရာဇ် ၉၄၄ အေဒီကတည်ထား ကိုးကွယ်ခဲ့သောကြောင့် ယခု အချိန်အခါတွင် နှစ်ပေါင်း ၁၀၄၅ နှစ် ရှိပြီဖြစ်ပါသည်။

မြိတ်မြို့ ပထက်တောင် လျောင်းတော်မူ ဘုရားကြီးမှာ ပထက်တောင်ကို နောက်ခံထား၍ ပင်လယ်ပြင်ကို မျက်နှာမူပြီး တောင်ကိုဦးခေါင်းပြု၍ တည်ဆောက်ထားသည်။ လျောင်းတော်မူကြီး၏ ပုံစံကို ဦးဘွန်စွမ် ဆိုသော ဖိုမင်ကြီးက ပုံစံရေးဆွဲပြီး ပန်းပုဆရာကြီး ဦးဘသောင်းက သူ၏တပည့်လက်သား ပန်းရံသမားများနှင့် မြန်မာသက္ကရာဇ် ၁၃၁၇ ခုနှစ်က တည်ဆောက်ခဲ့ကြောင်း သိရသည်။ ရန်ကုန်မြို့ လျောင်းတော်မူကြီး နှစ်ဆူမှာ ပန်းရံဆရာ၊ ပိသုကာပညာရှင်တစ်ဦးတည်းဖြစ်၍ နောင်တော်, ညီတော် တော်စပ်ကြောင်း ဆိုရမည်ဖြစ်ပါသည်။

ရှင်ပင်နရဇန်

အနောက်အရပ်သို့ ဦးခေါင်းပြု၍ လျောင်းတော်မူပုံမှာ ရှင်ပင်နရဇန် ဖြစ်ပါသည်။ အဓိပ္ပာယ်ကား ဇုဒ္ဓမြတ်စွာဘုရား သခင်သည် ရောက်ရှိလာကြကုန်သော လူပရိသတ်တို့နှင့် တရားစကား လက်ခံပြောဆိုခြင်း အနေအထား ပုံဟန် ဖြစ်ပါသည်။

ထိုလျောင်းတော်မူပုံတော်မျိုးကို တစ်ဝက်ထိုင်၊ တစ်ဝက်စောင်း အနေမျိုးဖြင့် ဦးခေါင်းတော်ကို လက်ထောက်ကာ တည်ထားကိုးကွယ်ခဲ့ကြသည်။

ယခင်က ရန်ကုန်မြို့ ရွှေဂုံတိုင်ထမ်းရှိ ခြောက်ထပ်ကြီး လျောင်းတော်မူ ရုပ်ပွားတော်ကြီး အဟောင်းမှာ နရဗန်ပုံ ဖြစ်သဖြင့် ခါးသာသာထိအောင် အောက်ပိုင်းတစ်ဝက်စောင်းကာ အထက်ပိုင်းက ထိုင်ထျက် အုံးမြင့်မြင့်ပေါ် တံတောင်ဆစ်ထောက်၍ တည်ဆောက်ထားသည်ဟု လွဲလွှဲသိရှိရပါသည်။ ထိုရှင်ပင်နရဗန် လျောင်းတော်မူပုံမှာ ရှားပါးလှပေသည်။

ရှင်ပင်နေရဗ္ဗာန်

မြောက်အရပ်သို့ ဦးခေါင်းပြုထားသည့် ပရိနိဗ္ဗာန်စံဝင်ပုံကို သိနာရုံ လျောင်းတော်မူ (တစ်နည်း) ပရိနိဗ္ဗာန် လျောင်းတော်မူပုံကို ရှင်ပင်နေရဗ္ဗာန်ဟု ခေါ်ပါသည်။ "နိဗ္ဗာန" ဟူသော ပါဠိပုဒ်ကို မြန်မာလို "နေရဗ္ဗာန်" ဟု အဓိပ္ပာယ်ပြန်ဆိုခြင်း ဖြစ်ပါသည်။

ပုံစံအားဖြင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် လယ်တီကြီးရွာတွင် အလျား ၂၅ တောင်ခန့်ရှိ မြောက်အရပ်သို့ ဦးခေါင်းပြုကာ တည်ထားကိုးကွယ်ထားသော လျောင်းတော်မူဘုရားကြီးကို ယခုတိုင် "ရှင်ပင်နေရဗ္ဗာန်" ဘုရားကြီးဟု ခေါ်ဆိုကြပါသည်။ တနင်္သာရီတိုင်း ထားဝယ်မြို့ စပါးတောင်ခြေ၌ ဖူးတွေ့

ကြည်ညိုရသော မြောက်အရပ်ကို ခေါင်းပြု၊ အနောက်ဘက်ကို မျက်နှာမူထား၍ ထွက်ခွာသွားသည့် ထျောင်းတော်မူကြီးမှာထည်း "ရှင်ပင်နေရဇွာန်" ဘွဲ့မည်ရသည်။ ထား၀ယ်မြို့ ထောကသရဖူ လျောင်းတော်မူဘုရားကြီးဟု ထင်ရှား၍ထေသည်။

အချုပ်အား၍ဖြင့်ဆိုရသော် မြတ်စွာဘုရားရှင် လက်ယာနံစောင်းဖြင့် ထဲထျောင်းနေပုံကို ဘုရားရှင်၏ ကိုယ်စားတည်ထားကိုးကွယ်ရာ၌ ဆင်းတုတော်၏ ဦးခေါင်းပြုရာအရပ်မျက်နှာကိုအစွဲပြု၍ "အရှေ့ ပေါင်းထောင်း၊ တောင်သာလျောင်း၊ နောက်စောင်း နရဇန်၊ မြောက်မှာနေရဇွာန်" ဟု ရွေးပညာရှိများဘွဲ့တော်လေးပါးဖြင့် မှည့်ခေါ်ကြည်ညို သဒ္ဓါပွားကြရပေသည်။

မြတ်စွာဘုရားသခင်သည် ဖလသမာပတ် ဝင်စား၍တော်မူသောအခါ၊ ကျိန်းစက်တော်မူသောအခါ၊ ပရိသတ်များနှင့် တရားစကားထက်ခံပြောဆိုခြင်းပြုသောအခါ၊ ပရိနိဗ္ဗာန်ပြုတော်မူသောအခါ လဲလျောင်း သီတင်းသုံးတော်မူလေ့ရှိကြောင်းကို ရည်ရွယ်၍ ထုလုပ်အပ်သော ထျောင်းတော်မူ ရုပ်ပွားတော်လေးမျိုးနှင့် ဘွဲ့တော်လေးပါးအကြောင်းကို စာရှုသူအပေါင်း ဖတ်ရင်းမှတ်ရင်း ကုသိုလ်မင်္ဂလာများ ဖြစ်ပေါ်လာနိုင်စေရန်နှင့် ကြည်ညိုသဒ္ဓါတရား ပွားများဖြစ်ထွန်းနိုင်ကြစေရန် ရေးသားတင်ပြလိုက်ရပေသတည်း။

✧✧✧

ဇာခြေင်တရားတော်၏ အကျိုးကျေးဇူး

"ကျွန်တော့်ရောဂါက အစာအိမ် ရောဂါပါ၊ အစား အသောက်ကိုလဲ လက်မခံတော့ပါ၊ အရည်ကိုပဲ မှီဝဲနေရပါ တယ်၊ ပြန်စားရင် လက်မခံနိုင်လောက်အောင် ဝမ်းဗိုက်ထဲက နာကျင်ကိုက်ခဲတာ ဖြစ်လာတယ်၊ နောက်ဆုံးတော့ ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံး ချွေးတွေထွက်ပြီး အဆက်မပြတ် မခံမရပ် နိုင်အောင်ဖြစ်ပြီး ဆေးရုံတက်ရတော့တာပဲဆရာ"

"ဆေးရုံရောက်တော့ ဆေးရုံမှာ အမျိုးမျိုး စမ်းသပ်ပြီး တဲ့နောက် ကျွန်တော့်ကို ခွဲစိတ်ကုသဖို့ ဆုံးဖြတ်ကြပါတယ်၊ ကျွန်တော်လဲ ဝမ်းဗိုက်ကို ခွဲစိတ်ကုသရမှာကို ကြောက်တာပေါ့၊ ဒါပေမဲ့ တခြားနည်းလမ်းလဲ ကုသရန် မရှိလေတော့ ခွဲစိတ်ဖို့ သဘောတူကြောင်း လက်မှတ်ရေးထိုးပေးလိုက်ရတယ် ဆရာ"

တစ်နေ့တွင် ရွှေဘိုမြို့နယ်စု စီမံကိန်းဦးစီးမှူးရုံးမှ တပည့် တစ်ဦး ဆေးရုံမှဆင်းလာပြီး ရုံးပြန်တက်ပြီးနောက် သူ ဆေးရုံ တက်နေစဉ်အခါက မရောက်နိုင်ခဲ့သည်ကို ခွင့်လွှတ်ရန် တောင်းပန်ရင်း သူ၏ရောဂါကို မေးမြန်းရာ အထက်ပါအတိုင်း စာရေးသူအား ပြန်ပြောနေခြင်းဖြစ်သည်။

"အခု ခွဲစိတ်ပြီးသွားပြီထား၊ ကောင်းသွားပြီထား" ဟု စာရေးသူက စိတ်အားထက်သန်စွာ မေးထိုက်ပါသည်။

"အဲဒါပြောမယို့ ဆရာ၊ ဆရာက ဘာသာရေးနဲ့ ပတ်သက်ပြီး ဆောင်းပါးတွေ ရေးတတ်တယ်ဆိုတာ သိရလို့ ဆရာ့ကို ဒီထူးဆန်းတဲ့ အဖြစ်ကလေး ပြောပြချင်လို့၊ ကျွန်တော် မခွဲမဖြစ်ဘူး ဆရာ၊ မခွဲရ မစိတ်ရဘဲ ထုံးဝန်းနီး ပျောက်ကင်းသွားတယ်၊ နီးနီးဆိုတာက ရောဂါပျောက်နေတာ မကြာသေးထို့ ချန်ပြီး ပြောထားတာ၊ တကယ်တော့ ထုံးဝပျောက်ကင်းသွားပြီ ဆရာ"

သူက စာရေးသူအား ထေးလေးနက်နက် ပြန်ထည့် ပြောပြနေသည်။ ထိုနောက် သူက ဆက်ပြီးပြောပါသည်။

"ရောဂါပျောက်ချင်လွန်းထို့ ခွဲမယ်စိတ်မယ် ဆိုပေမယ့် တကယ်တမ်းကျတော့ ဒီခွဲစိတ်မှုအန္တရာယ်ကိုပဲ ကျွန်တော် အတော်ကြောက်နေမိပါတယ်၊ တုန်လှုပ် ချောက်ချားနေမိပါတယ်၊ ခွဲဖို့ သုံးရက်အလိုမှာ ကျွန်တော်ဟာ ဆောက်တည်ရာမရ လောက်အောင် ဖြစ်နေပါတယ်၊ ဒါနဲ့ စိတ်ငြိမ်အောင်ဆိုပြီး ဗောဒျင်ခုနစ်ပါး တရားတော်ကို ကံဖျားကျောင်းဆရာတော်က ရွတ်ဖတ် ချီးမြှင့်ပေးခဲ့ပါတယ်၊ ကျွန်တော်လဲ ဗောဒျင်ခုနစ်ပါး တရားတော်ကို ထူးထူးခြားခြား ရွတ်ဖို့အကြံရလာတယ်၊ ဒါနဲ့ ကျွန်တော်လဲ တစ်နေ့ကိုးကြိမ် ရွတ်တော့တာပဲ၊ ခွဲစိတ်မယ့်နေ့ မနက်ကျတော့ ဝမ်းဗိုက်ထဲက ဝေဒနာ သက်သာသလို ဖြစ်လာတယ်။

"ကျွန်တော်ထဲ အားတက်ပြီး တအားဖိရွတ်တော့တာပေါ့၊ အံ့ဩစရာကောင်းတာက ဆရာဝန်ကြီးက ကျွန်တော့်ရောဂါကို ထပ်မံပြီး စမ်းသပ်ကြည့်တော့ ရောဂါက ထူးထူးခြားခြား သက်သာနေတာကို တွေ့.ရလို့. ဆရာဝန်ကြီးကလဲ အံ့ဩနေတယ်။

"ဒါကြောင့် ဆရာဝန်ကြီးက ကျွန်တော့်ကို ပြန်နားဖို့.နဲ့. အိမ်မှာ နားနားနေနေနဲ့. နေကြည့်ပါ၊ ဆေးကိုထဲ မှန်မှန်စားပြီး နေရင် မခွဲစိတ်ရဘဲနဲ့. တဖြည်းဖြည်း ရောဂါပျောက်ကင်းသွားနိုင်တယ် ဆိုပြီး ကျွန်တော့်ကို အိမ်ပြန်လွှတ်တော့တာပါပဲ ဆရာရေ"

သူက စာရေးသူအား အောက်ပါအတိုင်း ဆက်၍ပြောပါသည်။

"ပြောရဦးမယ် ဆရာရေ၊ ကျွန်တော့်ရောဂါကို ဗောဒ္ဓင်ခုနစ်ပါး တရားတော်က ပျောက်ကင်းအောင် ကုလိုက်တယ်လို့. ကျွန်တော်ယုံကြည်တယ်ဆရာ၊ အဲ့ဒါ တခြားဝေဒနာရှင်တွေလဲ သိရလေအောင် ကျွန်တော့်ကိုယ်တွေ့. ဖြစ်ရပ်မှန်ကို ဆရာရေးသားပြီး စာစောင်တစ်ခုခုမှာ ရေးသားဖြန့်.ဖြူးပေးပါ" ဟု လေးလေးနက်နက် ပြောသည်။ ကျွန်တော်ကလည်း ဝမ်းသာအားရဖွာဖြင့် ဝန်ခံလိုက်သည်။

မှန်ပါသည်၊ ကိုးပါးသော ဂုဏ်တော်တို့.နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သာဝကများ ဖြစ်ကြကုန်သော အရှင်မဟာမောဂ္ဂလ္လာန် မထေရ်နှင့်

အရှင်မဟာကဿပ မထေရ်တို. နာမကျန်း ဖြစ်တော်မူစဉ် ကိုယ်တော်တိုင် ဟောတော်မူသောခဏ္ဍာ၌ အနာရောဂါတို.မှ လွတ်ကင်း၍ ချမ်းသာခြင်းသို. ရောက်ကြရသည်။ တစ်ခါက လည်း မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် နာမကျန်းဖြစ်တော် မူစဉ် ရှင်စုန္ဒကို ဟောစေတော်မူစေသဖြင့် ကျန်းမာတော်မူထာ ကြောင်း ကျမ်းဂန်များတွင် ထာရှိသည်ကိုတွေ.ရသည်။ ၎င်းမှာ ဗောဇ္ဈင်ခုနစ်ပါး တရားတော်ဖြစ်ပါသည်။

ဗောဇ္ဈင် ခုနစ်ပါး တရားတော်ကို နာမကျန်းဖြစ်သော ပုဂ္ဂိုလ်၏ ခေါင်းရင်းမှနေ၍ ရွတ်ဖတ်ရပါမည်။ ရွတ်ဖတ်သော သူသည် သီလသမာဓိနှင့် ပြည့်စုံပါလျှင် တရားတော်၏ တန်ခိုး အာနိသင် ထက်မြက်မှုရှိပြီး မကြာသော အချိန်ကာလအတွင်း ကျန်းမာပကတိ ချမ်းသာစွာရှိလိမ့်မည် ဖြစ်သည်။ နာမကျန်း ဖြစ်နေသောသူအား ထောကီဆေး၊ ထောကုတ္တရာဆေးတို.ဖြင့် ဘက်စုံစွာ ကုသထိုက်လျှင် ထျင်မြန်စွာ ကျန်းမာစေနိုင်သည်။

ဗောဇ္ဈင်ခုနစ်ပါး တရားတော်သည် အရေးကြုံလျှင် သက်သုံကောင်းပါ၍ ကိုယ်၌အမြဲဆောင်ထားသင့်သော တရား တော်မြတ်ဖြစ်ပါသည်။ သို.ဖြစ်ရာ စာရှုသူများ ရွတ်ဖတ်ပွားများ နိုင်ရန် ရေးသားဖော်ပြရပါသည်။

ဗောဇ္ဈင်ခုနစ်ပါး တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သတ္တိ မေ ဗောဇ္ဈင်္ဂါ( )မယာ သမ္မ ဒက္ခာတာ ဘာဝိတာ ဟုလီကတာ အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေ သတ္တ...

၁။ သတိ သမ္ဗောဇ္ဈင်္ဂါ ခေါ( ) မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၂။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂါ ခေါ ( ) မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၃။ ဝီရိယ သမ္ဗောဇ္ဈင်္ဂါ ခေါ ( )မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၄။ ပီတိ သမ္ဗောဇ္ဈင်္ဂါ ခေါ ( )မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၅။ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂါ ခေါ( ) မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၆။ သမာဓိ သမ္ဗောဇ္ဈင်္ဂါ ခေါ( ) မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၇။ ဥပေက္ခာ သမ္မောဒ္ဓကေါ် ဓေါ ( ) မယာ
သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အာဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

မှတ်ချက်။ ။( ) ကွင်းအတွင်း မကျန်းမာသောသူ၏
အမည်ကို ထည့်၍ရွတ်ဖတ်ပါ။

ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။

✧✧✧

တန်ခိုးထက်မြက်သော ဘုရားတော်

တန်ခိုးထက်မြက်သော
ဣဿန ဂါထာတော်

ဣဿန ဂါထာတော်၏ အကျိုးကျေးဇူးကို မိမိကိုယ်တိုင် နေ့စဉ် ရွတ်ဖတ် ပွားများခဲ့သဖြင့် ဂါထာတော်၏ တန်ခိုးထက်မြက်ပုံကို မိမိကိုယ်တိုင်ခံစားသိရှိခဲ့ရသော အဖြစ်အပျက် တစ်ရပ်ကို တင်ပြလိုသည်။ ထိုအဖြစ်အပျက်ကား စာရေးသူ၏ အဘိုးဖြစ်သူ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ပါဒကြီး ကျေးရွာနေ ဦးစိုးရိန်ထံမှ သိရှိခဲ့ရသည်။

စာရေးသူ၏ အဘိုးဖြစ်သူ ဦးစိုးရိန်သည် ဘာသာရေး အလွန်ကိုင်းရှိုင်းသူဖြစ်၍ စာရေးသူ၏ မိသားစုကိုလည်း ရတနာသုံးပါးအပေါ် သက်ဝင်ယုံကြည်မှုရှိစေရန် ငယ်စဉ် ကလေးဘဝကပင် ပြုစုပျိုးထောင်လာသူ ကျေးဇူးရှင်တစ်ဦး ဖြစ်ပါသည်။ အဖြစ်အပျက်မှာ ဤသို့ဖြစ်ပါသည်။

လွန်ခဲ့သော ၁၃၄၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက်နေ့၊ ကန်ပြောင်ကျေးရွာရှိ "မာန်အောင်ရတနာဘုရားကြီး" ကို ပြန်လည်တည်ဆောက်နေစဉ်က ဖြစ်သည်။

ကန်ပြောင်ကျေးရွာနှင့် ၁၀ မိုင်ခန့်ဝေးသော ပါဒကြီး ကျေးရွာမှ အုတ်များ၊ သဲများကို ကန်ပြောင်ကျေးရွာသို့ရောက် အောင် သယ်ပို့ပေးကြသော အုတ်ကား၊ သဲကားများအနက် ကားမောင်းသူ ဦးစံလိုင် မောင်းသော သဲကားကြီးတွင် ဦးစိုးရှိန် သည် ကား၏ ဦးခန်းမှနေ၍ လိုက်ပါလာခဲ့သည်။

ဦးစိုးရှိန်သည် တစ်စုံတစ်ခုကို တွေးတောနေသည်။ "ဒီနေ့ ကားမောင်းသူသည် လုပ်ငန်းကျွမ်းကျင်မှုမရှိ၊ သွားရမည့် ခရီး ကလည်း လမ်းကြမ်းဖြစ်သည်၊ ဖြစ်ပါ့မလား" စသည်ဖြင့် ဦးစိုးရှိန်မှာ စိတ်လေးနေရခြင်းဖြစ်သည်။ သို့အတွက်ကြောင့် အဘိုးဖြစ်သူသည် အမြဲရွတ်ဆိုနေကျဖြစ်သော ဂါထာတော်ကို ခါတိုင်းထက်ပို၍ ရွတ်နေပေတော့သည်။

ကြာကန်ကျေးရွာ အရောက်တွင် ကားဆရာ ဦးစံလိုင်မှာ ကားကို ရေဖြည့်ရန် ခေတ္တရပ်နားလိုက်သည်။ ဤတွင် အဘိုး ဖြစ်သူမှာ ကားဦးခန်းပေါ်မှ ဆင်း၍ နောက်မှ ကန်ပြောင်သို့ လှည်းစီး၍ လိုက်လာမည်ဖြစ်ကြောင်းနှင့် ကားကို သွားနှင့်စေရန် ကားဆရာ ဦးစံလိုင်အား ပြောကြားလိုက်လေသည်။ ကားမောင်း သူ ဦးစံလိုင်သည် ကားကို ရေဖြည့်ပြီးသောအခါ ကန်ပြောင် ကျေးရွာသို့ ဆက်လက် မောင်းလေတော့သည်။ ကားထွက်၍ မျှားမကြာမီ အဘိုးဖြစ်သူမှာ ကြာကန်ကျေးရွာမှ ဦးဝင်းမြ၏ လှည်းဖြင့် နောက်မှ လိုက်ပါသွားခဲ့လေသည်။

သဲကားကြီးသည် ကြာကန်ကျေးရွာနှင့် ကန်ပြောင်ရွာ ကြားတွင်ရှိသော ရိုးဖြတ်ကူးတံတားအရောက်တွင် မမျှော်လင့်

ဘဲ ရုတ်တရက် ဘရိတ်ချတ်ယွင်းပြီး ရိုးဖြတ်ထဲသို့ ထိုးဆင်းသွား လေသည်။ ကားမောင်းသူ ဦးစံလှိုင်မှာ အသက်ဘေးမှ ချမ်းသာ ရာ ရခဲ့၍ အသက်မသေသော်လည်း ၎င်း၏ ဘယ်ခြေထောက် ခြေကျင်းဝတ်မှာ ထိခိုက်အနာတရ ရသဖြင့် သန်လျင်ဆေးရုံကြီး တွင် အတွင်းလူနာအဖြစ် ကုသခဲ့ရလေသည်။ အဘိုးဖြစ်သူမှာ ကြာကန်ကျေးရွာအရောက်တွင် ထိုသဲကားဖြင့် မလိုက်ပါမိဘဲ လှည်းဖြင့် နောက်မှလိုက်ပါခဲ့မိ၍ ကားဘေးရန်မှ သီသီကလေး လွတ်ခဲ့ရလေသည်။ ဣန္ဒသန္တ ဂါထာတော်၏ တန်ခိုးတော်ကြောင့် ဤဘေးရန်မှ လွတ်ခဲ့ရခြင်း ဖြစ်သည်ဟု ယုံကြည်မိကြောင်း အဘိုးဖြစ်သူက စာရေးသူအား ပြောပြသည်။

အထက်ဖော်ပြပါ ဖြစ်ရပ်သည် တန်ခိုးထက်မြက်သော ဣန္ဒသန္တ ဂါထာတော်၏ တန်ခိုးတော်ကြောင့် အဘိုးဖြစ်သူမှာ ကားဘေးရန်မှလွတ်မြောက်ခဲ့ရခြင်းဖြစ်ကြောင်း စာရေးသူအား ပြောပြပြီး၊ အောက်ဖော်ပြပါ ဂါထာတော်၏ ပါဠိတော်နှင့် အနက်အဓိပ္ပာယ်ကို ရွတ်ဆို ရေးပေးပါသည်။ ဂါထာတော်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဣန္ဒသန္တ ဂါထာတော်

(က) ဘဂဝါ ဣန္ဒသန္တော သာသပဂဗ္ဘေပိ၊
ဣတော စိတော စက်မတိ။

(ခ) ဘဂဝါ ဣန္ဒသန္တော စက္ကဝါဠမိ
ကာယေန ဆဒတိ။

(ဂ) ဇတေန သစ္စဝဒ္ဓေန၊
သိဒ္ဓိ မေ ဇယမင်္ဂလံ။
အာယု မေ သုခဝဍ္ဎနံ။

ဂါထာတော်၏ အနက်

(က) ဘဂဝါ၊ ရွှေဘုန်းတော်သခင် မြတ်စွာဘုရားရှင်သည်။ ဣစ္ဆန္တော၊ အလိုရှိတော်မူသည် ရှိသော်။ သာသပဂဗ္ဘေပိ၊ မုနိညင်းစေ့ အတွင်း၌လည်း။ ဣတော စိတော၊ ထိုမှ ဤမှ။ စင်္ကမတိ၊ ပရိက္ခရာရှစ်ဆူ ဆောင်တော်မူ၍ တန်ခိုးတော်ဖြင့် စင်္ကြံကြွတော်မူနိုင်၏။

(ခ) ဘဂဝါ၊ ရွှေဘုန်းတော်သခင် မြတ်စွာဘုရားရှင်သည်။ ဣစ္ဆန္တော၊ အလိုရှိတော်မူသည်ရှိသော်။ စင်္ကဝါဋမိ၊ စင်္ကြဝဠာတိုက်အဝန်းကို။ ကာယေန၊ ကိုယ်ကာယတော်ဖြင့်။ ဆဒတိ၊ ဖုံးလွှမ်းတော်မူနိုင်၏။

(ဂ) ဇတေန သစ္စဝဒ္ဓေန၊ ဤမှန်သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ သိဒ္ဓိ၊ အရာဟူသမျှ ပြီးစီးခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာ အဖြာဖြာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ သုခဝဍ္ဎနံ၊ ချမ်းသာတိုးပွားခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဖော်ပြပါ ဂါထာတော်မှာ ဗားမဲ့ဆရာတော်ကြီး အမြဲမပြတ် ရွတ်ဆိုပွားများ သရဏ္ဏာယ်သော လိုရာပြီးပြည့်စုံသော ဂါထာတော်မြတ် ဖြစ်ကြောင်း လေ့လာ သိရှိခဲ့ရပါသည်။ အကျိုးများပါ၍ စာရှုသူများ ရွတ်ဆိုပွားများကြရန် တိုက်တွန်းပါသည်။

✧✧✧

မျောက်ညီနောင်နှင့် မုဆိုးမိုက်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် အလောင်းတော်သည် မျောက်မျိုး၌ဖြစ်၍ ဟိမဝန္တာတောအုပ်၌ မျောက်အပေါင်း ရှစ်သောင်းကို မင်းပြုလျက်နေ၏။ မျောက်မင်း၏ အမည်ကား မဟာနန္ဒိယ၊ ညီတော်၏ အမည်ကား စူဠနန္ဒိယတည်း။ ထိုမျောက်ညီနောင်သည် မျက်စိမမြင်သော မိခင်မျောက်မကြီးအား လုပ်ကျွေးလျက်နေထိုင်ကြလေသည်။

တစ်နေ့သောအခါ မဟာနန္ဒိယ မျောက်မင်းသည်-

"ငါသည် ဤမျောက်အပေါင်းကို စောင့်ရှောက်သည်ထက် မိခင်ကို လုပ်ကျွေးခြင်းသည်သာလျှင်မြတ်၏" ဟု နှလုံးသွင်း၍ ညီဖြစ်သူ စူဠနန္ဒိယကို ခေါ်ပြီး မျောက်အပေါင်းမှ ဖဲခွာ၍ မိခင်မျက်မမြင် မျောက်မကြီးကို ခေါ်ဆောင်ခဲ့ပြီးလျှင် ဟိမဝန္တာ၏ အစွန် ပညောင်ပင်ကြီးတစ်ခု၌ ထား၍ ညီနောင် နှစ်ပါးပင် လုပ်ကျွေးလျက် နေလေ၏။

ထိုအခါ ဗာရာဏသီမြို့ အနီးဌဲ့ နေသော မုဆိုးမိုက်တစ်ယောက်သည် တောလည်ထွက်လာရာ တစ်စုံတစ်ခုမျှမရဘဲ ပြန်ခဲ့စဉ် ထိုညောင်ပင်ကြီးကိုမြင်၍ အပန်းဖြေချင်စိတ်ရှိသည်နှင့် ထိုညောင်ပင်သို့ ရှေးရှုလာလေ၏။ ထိုသို့လာသည်ကို မဟာနန္ဒိယ မျောက်မင်းမြင်လျှင် မိခင်နှင့် ညီကိုခေါ်၍ "ဤသူကား ငါတို့ကို ပစ်သတ်အံ့သောသူတည်း၊ မမြင်အောင် သစ်ခွဌဲပုန်းပါ" ဟု ဆိုလေ၏။

နန္ဒိယ မျောက်ညီနောင်တို့မှာ ပုန်းနိုင်ကြသော်လည်း မျက်မမြင် မိခင် မျောက်မကြီးမှာမူကား လုံအောင်မပုန်းနိုင်ရှာပေ။ မုဆိုးလည်း သစ်ပင်အောက်သို့ရောက်၍ အတန်ကြာသော် မျောက်မကိုမြင်၍ လေးနှင့်ပစ်ခြင်းငှာ လေးမြားကို ကိုင်လေ၏။ မဟာနန္ဒိယမျောက်မင်းက မုဆိုး လေးကိုင်သည်ကို မြင်လျှင် ညီဖြစ်သူ စူဠနန္ဒိယကို ဤသို့ ဆိုလေ၏။

"ငါ့ညီ ... ဤမုဆိုးသည် ငါ့မိခင်ကိုပစ်ခြင်းငှာ ပြင်ဆင်၏။ မိခင်အား ငါ၏အသက်ကိုပေးအံ့၊ ငါသေသော်လည်း သင်သည် မိခင်ကို ကောင်းစွာလုပ်ကျွေးရစ်ပါ" ဟု မှာကြားပြီး သစ်ခက်ကြားမှ ထွက်လျက် မုဆိုးအား ဤသို့ ဆိုလေ၏။

"အို မုဆိုး ... ငါ့မိခင်ကို မပစ်ပါလင့်၊ ဤမိခင်သည် မျက်စိလဲ ကန်း၏ အိုလဲ အို၏၊ ငါသည် မိခင်အတွက် အသက်ပေးလဲပါအံ့ ငါ့ကိုသာလျှင် ပစ်သတ်ပါလော့" ဟု ဆိုလေ၏။

မုဆိုးလည်း သနားခြင်းကင်းသူဖြစ်လေရကား မဟာနန္ဒိယ မျောက်မင်းကို ပစ်ခွင်းပြီး၊ နောက်တစ်ဖန် မျောက်အုံမကြီးကို ပစ်ခြင်းငှာ လေးကို တင်ပြန်လေ၏။ စူဠနန္ဒိယ မျောက်လည်း လေးတင်သည်ကိုမြင်လျှင် မိခင် မျောက်အုံမကြီးအတွက် နောက်တစ်ရက်မျှ အသက်ရှင်စိမ့်သောငှာ ပုန်းရာမှ ထွက်ပြီးလျှင် မုဆိုးအား ဤသို့ ဆို၏။

"အို မုဆိုး ... ငါ့မိခင်ကို မသတ်ပါလင့်၊ မိခင်၏ကိုယ်စား ငါ့အားသာလျှင် ပစ်သတ်ပါလော့၊ ငါတို့ညီနောင်နှစ်ဦးကို သတ်၍ မိခင်၏ အသက်ကို ပေးပါလော့" ဟု ခွင့်တောင်းပြီး မြားဒဏ်အနီး၌ ကပ်နေလေ၏။ မုဆိုးလည်း သနားခြင်းကင်းသူ ဖြစ်ရကား ထိုမျောက်ကိုပစ်၍ ကျစေပြီးမှ မျောက်အုံမကြီးကိုလည်း တစ်ဖန်ပစ်ပြန်လေ၏။ ဤနည်းဖြင့် သနားခြင်း ကင်းမဲ့လှသော မုဆိုးမိုက်သည် မျောက်သားအမိ သုံးကောင်လုံးကို ထမ်းပိုးဖြင့် ထမ်း၍လာကာ ရွာသို့ဝင်စဉ် ထိုမုဆိုး၏အိမ်တွင် မိုးကြိုးလောင်မီးကျသဖြင့် မုဆိုး၏ မယားသည်လည်းကောင်း၊ သားငယ်နှစ်ယောက်သည်လည်းကောင်း မီးသင့်၍ သေလေ၏။

မုဆိုးမိုက်လည်း ဗာရာဏသီမြို့အနီးသို့ ရောက်၍ သား မယားတို့၏ သေကြောင်းကို သူတစ်ပါးပြော၍ ကြားရလျှင် သောက ပရိဒေဝမီးသည် အားကြီးစွာ လောင်လေရကား ထိုနေရာ၌ပင် လေးမြား အမဲတို့ကို ပစ်ထား၍ ငိုကြွေးကာ အိမ်တွင်းသို့ ဝင်လေ၏။ ထိုသို့ အိမ်တွင်းသို့ ဝင်သော ခဏတွင်

မိုးကြိုးလောင်မီးကျ၍ ပျက်ရာမှ ကျန်သော မြားဒိုင်းသည် မုဆိုး၏ ခေါင်းထက်သို့ကျ၍ ထိုနေရာ၌ပင် ထိုမုဆိုးမိုက်လည်း ပွဲချင်းပြီး သေဆုံးရလေ၏။

သူတစ်ပါး အသက်ကို ရက်စက်ယုတ်မာ သတ်သည်များကြောင့် မယားပါ၊ သားပါ၊ ကိုယ်ပါမနေ နေ့ချင်းသေရသော မုဆိုးမိုက်ကို ထောက်ချင့်၍ သူတစ်ပါးအသက်ကို ရက်စက်ယုတ်မာ သတ်ဖြတ်ခြင်းမှ သေတစ်ပန် သက်တစ့်ဆုံးရှောင်ကြဉ်ကြရမည် ဖြစ်ပေသတည်း။

(ဒုကနိပါတ်၊ နန္ဒိယမျောက်ညီနောင်ဝတ္ထု)

✧✧✧

ပရိတ်ဂါထာဂုဏ်တော်များနှင့်
ဖြစ်ရပ်သာဓကများ

ဘေးရန် အန္တရာယ် ဟူသည်မှာ မမျှော်လင့်သောအချိန်၊ မထင်မှတ်သောနေရာမှ ရုတ်တရက် ရောင်တခင်ပေါ်ပေါက်လာတတ်ပါသည်။ ဤအခါတွင် ဘုရားကို တ,ပြီး ဂါထာပေါင်းစုံကို အားကိုးတကြီး ရွတ်ဆိုလေ့ရှိကြပါသည်။ အန္တရာယ်ကိုတွေ့.ကြုံမှ ရွတ်ခြင်းထက် နေ့စဉ်ဝတ်တစ်ခုအနေဖြင့် သရဏာယ်ပါဝင်ပိုမို၍ ထိရောက်နိုင်ပါသည်။

ကျွန်တော်သည် နေ့စဉ် မင်္ဂလသုတ်၊ မေတ္တာသုတ်၊ ဓမ္မစကြာ၊ ပဋ္ဌာန်း၊ ဓာရဏာပရိတ်၊ သဗ္ဗသိဒ္ဓိဂါထာ စသည်တို့.ကို ရွတ်ပါသည်။ တစ်စုံတစ်ခုသော အခက်အခဲ ပြဿနာနှင့် တွေ့.ကြုံရလျှင်လည်း သက်ဆိုင် ပတ်သက်ရာ ဂါထာတော်နှင့် ပရိတ်တော်များကို ပိုမိုပြီးရွတ်လေ့ ရှိပါသည်။ ဥပမာအားဖြင့် နာမကျန်းဖြစ်သည့်အခါ ဗောဓျင်သုတ်ကို ရွတ်ဖတ်ခြင်း၊ ဘေးအန္တရာယ်နှင့် တွေ့.ကြုံလျှင် ဓာရဏာပရိတ် စသည်တို့.ကို ရွတ်ပါ

ပဒိုင်ဂါထာ
ဂုဏ်တော်များနှင့်
ပြည့်စုံသည်ဘုရားတည်း။

သည်။ ယခု ကျွန်တော်တင်ပြလိုသည့် ဖြစ်ရပ်မှာ "သဗ္ဗသီဒ္ဓိ ဂါထာတော်၏ တန်ခိုးထက်မြက်ပုံအကြောင်း" ကိုယ်တွေ့အဖြစ် အပျက်တစ်ခု ဖြစ်ပါသည်။

လွန်ခဲ့သောခြောက်နှစ်ခန့်ကဖြစ်သည်။ စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်၊ မြို့နယ် စီမံကိန်းဦးစီးဌာန၌ တာဝန်ထမ်းဆောင်စဉ်ကဖြစ်သည်။ တစ်ခုသောနေ့၏နံနက် ၇ နာရီခန့်အချိန်။ ကျွန်တော်သည် မန္တလေးမြို့မှ တန့်ဆည်မြို့သို့ သွားရန် အောင်ကမ္ဘာကားဂိတ်တွင် ကားလက်မှတ်ဝယ်ယူပြီး ၉ နာရီ ကားဖြင့် လိုက်ပါရန် ဆုံးဖြတ်ပြီးဖြစ်သည်။ နံနက် ၈ နာရီခွဲလောက် အချိန်တွင် မန္တလေးတိုင်း စီမံကိန်းရုံးမှ လက်ထောက် တိုင်းစီမံကိန်းမှူး ဦးကြည်ရိန်သည် ကျွန်တော့်ထံ ရောက်ရှိလာခဲ့ပြီး ရုံးကိစ္စအကြောင်းဖြင့် ၉ နာရီကားဖြင့် မလိုက်ဖြစ်တော့ဘဲ နေ့လယ် ၁၁ နာရီ ကားဖြင့်လိုက်ရန် အကြောင်းဖြစ်ပေါ်၍ လာရသည်။

ကျွန်တော် လိုက်ပါရန် ဆုံးဖြတ်ထားပြီး အကြောင်းကိစ္စတစ်ခုဖြင့် လိုက်ပါခြင်းမပြုဖြစ်သောကားသည် ထိုနေ့ မွန်းတည့် ၁၂ နာရီခန့်တွင် ချောင်းဦးမြို့အဝင်၌ မုံရွာမှလာသော ရတနာပုံကားဖြင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပေရာ ခရီးသည် ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အတွင်းလူနာအဖြစ် ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက် ကုသခဲ့ရလေသည်။ အကယ်၍ ကျွန်တော်သည် ထိုကားဖြင့် လိုက်ပါခဲ့ပါမူကား ထိခိုက်ဒဏ်ရာရရှိမည်မှာအမှန်ပင် ဖြစ်ပါလိမ့်မည်။

ဤသို့ ကျွန်တော်အနေဖြင့်ကား ကားတိုက်မှုဘေးရန် အန္တရာယ်မှ သီသီကလေး လွတ်ခဲ့ရဖူးသည်ကို မှတ်မိနေပါသည်။ ကျွန်တော့်အနေဖြင့် ကားတိုက်မှု ဘေးအန္တရာယ်မှ လွတ်ကင်းခဲ့ရခြင်း၏ အကြောင်းတရားသည်ကား -

"အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပရူပက္ကမေန တထာဂတံ ဧဝံတာ ဝေါရောပေယျ"

ဟူသော အက္ခရာ ၃၁ လုံး ပါရှိသော "သဗ္ဗသိဒ္ဓိ ဂါထာတော်" ၏ အကျိုးကျေးဇူးကြောင့်ပင် ဖြစ်ပေ၏ဟု ကျွန်တော် စွဲမြဲယုံကြည်နေပေသည်။

ကျွန်တော်သည် ဖော်ပြပါ သဗ္ဗသိဒ္ဓိ ဂါထာတော်" ကို တစ်နေ့ ကိုးခေါက် ရွတ်ဆိုလေ့ရှိပါသည်။ အဋ္ဌာန မေတံ ပါဠိတော်သည် ဗုဒ္ဓမြတ်စွာ၏နှုတ်ကပါဠိတော်ပင်ဖြစ်ပါသည်။ "အဋ္ဌာန မေတံ" ဂါထာတော်၏ အကြောင်းကို ဆက်လက်လေ့လာရာတွင် စိတ်ဝင်စားဖွယ် နောက်ခံသမိုင်း ဖြစ်ရပ်ကို သိရပါသည်။

ဒေဝဒတ်သည် ဗုဒ္ဓမြတ်စွာ၏ အသက်အန္တရာယ်ပြုရန် ဂိဇ္ဈကူဋ်တောင်စောင်းမှ အသာချောင်းလျက် တောင်ရိုပ်ဌ စကြံကြွနေသော မြတ်စွာဘုရားရှင် အပေါ်သို့ ကျောက်တုံးကြီးတစ်တုံးကို တွန်းချလိုက်လေသည်။ သို့ရာတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ဘုန်းကံကြောင့် ထိုကျောက်တုံးကြီးသည်ဘုရားရှင် အပေါ်သို့ တိုက်ရိုက်မကျနိုင်၊ မမျှော်လင့်ဘဲ ဝင်ခံသော အခြားကျောက်တုံးကြီးတစ်တုံးနှင့် တိုက်မိပြီး လွဲချော်သွားလေသည်။

ထိုကျောက်တုံးမှပဲစင်ထွက်လာသော ကျောက်ထပ်လွှာကလေး တစ်ခုသည်သာ မြတ်ဗုဒ္ဓ၏ခြေတော်၌ ထိခိုက်မိပြီး သွေးစိမ်းတည်လေတော့သည်။

ထိုအခါ ဗုဒ္ဓမြတ်စွာသည် ဂိဏ္ဍကုဋ္ဌ တောင်စောင်းတွင် ရှိသော ဒေဝဒတ်ကို ကြည့်ပြီး "သင်သည် ပြစ်မှားထိုသောစိတ် စေတနာဖြင့် ငါဘုရား၏ ခြေတော်၌ သွေးစိမ်းတည်အောင်ပြု၍ အကုသိုလ်များစွာ ပွားစီးစေလေပြီ" ဟု မိန့်ကြားတော်မူပြီး ကျောင်းတော်သို့ ပြန်ကြွတော်မူလေသည်။

ထိုအခါ ရာဇဂြိုဟ်မြို့တွင် သီတင်းသုံးထျက်ရှိသော သံဃာတော်တို့သည် ထိုသတင်းကိုကြားသောအခါ ဘုရားရှင် ရှိရာ ကျောင်းတော်သို့ အမြန်စုရုံးရောက်ရှိလာကြသည်။ ကျောင်းကို ဝန်းရံစောင့်ရှောက်ကြသည်။ မြတ်စွာဘုရားကို လာရောက်စောင့်ရှောက်နေကြကုန်သော ရဟန်းအားလုံးကို စည်းဝေးစေပြီး ဗုဒ္ဓမြတ်စွာသည် အောက်ပါ တရားတော်ကို မိန့်ကြားတော်မူပါသည်။

"အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ
ပရူပက္ကမေန တထာဂတံ ဧဝိတာ ဝေါရောပေယျ"

အဓိပ္ပာယ်ကား -

"ရဟန်းတော်များ အိုချစ်သားတို့... မြတ်စွာဘုရားရှင်ကို သူတစ်ပါးတို့က လုံ့လပြု၍ သတ်နိုင်ရာသောအကြောင်း လုံးဝ မရှိ။ မြတ်စွာဘုရားရှင်တို့မည်သည်မှာ သူတစ်ပါးလက်ချက်ဖြင့်

မည်သည့်အခါမျှ လွန်စံရိုး ထုံးစံမရှိ။ (ပရိနိဗ္ဗာန်ပြုရိုး)ထုံးစံမရှိ။ မည်သူ့ပယောဂ လုံ့လမျှ မပါဘဲ ဓမ္မတာအတိုင်းသာ ပရိနိဗ္ဗာန်ပြုမြဲဖြစ်သည်။ သို့ဖြစ်သောကြောင့် ချစ်သားရဟန်းတို့ ကိုယ့်ကျောင်း ကိုယ်ပြန်ကြွပေတော့။ ဘုရားရှင်တို့မည်သည်မှာ ယခုလို အစောင့်အရှောက် မလိုပြီ”

ဟု မိန့်ကြားတော်မူပြီး စောင့်ရှောက်ရန် လာကြသော ရဟန်းတို့အား ပြန်လွှတ်တော်မူလေသည်။

အထက်ပါ အကြောင်းအရာကို ဆင်ခြင်ကြည့်လျှင် ဗုဒ္ဓမြတ်စွာ၏ ဖြစ်ရပ်အမှန်ဖြစ်သည်ကို တွေ့ရသည်။ အတုလံ့အတုမရှိသည့် မြတ်စွာဘုရား၏ နှုတ်တော်မှ တိုက်ရိုက်မိန့်ကြားတော်မူခဲ့သော “အဋ္ဌာန မေတံ” ဂါထာတော်သည် မည်မျှလေးနက်လှကြောင်း တွက်ဆနိုင်သည်။ မြတ်စွာဘုရားကိုယ်တော်တိုင် ပြဿနာနှင့် တွေ့ကြုံတော်မူ၍ မိန့်တော်မူသည့် ဓကဝစန စကားတော်ပင် ဖြစ်ပေသည်။

အချုပ်အားဖြင့် ဤ “အဋ္ဌာနမေတံ” အစရှိသော ဗုဒ္ဓမြတ်စွာ၏ နှုတ်ကပါဋ္ဌတော်သည် အရှိန်အဝါ ကြီးမားသော စကား ဖြစ်သည်။ သို့ပါ၍ “အဋ္ဌာန မေတံ” ဂါထာတော်ကို စနစ်တကျ နေ့စဉ်ရွတ်ဖတ် သရဇ္ဈာယ်သူ၊ ယုံယုံကြည်ကြည် အားကိုးသူသည် ဘုရားရှင် နှုတ်ကပါဋ္ဌတော်၏ တန်ခိုးတော်၊ ဘုရားရှင်အပေါ် သက်ဝင်ယုံကြည်သည့် သဒ္ဓါစိတ် ခွန်အား၊ အန္တရာယ်ကင်းလိုသည့် ဆန္ဒပြင်းပြမှု၊ မပြတ် သရဇ္ဈာယ်သည့်

ဝိရိယတန်ခိုး စသည်တို့ကြောင့် ဥပစ္ဆေဒကကံဖြင့် လတ်တလော သေမည့် ဘေးရန်မှ ကင်းလွတ်နိုင်သော ဘုရားဆေးကို မှီဝဲရာရောက်လေသည်။ တရားကို ကျင့်သူအား တရားက ပြန်လည် စောင့်ရှောက်ခြင်းပင် ဖြစ်လေသည်။

သဗ္ဗသိဒ္ဓိဂါထာတော်၏အရှည်မှာ -

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဧဝိတာ ဝေါရောပေယျ။
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
ဧတေန သစ္စေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

အနက်အဓိပ္ပာယ်မှာ -

"မြတ်စွာဘုရားရှင်တို့သည် သူတစ်ပါး၏လုံလ ပယောဂဖြင့် ပရိနိဗ္ဗာန်စံရိုးမရှိ။ မြတ်စွာဘုရားရှင်တို့သည် သူတစ်ပါးတို့၏ လုံလ ပယောဂ လုံးဝမရှိဘဲလျက်သာ ပရိနိဗ္ဗာန် စံတော်မူကြ၏။ ဤမှန်သော သစ္စာစကားကို ဆိုရခြင်းကြောင့် အကျွန်ုပ်အား နေ့ရောညဉ့်ပါ အခါခပ်သိမ်း လက်နက်ပယောဂ ကင်းစင်၍ ချမ်းသာခြင်းသည် စင်စစ်မသွေ ဖြစ်ပါစေသတည်း" ဟူ၍ ဖြစ်ပါသည်။

မှတ်ချက်။ ဤဖြစ်ရပ်သည် စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ် မြို့နယ်စိမ်းကိန်းမှူး ဦးထွန်းရှိန်၏ ကိုယ်တွေ့ ဖြစ်ရပ်မှန်ကို ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

✧✧✧

အုတ်ပိုဆရာတော်ဘုရားကြီး၏
ဗုဒ္ဓမြတ်စွယ်တော် ရာပြည့်အထိမ်းအမှတ်
ပူဇော်ပဲ့ကြီး

အချိန်ကား ၁၃၄၉ ခုနှစ် တပေါင်းလဆန်း ၆ ရက်နေ့ ဖြစ်သည်။ ကျွန်တော့်အား စာရေးဆရာ ဦးတောက်ထွန်းက ဓိုးဖြူကုန်းရွာမတွင် ကျင်းပ ပြုလုပ်မည့် ဗုဒ္ဓမြတ်စွယ်တော် နှစ်တစ်ရာပြည့် အထိမ်းအမှတ် ပူဇော်ပွဲကြီးသို့ လိုက်ပါပူဇော်ရန် ဖိတ်ကြားလာပါသည်။ ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်ရာ ဓိုးဖြူကုန်း ရွာမသည် ပဲခူးတိုင်း လက်ပံတန်းမြို့နယ်တွင် ပါဝင်သည့် ကျေးရွာတစ်ရွာပင်ဖြစ်သည်။ စာရေးသူအနေဖြင့် မရောက်ဖူးသေးသည့် နေရာဒေသ ဖြစ်နေသည့်အတွက် ဒေသန္တရဗဟုသုတ ရယူလိုသည်ကတစ်ကြောင်း၊ ထူးခြားလှသည့် ဂုဏ်ထူး ဝိသေသများဖြင့် ပြည့်စုံလှပါပေသည်ဟု ပြောသံကြားဖူးသော ဗုဒ္ဓ မြတ်စွယ်တော်အား ဖူးမြော်လိုသည်က



အုတ်ဖိုဆရာတော်ဘုရားကြီး၏
ပုဒ္ဓမြတ်စွယ်တော်
ရာပြည့်အထိမ်းအမှတ် ပူဇော်ပွဲကြီး

တစ်ကြောင်း အကြောင်းတိုက်ဆိုင် ညီညွတ်နေပါသဖြင့် စာရေးဆရာ ဦးတောက်ထွန်း၏ ဖိတ်ကြားချက်ကို ထက်ခံရပါသည်။

စီစဉ်စရာရှိသည်များကို စီစဉ်ပြီး ကျွန်တော် အပါအဝင် စာရေးဆရာ ဦးတောက်ထွန်း၊ သီဟဆွေ၊ ဦးညွန့်မောင်နှင့် ဦးထွေးတို့သည် ၁၃၄၉ ခုနှစ် တပေါင်းလဆန်း ၇ ရက်နေ့ နံနက် ၆ နာရီတွင် ရန်ကုန် ကြည့်မြင်တိုင် ဘူတာမှ သာရဝေါသို့ ထွက်ခွာမည့်ရထားဖြင့် ထွက်လာခဲ့ကြပါသည်။ ကြည့်မြင်တိုင် ဘူတာမှ နံနက် ၆ နာရီတွင် ထွက်သောရထားသည် ဧီးဖြူကုန်း ရွာမ ဘူတာသို့ နေ့လယ် ၁၁ နာရီခွဲတွင် ရောက်ရှိသည်။ ထိုမှ တစ်ဆင့် ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်ရာဖြစ်သော ဧီးဖြူကုန်း ရွာ နိကြောရံကျောင်းတိုက်သို့ ဝင်လိုက်မိသည်နှင့် ကျွန်တော်တို့ တည်းခိုရမည့်နေရာသို့ နှစ်တစ်ရာပြည့် ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ပွဲသဘင် စီစဉ်ရေးအဖွဲ့ဝင် လူကြီးနှစ်ဦးက ခရီးဦးကြိုဆိုကြပါသည်။

ကျွန်တော်တို့သည် နိကြောရံ ကျောင်းတိုက်အတွင်း တည်းခိုဆောင်တွင် နေရာယူပြီးနောက် ကျောက်စာတိုက်ဆရာတော် အရှင်ရာဇိဒ္ဓိက၏ တပည့်များက တည်ခင်းသောညစာကို မြိန်ယှက်စွာ စားသောက်ကာ ဧီးဖြူကုန်းရွာမ နိကြောရံကျောင်းတိုက်၏ နွေးထွေးယုယမှုဖြင့် နှစ်ခြိုက်စွာ အိပ်စက်ခဲ့ကြပါသည်။

နောက်တစ်နေ့ တပေါင်းလဆန်း ၈ ရက်နေ့ မွန်းလွဲ ၁ နာရီတိတိတွင် စွယ်တော်တိုက်ဖွင့်ပွဲကို ကျင်းပပြီး လူအများ ကြည်ညိုနိုင်ရန် ခွင့်ပြုခဲ့ကြပါသည်။ ကျွန်တော်တို့သည် ဗုဒ္ဓ စွယ်တော်မြတ် ကိန်းဝပ်ရာ စွယ်တော်တိုက်ကို သွားရောက်ပြီး စွယ်တော်မြတ်အား ဖူးမြော်ရသည်မှာ အားရတင်းတိမ်မှုမရှိ၊ ရင်ထဲတွင် ကြည်နူး ချမ်းမြေ့မှုကို ထိတွေ့ ခံစားရပါသည်။ စွယ်တော်မြတ်၏ သမိုင်းကြောင်းနှင့် ပတ်သက်၍ လေ့လာသိရှိ မှတ်သားခဲ့ရသည်မှာ ဤသို့ဖြစ်၏။

ဒွါရမဟာနိကာယ အာဒိကမ္မိက ကျေးဇူးတော်ရှင် အုတ်ဖို ဆရာတော်ဘုရားကြီးဖြစ်သူ ဥက္ကံသဝံသမာလာသည် သက္ကရာဇ် ၁၂၄၉ ခုနှစ် တပို့တွဲလဆန်း ၂ ရက် စနေနေ့၌ သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ) သို့ နောက်ပါသံဃာ ၂၉ ပါး၊ ဒါယကာ ၂၄ ဦးတို့နှင့်တကွ ကြွသွားတော်မူရာ ဗုဒ္ဓမြတ်စွာ၏ လက်ဝဲအောက် စွယ်တော်မြတ်ကို ဦးတင်ကော်ရော် ပူဇော်တော်မူခဲ့ပါသည်။

အုတ်ဖိုဆရာတော်ဘုရားကြီးသည် ထူးကဲမွန်မြတ်လှစွာသော သဒ္ဓါတရားဖြင့် ကြည်ညိုခြင်းများလှ၍ စွယ်တော်ပွားတစ်ဆူ ပြုလုပ်ပူဇော်ပြီးလျှင် ၂၁ ရက်ခန့် သီဟိုဠ် စွယ်တော်မြတ်နှင့် အတူတကွ ပူဇော်ထားပြီးမှ ပြန်ခါနီးတွင် ပြန်ယူသော အခါ "မိမိလက်ဖြင့် မကိုင်၊ မိမိပင့်လျှောက်၍ မိမိထံ အလို

အလျောက် ကြွရောက်သော စွယ်တော်ကို မိမိယူမည်၊ ခွင့်ပြုပါမည်လား" ဟု မေးမြန်းသောအခါ စွယ်တော် ဂေါပကအဖွဲ့တို့က သဘောတူကြသောကြောင့် ဆရာတော်ဘုရားကြီးသည် သစ္စာဆို လျှောက်ထားလိုက်သည်နှင့် တစ်ပြိုင်နက် ဆရာတော်ဘုရားကြီး၏ လက်တော်၌ စွယ်တော်တစ်ဆူ ကြွရောက်တော်မူလေသည်။

ဤသို့အားဖြင့် အုတ်ဖိုဆရာတော်ဘုရားကြီးသည် သစ္စာပြု၍ ပင့်တော်မူခဲ့သည့် စွယ်တော်ဓာတ်မြတ်ကို ပင့်ဆောင်လာခဲ့ရာ ကောဇာသက္ကရာဇ် ၁၂၄၉ ခုနှစ် တပေါင်းလတွင် မြန်မာနိုင်ငံသို့ သီဟိုဠ်မှ ကြွမြန်းရောက်ရှိလာပြီး မြန်မာနိုင်ငံတွင် ကိန်းဝပ်စံပါယ်တော်မူလာခဲ့ရာ ယခု ကောဇာသက္ကရာဇ် ၂၅၃၁ ခုနှစ် တပေါင်းလ၌ နှစ်ပေါင်းတစ်ရာတင်းတင်း ပြည့်မြောက်ပြီဖြစ်ပါသည်။ ယခုအခါတွင် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသော စွယ်တော်ဓာတ်မြတ်မှာ ပဲခူးတိုင်းလက်ပံတန်းမြို့နယ် ဇီးဖြူကုန်းရွာမတွင် ကိန်းဝပ်စံပါယ်တော်မူသဖြင့် စာရေးသူတို့သည် ထိုဗုဒ္ဓမြတ်စွယ်တော် ရာပြည့်အထိမ်းအမှတ် ပူဇော်ပွဲကြီးသို့ ရောက်ရှိခဲ့ရပေသည်။

သို့ဖြစ်ပေရာ ကြုံတောင့်ကြုံခဲလှသော ဤဗုဒ္ဓမြတ်စွယ်တော် ရာပြည့်အထိမ်းအမှတ် ပူဇော်ပွဲကြီးတွင် ဗုဒ္ဓမြတ်စွာ၏ လက်ဝဲအောက် စွယ်တော်ဓာတ်မြတ်ကို အထင်အရှား မျက်ဝါး

ထင်ထင် တွေ့မြင်ဖူးမြော် ပူဇော်ခွင့်ရခဲ့ပေသည်ဟု တက်ကြွသော စိတ်ဓာတ်ဖြင့် နေ့မလပ် ညမလပ် ဘုရားပေးသော ကုသိုလ်အစစ် အမွေနှစ် ထိုပူဇော်ပွဲကြီးမှ အပြန်ခရီး၌ စာရေးသူ၏ စိတ်အစဉ်တွင် ပြန်လည်တွေးတော ဆင်ခြင်မိရာမှ ပီတိသိမ့်သိမ့် ဖြစ်နေမိပါတော့သည်။

✧✧✧

ထူးခြားသည့်
သာသနာပြုဗုဒ္ဓိလ်

ထူးခြားသည့် သာသနာပြုပုဂ္ဂိုလ်

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သာသနာတော် တည်တံ့ခိုင်မြဲရေးအတွက် ရတနာမြတ်သုံးပါးကို သက်ဝင်ယုံကြည်လာအောင် ဆောင်ရွက်ကြသော ပုဂ္ဂိုလ်များကို ချီးကျူးတော်မူလေ့ရှိပါသည်။ သာသနာတော်ဆိုသည်မှာ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမများပင် ဖြစ်ပေသည်။ သာသနာတော် ပြန့်ပွားရေးအတွက် ပရိယတ်၊ ပဋိပတ် နှစ်မျိုးစလုံးဖြင့် ကြိုးစားအားထုတ်နေကြသော သူတော်သူမြတ်များထဲတွင် ကျောက်တန်းမြို့ မင်းကျောင်းဆရာတော်ဘုရားကြီးသည်လည်း ထူးခြားသော သာသနာပြုပုဂ္ဂိုလ်တစ်ပါးအဖြစ် ပါဝင်လေသည်။ ယခုထက်တိုင်လည်း ကြိုးစားအားထုတ်နေဆဲပင် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်

ကျောက်တန်းမြို့နယ် ကမာကလုတ်ကျေးရွာတွင် အဖဦးမောင်ကြီး အမိ ဒေါ်ငွေညွန့်တို့မှ ၁၂၈၈ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၁ ရက် အင်္ဂါနေ့ ညဉ့် ၁၀ နာရီအချိန်တွင် မွေးဖွား

သန့်စင်လေသည်။ မွေးချင်း ၁၀ ဦးအနက် အငယ်ဆုံး သား ရတနာ ဖြစ်သည်။

ငယ်မည်မှာ မောင်ကျော်ငြိမ်း ဟု ခေါ်တွင်သည်။ ခမည်းတော် ကွယ်လွန်သည့်နှစ် (သက္ကရာဇ် ၁၂၉၆ ခုနှစ်) ရှစ်နှစ်သား အရွယ်တွင် ကမာကထုတ်ကျေးရွာ တောင်ကျောင်း ဆရာတော် ဦးကွန္ဒထံမှာ ရှင်သာမဏေဝတ်၍ သဒ္ဒါ၊ သင်္ကြိုဟ် ကျမ်းများကို သင်ယူထေသည်။ သာမဏေဘွဲ့ကား ရှင်ဇာဂရ ဖြစ်သည်။

ရှင်သာမဏေဝတ်၍ ၁၃၀၆ ခုနှစ်၊ ၁၈ နှစ်သား အရွယ်သို့ ရောက်သောအခါ အမေအိုကြီးအား လုပ်ကိုင် ကျွေးမွေး ပြုစုရန် လူထွက်ရထေသည်။ အိမ်၌ရှိသော ထယ်ဓနက ၃၀ ကို အစ်ကို အကြီးဆုံးဖြစ်သူ (ဦးမြတ်ထွန်း) နှင့် အတူတကွ ထယ်ယာ လုပ်ငန်းကို ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်ကြထေသည်။

ညီအစ်ကိုနှစ်ယောက် ကြိုးစားပြီး အထုပ်ထုပ်ကြသော အခါ ကြွေးမြီများ ကင်းရှင်းလာပြီး စီးပွားရေးအဆင်ပြေ ဦးမော့လာ၏။ ထိုအခါ အစ်ကိုကြီး ဦးမြတ်ထွန်းက ညီဖြစ်သူ ရှင်လူထွက် (မောင်ကျော်ငြိမ်း) ကို လူမှုကိစ္စ ရှုပ်ထွေးပွေလီလှသည့် လူ့ဘောင်မှာ မနေစေလိုပေ။ မိခင်ကြီးကလည်း ရှင်လူထွက်ကို ဘုရားမြတ်စွာ သာသနာ့ဘောင်မှာ နေစေလိုသည်။

ဥပသမ္ပဒါ ပြည့်ခံလာ

သက္ကရာဇ် ၁၃၀၉ ခုနှစ်သို့ရောက်သောအခါ ညီအစ်ကို နှစ်ဦး ထုပ်ကိုင်ထွန်ယက်သော ထယ်မြေမှ စပါးများ အထွန်အထွက်ကောင်းထေ၏။

ထိုအခါ မိခင်ကြီးသည် စင်ကြယ်စွာ ရရှိသော ထယ်ထွက် သီးနှံများကို ရောင်းချပြီး ထိုနှစ်၌ပင် မြေးဦးကလေးကို ရှင်ပြု အထူးပေးထေ၏။ ထို ရှင်ပြုအထူးပေးပွဲ၌ (မောင်ကျော်ငြိမ်း) ရှင်ထူထွက်ကိုပါ ရဟန်းခံစေ၍ သာသနာ့ဘောင်သို့ ချီးမြှောက် မြှင့်တင်ပေးထေ၏။ ဤသို့ဖြင့် မင်းကျောင်း ဆရာတော် ထောင်းထုသည် အသက် (၂၁) နှစ် အရွယ်တွင် ကမာကထုတ် ကျေးရွာ ကမာဆွဲတောင်ကျောင်း ခဏ္ဍာသိမ်တော်မြတ်တွင် ကမာဆွဲကျောင်း ဦးဣန္ဒကို ဥပဇ္ဈာယ်ပြုထျက် သက္ကရာဇ် ၁၃၀၉ ခုနှစ်၊ တပေါင်းထဆန်း ၁၂ ရက်နေ့ နံနက် ၈ နာရီအချိန်တွင် မြင့်မြတ်ထုသော ရဟန်းဘဝသို့ ရောက်ရှိတော်မူထေသည်။ ရဟန်းဘွဲ့တော်ကား အရှင်ဇာဂရ ဖြစ်သည်။

ရဟန်းတော် ဦးဇာဂရသည် ဥပဇ္ဈာယ် ဆရာတော်ထံပါး၌ပင် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်းငယ်လေးစောင်နှင့် ကခ်ါ စသော ကျမ်းစာများကို ရဟန်းဝါ သုံးဝါအထိ လေ့လာ သင်ကြားပြီး ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးကျောင်း ဆရာတော် ဦးကောဏ္ဍည (ယခု အဂ္ဂမဟာပဏ္ဍိတ ဆရာတော်) နှင့် ဖားကူး ဆရာတော် ဦးအာစိဏ္ဏနှင့်တကွ ဂဏဝါစက ဆရာတော်များထံ၌ နိကာယ်

(၅) ရပ်၊ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းများကို ဆိုဝါဖြင့် သင်ကြား အားထုတ်တော်မူလေသည်။ ထိုကျမ်းကြီးများကို သင်ကြားရသောအခါ ဆရာတော်အနေဖြင့် ဘုရားမြတ်စွာနှင့် တွေ့.ရဘိသကဲ့သို့ အထူးပင် နှစ်သက်ဝမ်းမြောက်မှု ဖြစ်မိလေသည်။

မင်းကျောင်းဆရာတော် လောင်းလျာသည် ထိုနိကာယ် ကျမ်းကြီးများကို ဆည်းပူး သင်ကြားရင်းပင် နိုင်ငံတော်အစိုးရ ပထမပြန် စာပြန့်ပွဲကို ဝင်ရောက် ဖြေဆိုရာ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတို့.ကို အောင်မြင်တော်မူခဲ့သည်။

သက္ကရာဇ် ၁၃၁၆ ခုနှစ်တွင် မန္တလေးမြို့. တောင်ပြင် ဘုရားကြီးတိုက် အမရပူရ ဆရာတော် ဦးဥက္ကံသ ထံပါးဝယ် အစိုးရဓမ္မာစရိယ (စာချတန်း) အတွက် သင်ယူ ဆည်းပူးရာ ဂုဏ်ထူးဆောင်ကျမ်းများနှင့် ကျမ်းရင်းသုံးကျမ်းကို ဖြေဆို အောင်မြင်သဖြင့် နိုင်ငံတော်အစိုးရ၊ သာသနာရေးဦးစီးဌာနမှ ချီးမြှင့်သော သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့လေသည်။ ထို့ပြင် ဆရာတော်ဘုရားကြီးသည် တောင်ပြင် ဆရာတော် ဦးနာရဒ (ယခု အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘုရားကြီး)၊ နယား ကျောင်းတိုက် ဆရာတော် ဦးမေဓိယ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်များ၊ ဦးကြယ် (အဂ္ဂမဟာ ပဏ္ဍိတ) တောင်ထီးလင်းတိုက် ဆရာတော်များ၊ ညောင်ကန် ဆရာတော်များ၊ အနောက်ပြင် ဝေယံဘုံသာ ကျောင်းတိုက် ဆရာတော် ဦးကလျာဏနှင့် မစိုးရိမ်တိုက်ဟောင်းမှ ဆရာတော် များထံမှာ ဗုဒ္ဓစာပေ ကျမ်းဂန်များကို သင်ယူ ဆည်းပူးတော် မူခဲ့သည်။

ရဟန်းတော် ဦးဇာဂရသည် ဓမ္မာစရိယ စာချတန်းကို အောင်မြင်တော်မူပြီးနောက် မန္တလေးမြို့ ဘုရားကြီးတိုက် အမရပူရ ဆရာတော်ထံမှာပင် မန္တလေးစာချနည်းဖြစ်သော အထွက်-အတက် စုဒ် စောဒနာတို့ကို ဆရာနည်းကျကျဖြင့် ကခ်ါ- သံဃာဒိသိသ်ကုန်အောင် သုံးနှစ်တိုင်တိုင် နည်းခံ သင်ယူဆည်းပူးခဲ့သည်။ ထိုသို့ ရဟန်းတော် ဦးဇာဂရသည် မန္တလေးမြို့၊ ဘုရားကြီးတိုက် အမရပူရဆရာတော်ထံ၌ နည်းခံ သင်ယူခဲ့ရာ ရဟန်း (၁၀) ဝါ အရတွင် မန္တလေးမြို့၊ ဘုရားကြီးတိုက်၌ စာချဘုန်းကြီးအဖြစ် ချီးမြှောက်ခြင်းခံတော်မူရသည်။

ထိုမှတစ်ဖန် ရဟန်းတော် ဦးဇာဂရသည် တောင်မြို့ တူးမောင်းတိုက်တွင် စာချဘုန်းကြီးအဖြစ် သက္ကရာဇ် ၁၃၂၁ ခုနှစ်၊ ရဟန်း ၁၂ ဝါ အရတွင် ဆက်လက်ချီးမြှောက်ခြင်းခံတော်မူရပြန်သည်။ သက္ကရာဇ် ၁၃၂၄ ခုနှစ်၊ ရဟန်း ၁၅ ဝါ အရတွင် ဆီးရောဂါ စွဲကပ်လာသည်။ ထိုအခါ ဆရာတော် ဦးဇာဂရသည်မိမိ၏သေရေးကိုသတိပြုမိပြီး စစ်ကိုင်းတောင်ရိုးရွှေဝါချောင်(ပတ္တမြားစေတီ၏အနီး) ၌ တရားအားထုတ်လျက်နေရာ မည်သည့်ဆေးဝါးကိုမျှ မမှီဝဲရဘဲ တရားတန်ခိုးတော်ကြောင့် ဆီးရောဂါ ပျောက်ကင်းရုံမျှမက အခြား မည်သည့် ရောဂါမျှ ဖြစ်ပေါ်၍ မလာပေ။

ထိုသတင်းကို ကြားရသော ရန်ကုန်မြို့မှ ခြောက်ထပ်ကြီး ဖားကွန်းဆရာတော်သည် ကျောင်းထိုင်ဘုန်းကြီး တစ်ပါးကို စေလွှတ်ပြီး ဆရာတော် ဦးဇာဂရအား အပင့်ခိုင်းလိုက်လေသည်။

ရန်ကုန်မြို့သို့ရောက်သောအခါ ခြောက်ထပ်ကြီး ဆရာတော်က ရဟန်းတော် ဦးဇာဂရအား ကျောက်တန်းမြို့ မင်းကျောင်းတိုက်မှာ သာသနာပြုရန် အမိန့်ချသဖြင့် သက္ကရာဇ် ၁၃၂၅ ခုနှစ်၊ နယုန်လတွင် ကျောက်တန်းမြို့ မင်းကျောင်း၌ စာသင်တိုက်တည်ထောင်ပြီး ပရိယတ္တိ သာသနာတော်ကို ချီးမြှောက်ထောက်ပံ့သည်။ တပည့် ရဟန်း သာမဏေများကိုလည်း ဝိနည်းတော်ကို လေးလေးစားစား ဂရုပြုလာစေရန် အစဉ်ဩဝါဒပေးပြီး ဝတ်ပုံ၊ စားပုံ၊ နေထိုင်ပုံများကို အထူး သင်ပြ ပုံသွင်းပေးသည်။ ဆရာတော် ကိုယ်တိုင်လည်း သံဃာတော်များနှင့်တကွ နေ့စဉ် ပိဏ္ဍာပါတ် ဆွမ်းခံစားရာ ယနေ့ထိတိုင်အောင်ပင်ဖြစ်သည်။

ဆရာတော်ဘုရားကြီးသည် ဝိနည်း ဒေသနာတော်ကို သုပပ္ပဋိဆန္ဒ သိက္ခာပုဒ်တော်များနှင့်အညီ တစ်သဝေမတိမ်းလိုက်နာကျင့်ကြံ အားထုတ်ရာတွင် ကျောက်တန်းမြို့တွင်သာမက သာသနာတော်တွင် စံပြုလောက်သည့် ဆရာတော် တစ်ပါးပင်ဖြစ်သည်။

ဝိနည်းသိက္ခာ လေးစားမှု

ဆရာတော်သည် သာသနာတော်ကြီးအား နေရောင်လရောင်ကဲ့သို့ အစဉ်တောက်ပနေစေရန်အတွက် ဗုဒ္ဓမြတ်စွာ စိန္ဆေယျာ၏ အဆုံးအမများကို တိတိကျကျ လိုက်နာကျင့်ကြံပြီး အခြား သံဃာတော်များကိုလည်း ကျင့်ကြံ လိုက်နာစေရန် အထူးသဖြင့် ဝိနည်း (ဗုဒ္ဓမြတ်စွာ စိန္ဆေယျာ၏ စည်းကမ်း) ကို

အထူးလေးစားရန် သွန်သင်ဆုံးမတော်မူလေသည်။ ဆရာတော် ကိုယ်တိုင်လည်း စံပြအဖြစ် ကျင့်ကြံလေသည်။ ဆရာတော် ဘုရားကြီးသည် -

၁။ ပိတ်သက်ိန်းတော်ကိုသာ ဝတ်ရုံခြင်း (ဘန်ကောက်၊ တက်ထရွန်၊ ပိုး အစရှိသော ခေတ်အဝတ်စများဖြင့် ချုပ်ထားသော သက်ိန်းကို ဝတ်ရုံလေ့ မရှိခြင်း)၊

၂။ အရောင်ရင့် ပိန္နဲရောင်ရင့် ဆိုးပြီးမှ ဝတ်ရုံခြင်း၊

၃။ သက်ိန်းကို ဗုဒ္ဓမြတ်စွာ၏ အဆုံးအမအတိုင်း သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်တော်များနှင့်အညီ တစ်သဝေမတိမ်း ဝိနည်းတော်နှင့်အညီ ဆင်ခြင်ခြင်း၊

၄။ မည်သည့်အခါမျှ ဧကသီ ချထားခြင်း မရှိ၊

၅။ ပစ္စည်းများကို ရိုရိုသေသေ သုံးစွဲခြင်း၊

၆။ တစ်မိုးတစ်ရံ တစ်ခုတည်းအောက်၌ မာတုဂါမများ ရှိလျှင် လုံးဝ ကျိန်းစက်ခြင်းမရှိ စသည့် ဝိနည်းသိက္ခာများကို တိတိကျကျ လိုက်နာသော သူတော်မြတ် တစ်ပါး ဖြစ်ပါသည်။

အချိန်ကို တန်ဖိုးရှိစွာ ကုန်လွန်စေခြင်း

ဆရာတော်ဘုရားကြီးသည် တစ်နေ့တာအချိန်ကို တန်ဖိုးရှိရှိ အကျိုးသက်ရောက်အောင် အသုံးပြုတော်မူလေ သည်။ သူတော်သူမြတ်တို့သည် အချိန်ကို အကျိုးမဲ့ မဖြစ်စေရပေ။

နေ့စဉ် နံနက် ၄ နာရီ မထိုးမီ အိပ်ရာမှ ထခြင်း၊ ဘုရား ဝတ်ပြု မေတ္တာဘာဝနာ ပွားများခြင်း၊ စကြံလျှောက်ခြင်း၊ တရား အားထုတ်ခြင်း၊ ဆွမ်းခံကြွခြင်း၊ ကျောင်းပတ်ဝန်းကျင်ကို တံမြက်လှဲခြင်း၊ ဂိလာန် ရဟန်းတော်များအား ကြည့်ရှု စောင့်ရှောက်ခြင်း၊ စာဝါချခြင်း၊ ဆွမ်းဘုဉ်းပေးပြီးနောက် ခေတ္တ ကျိန်းစက်ခြင်း၊ စာပေကျမ်းဂန်များ လေ့လာ ကြည့်ရှုခြင်း၊ ကျောင်းတိုက်ရှိ သံဃာတော်များနှင့်အတူ ညနေပိုင်းတွင် ဘုရား ဝတ်ပြုခြင်း၊ ဘုရား ဝတ်ပြုပြီးနောက် ကျောင်းတံခါး ပိတ်ပြီး တရားအားထုတ်ခြင်း စသည်တို့သည် ဆရာတော်ကြီး၏ နေ့စဉ် မပျက် ဆောင်ရွက်နေကျ ဝတ်များပင် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ ဩဝါဒများသည် သာသနာ တည်ခြင်းအကြောင်းဖြစ်၍ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ ဩဝါဒ များကို လိုက်နာကျင့်ကြံ အားထုတ်ခြင်းသည် သာသနာပြုခြင်း ပင် ဖြစ်ပါသည်။ ထိုနည်းနှင့်ပင် ဆရာတော်ဘုရားကြီးသည် သာသနာတော် စည်ပင်ပြန့်ပွား ရှည်ကြာစွာ တည်တံ့စေရန် ဆောင်ရွက်တော်မူသော သာသနာ့ အာဇာနည် သူမြတ် ဖြစ်လေသည်။

ဆရာတော်ဘုရားကြီးသည် ၎င်း၏ သီလ၊ သမာဓိ ဂုဏ် ကျေးဇူးတော်ကြောင့် ကျန်းမာရေး အထူးကောင်းမွန်လျက်ရှိလေ သည်။ ဆရာတော်ဘုရားကြီးသည် ပရိယတ်၊ ပဋိပတ် နှစ်သွယ် ကို စိုက်စိုက်မတ်မတ် ကျင့်ကြံကြိုးကုတ် အားထုတ် ဆောင်ရွက် တော်မူခဲ့သဖြင့် ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိ

ဂုဏ်နှင့် ထူးကဲသော ပညာဂုဏ်တော်တို့ကြောင့် ဟံသာဝတီ အရှေ့တစ်လွှား ထင်ပေါ် ကျော်စောသော ဆရာတော်တစ်ပါး ဖြစ်လေသည်။

ဆရာတော်ဘုရားကြီးသည် ယခုအချိန်တွင် ကျောက်တန်း မြို့ မင်းကျောင်းတိုက်တွင် တပည့်သံဃာတော်များနှင့်အတူ သီတင်းသုံးတော်မူလျက်ရှိသည်။ ကျောက်တန်း မင်းကျောင်း တိုက်သည် စည်းကမ်းကျနစွာ ဝိနည်းနှင့် သိက္ခာကို အလေး ထား၍ စနစ်တကျ ကျင့်သုံးသဖြင့် စည်းကမ်း အလွန်ကြီးသော ကျောင်းတိုက်တစ်ခုအနေဖြင့် ထင်ရှား ကျော်စောလျက် ရှိပေသည်။

ဆရာတော်ဘုရားကြီးသည် စာပေ ပရိယတ် ပို့ချသော လုပ်ငန်းကို ၁၃၂၂ ခုနှစ်မှ ၁၃၄၈ ခုနှစ်အထိ ၂၆ နှစ်တိုင်တိုင် ပို့ချခဲ့ပြီး သက်တော် (၆၀) တွင် ပဋိပတ်လုပ်ငန်းကို အားထုတ် မည်ဟု အဓိဋ္ဌာန်ချက် ရှိတော်မူသဖြင့် သက္ကရာဇ် ၁၃၄၉ ခုနှစ် မှစ၍ ပဋိပတ်လုပ်ငန်းကို ယနေ့ထိတိုင် အားထုတ်တော်မူလေ သည်။ ဆရာတော်ကြီး၏ တပည့်ရဟန်းများနှင့် ဒကာ၊ ဒကာမ များကိုလည်း ပဋိပတ်လုပ်ငန်းစဉ် တရားတော်များကို ဟောကြား ပြသ ဆုံးမတော်မူသည်။

ဆရာတော်ဘုရားကြီးကိုယ်တိုင်လည်း ပဋိပတ်အလုပ်ကို လက်လွတ်မခံဘဲ ကာယာနုပဿနာ သတိပဋ္ဌာန်ကို အမြဲ ကျင့်သုံး နှလုံးသွင်းနေလေ့ရှိပေသည်။

✧✧✧

ကဗျာအကျော် ဆရာတော်
ရှင်မဟာသီလဝံသ၏ ဆုံးမစာများ

ပလေးပင် ရှင်လေးပါး အပါအဝင် အင်းဝ ကဗျာခေတ်ကို စတင်တည်ထောင်ခဲ့သူများတွင်ပါဝင်သော ကဗျာဖခင်ကြီးဟုပင် တင်စားနိုင်သော ကဗျာအကျော် ဆရာတော်တစ်ပါးဖြစ်သည့် ရှင်မဟာသီလဝံသ၏ ဆုံးမစာများသည် နှစ်ပေါင်း ၅၀၀ ကြာမြင့်နေပြီဖြစ်၍ အစောဆုံးဖြစ်သည်ကို တွေ့ရပါသည်။ မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်နှင့် အညီ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမကို ခံယူ၍ လူ့ကျင့်ဝတ်ကို လိုက်နာ ကျင့်သုံးခြင်းဖြင့် ယဉ်ကျေးမှုတွင် ထိပ်တန်းကျသော လူမျိုးဟူ၍ ဂုဏ်ယူ ဝင့်ကြွားနိုင်ခဲ့ကြပါသည်။

ဗုဒ္ဓဘုရားရှင်သည် လောကုတ္တရာရေးသာမက လောကီရေးတွင်လည်း လူ့ကျင့်ဝတ်၊ လူလူချင်း ပေါင်းသင်း ဆက်ဆံရေးရာ၌ လိုက်နာကျင့်ဆောင်ရမည့် ဝတ္တရားများကို ဟောပြဆုံးမတော်မူခဲ့ပါသည်။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာနှင့် သိဂၤါလောဝါဒသုတ်များကို ဟောပြော ဆုံးမတော်မူခဲ့သည်မှာ များစွာ

လိုက်နာဖွယ်တို့ပင်ဖြစ်ပေသည်။ ဤသို့ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမတို့ကို ရှေးပညာရှိတို့သည် ကဗျာထက်ဝတ်တို့ဖြင့် ဖွဲ့သီရေးသားခဲ့ကြရာတွင် ရှင်မဟာသီလဝံသ၏ဆုံးမစာများသည် အစောဆုံးဖြစ်ပြီး၊ လူ့ကျင့်ဝတ်နှင့် ပတ်သက်၍ စုံလင်မှုရှိသည်။ ကျစ်လျစ်မှုသိပ်သည်းမှုနှင့် ပြည့်စုံလှပေသည်။

ဆရာတော်၏ ဆုံးမစာများသည် နှစ်ပေါင်း ၅၀၀ ရှိပြီဖြစ်သော်လည်း မရိုးနိုင်၊ မဟောင်းနိုင်၊ ခေတ်မီမြဲပင် ရှိသေးသည်ကို တွေ့နိုင်ပေသည်။

တိလောကဟု၊ မရန်ိုင်းတူ၊ ဘက်မပြုသည့်၊ သုံးဆူရတနာ၊ မာတာမိဘ၊ ဆရာစသား ဟူသော အစချီစကားကပင် ဖတ်ရှုရသူတို့အဖို့ ပီတိဝေဖြာ၊ သုတိသာယာ ရှိလှပေသည်။ ဆရာမိဘတို့ ဆုံးမသည်ကို ပြစ်မှားစိတ်မထားဘဲ ခံယူပါဟူ၍ အစချီလျက် မိဘ ဆရာသမားတို့အပေါ် သားသမီး တပည့်များက ကျင့်သုံးကြရန် ကဗျာအကျော် ဆရာတော်တစ်ဆူဖြစ်သော ရှင်မဟာသီလဝံသက ညွှန်ပြသွားသည်မှာ -

၁။ ဆရာသမား၊ မိဘအားကိုး၊ နိုးကြားမပျက်၊ မျက်သစ်တံပူ၊ လုံ့လကူသည်၊ ယူ၍မပြတ်၊ နေ့တိုင်းကပ်။
၂။ ကြွသွားခါသော်၊ ယူရာသည်များ၊ ပြင်၍ထား။
၃။ ကျိန်းစက်သောအခါ၊ တစာစာနှင့်၊ ပျာပျာဒလောင်လောင်၊ တဟောင်ဟောင်သည်၊ ခေါင်ခေါင်ကြမ်းကို မနင်းနှင့်။

၄။ ရိုင်းစိုင်း နီးကပ်၊ မကိုင်းညွှတ်ဘဲ၊ မတ်မတ်ထိုး၍
မသွားနှင့်။

၅။ စားဖွယ်စားရာ၊ ကပ်သောခါလည်း၊ ချဉ်းလာနီးစေ၊
ခြေစုံနေ၍၊ ရိုသေကိုင်းညွှတ် ချဉ်း၍ကပ်။

၆။ ဝိဉီးဖဉီး၊ ဆရာဉီးကို၊ ခူး၍အလျင် မစား‌နှင့်။

၇။ မိဘဆရာ၊ ထားသည့် ဟာကို၊ မျက်နှာကွယ်လျှင်၊
မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊
ဝပ်တွားခယ တောင်းပါကြ။

၈။ ခရီးပန်းဝင်၊ လာသည် မြင်သော်၊ အလျင် ယူလှမ်း။

၉။ ခြေဆုပ် လက်နယ်၊ မူကြိုးငယ်ကို၊ လွဲဖယ် မသွား။

၁၀။ အမှုနည်းများ၊ ခန့်ထားရှိသော်၊ တစ်ခွန်းခေါ်က၊
ကြားသော်ခဏ၊ ချဉ်းကပ်ကြ။

၁၁။ တရားပေစာ၊ ဟောသောခါလည်း၊ နှုတ်မှာ မစောင့်၊
တစ်ထောင့်စကား၊ တဟား‌ဟား‌သည်၊ ရိုင်းကား
မိုက်မဲ မပြောနှင့်။

၁၂။ ဆရာ့နေခင်း၊ အင်းပျဉ်ညောင်စောင်း၊ လဲလျောင်း
ဘုံလျှိုး၊ ထိုထိုထက်မှာ၊ မနေရာသည်
စသည်ဖြင့် ဆုံးမခဲ့သည်မှာ ယခု မျက်မှောက်ခေတ်တိုင်အောင်
လိုက်နာဖွယ်တို့ပင် ဖြစ်ပါသည်။

ထို့ပြင် ကျောင်းသား လူငယ် အချင်းချင်းတို့အပေါ်
ကျင့်ဝတ်များကိုလည်း ညွှန်ပြခဲ့သည်မှာ -

၁။ ဗျားနာကျောင်းတွင်၊ ရှိသည်မြင်သော်၊ ကြင်ကြင်နာနာ၊ ညီညာဖြဖြ၊ ဆေးဝါးပေး၍ ထုပ်ကျွေးကြ။

၂။ အသက်ကြီးငယ်၊ ဝါကြီးငယ်ကို၊ ထွဲဖယ်မသွေ၊ နှိမ့်ချလေ။

၃။ မင်းသွား ငါသွား၊ ငြင်းခုံပွားအောင်၊ စကား ဘောက်ဆတ် မဆိုအပ်။

၄။ မသင်တတ်ငြား၊ ရန်စကားဖြင့်၊ ထွေပြားပွေထီ၊ တစီစီနှင့်၊ တဟီဟီသည်၊ ကျီစား၍လည်း မနေနှင့်။

၅။ ဟိန္နနုတ္တာ၊ မဆဲကြနှင့်၊ ကြီးက ငယ်သည်၊ နင်ဟယ် ကိုမျှ၊ မဆိုကြနှင့်၊ ရန်စ ချုပ်ချည်၊ ရောင်ထွဲဖယ်၍၊ သတ်မည်ကိုထား၊ လက်ဖျားနှင့်မျှ၊ မတို့ကြနှင့်၊ ချစ်လှရိုသေ၊ အချင်းချင်းကို၊ သင့်တတ်စေဟု၊ မအေအရင်း၊ တစ်ဝမ်းတွင်းသို့၊ သားရင်းတူကွမှတ်ကုန်ကြ။

၆။ တစ်ယောက်ကိစ္စ၊ ကိုင်တွယ်ကြသော်၊ ခြေကြွလက်သာ၊ မနေရာသည်၊ တတ်ပါသမျှ ညီညာကြ

စသည်ဖြင့် တစ်ဦးနှင့်တစ်ဦး တစ်အုထုံ့ဆင်း ညီရင်းအစ်ကိုများကဲ့သို့ ကျင့်သုံးကြရန် ဆရာတော်သည် သွန်သင်ပြသ ဆိုဆုံးမသွားပေသည်။

ထိုမျှသာမကသေး၊ တစ်ဦးချင်း လိုက်နာရန် ကျင့်ဝတ်ကိုလည်း ကွက်လပ်မထား ပြဆိုတော်မူသွားသည်မှာ

၁။ ကယောက်ကယက်၊ ကျက်ကျက်ပျောက်ပျောက်၊ စားသောက်အိပ်နေ၊ မရှိစေနှင့်။

၂။ ကျောင်းတလင်းတွင်၊ မြက်သစ်ပင်ကို၊ မြင်လျှင် မဖွယ်၊ မတင့်တယ်သော်၊ ထည့်၍မပြတ် တံမြက် ခတ်။

၃။ သုံးဆောင်ရေနှင့်၊ သောက်ရေအိုးတွင်၊ ရေနည်း မြင်သော်၊ ခေါင်းညိုညွတ် သွား၍ခပ်။

၄။ ကျောင်းတွင်း အိမ်တွင်၊ မသန့်စင်၍၊ မြင်သည် ရှိသော်၊ ယူငင်သိမ်းဆည်း၊ အထဲသို့ကြား၊ ကောင်း ကောင်းထား။

၅။ မလျှပ်မပေါ်၊ ခေါလျှင်လည်းရ၊ ထကြွမွေ့သိမ်၊ ကုန်နှေနှင့် ငြိမ်ငြိမ်နေ။ မျက်စိမငြိမ်၊ နားမငြိမ်သည်၊ ဟိန်းဟဲ့ မဆိုရစေနှင့်။

၆။ မျက်မှောက်ကောင်းငြား၊ ပြင်တစ်ပါးမှာ၊ တခြား မကျင့်ကြစေနှင့်။

၇။ ရေးကစူးစူး၊ ဒူးကို လက်မြောင်၊ ထိုင် ဆောင့် ကြောင်နှင့်၊ ပေါင်ထောင် လက်ကား၊ အပါး ကျပ်ကျပ် မနေအပ်။

၈။ တတ်လှစေချင်၊ ငါ့ကိုသင်ဟု၊ ထိပ်တွင်လည်း ရွတ်၊ လျင်လျင်ရအောင် ကြိုးစားကျက်။

၉။ အချိန်တန်၍၊ စာအံဆိုလျှင်၊ မရွှင်မျက်နှာ၊ မသာမချို၊
ထိုထိုအကြံ၊ ကြီးပွားဖန်၍၊ မအံတစ်ခါ၊ အံတစ်ခါနှင့်၊
မျက်နှာတစ်ပါး၊ စာတခြား.ဃည်း၊ စကားပြောဟော၊
တသောသောသည်၊ ရယ်မောလေ့ထည်း မနေနှင့်။

၁၀။ နားပန်းဆံနှင့်၊ နောက်ဆံထည်းထား၊ ဖြူထွား
ခေါင်းပေါင်း၊ နားတောင်းဝတ်ကာ၊ ပန်းပန်ကာနှင့်၊
သီကာမြူးရွှင်၊ ရွှေငွေ ဆင်၍၊ သင်တို့ သည်နယ်
မကျင့်နှင့်

စသည့် ခေတ်လူငယ် များတို့အားလည်း သွန်သင်ပြသ ဆိုဆုံးမခဲ့ပါသည်။

ထိုသို့ မိဘ ဆရာသမားများအပေါ် ကျင့်ဝတ်၊ အချင်းချင်း အပေါ် ကျင့်ဝတ်၊ တစ်ဦးချင်းထားရှိ ကျင့်သုံးရမည့် ကျင့်ဝတ် စသည်ဖြင့် ပြသ ဖွင့်ဆို ဆုံးမသွားခဲ့သည့် ကဗျာအကျော် ဆရာတော် ရှင်မဟာသီလဝံသသည် တောင်တွင်းကြီးမြို့နယ် မြို့လုလင်ရွာ၌ အဖ ဦးကြည်၊ အမိ မယ်ဒွေးတို့မှ သက္ကရာဇ် ၈၁၅ ခုနှစ်တွင် ဖွားမြင်တော်မူပါသည်။ ဆရာတော်ကြီး၏ ငယ်မည်မှာ မောင်ညို ဖြစ်ပါသည်။

ရှင်မဟာသီလဝံသနှင့်အတူ ရှင်လေးပါး ပေါ်ထွန်းခဲ့သည်။ ရှင်လေးပါး ပေါ်ထွန်းလာသည့်အခါ တောင်တွင်းကြီးမြို့နယ်တွင် ပေတောငါးရွာမှ ပုဗ္ဗနိမိတ်ထူးများ ဖြစ်လာသည်။ သက္ကရာဇ် ၈၁၅ ခုနှစ်တွင် တောင်တွင်းကြီးမြို့ မြောက်ဘက်

မြို့လုလင်ရွာမှ နှစ်စို့၊ သတိုးထမ်းရွာမှ တစ်စို့၊ မန်ကျီယောင်ရွာမှ တစ်စို့ ပေစို့ကြီးလေးစို့ အုံသြဖွယ်ရာပေါက်ခဲ့၏။ ထိုအခါရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော်၊ ရှင်အုံးညိုနှင့် ရှင်ခေမာတို့ ထွက်ပေါ်ခဲ့ပါသည်။ ဤသည်ကိုအကြောင်းပြု၍ "ပေလည်လေးပင်၊ ရှင်လည်း လေးပါး" ဟူ၍ ဆိုစမှတ်ပြုကြပါသည်။

သက္ကရာဇ် ၈၃၀ ပြည့်နှစ်၊ အသက် (၁၅) နှစ်အရွယ်တွင် မောင်ညိုအား ရှင်သာမဏေပြု၏။ ၄ က်ပစ်တောင် နတ်မီးလင်းဆရာတော်ထံ၌ ပညာသင်ကြားစေပြီး သက္ကရာဇ် ၈၃၅ ခုနှစ် သက်တော် (၂၀) ပြည့်တွင် ရဟန်းပြု၍ အရှင်မဟာသီလဝံသဘွဲ့ ခံယူလေသည်။

သက္ကရာဇ် ၈၄၅ ခုနှစ်၊ သက်တော် (၃၀) တွင် အင်းငနေပြည်တော်သို့ ကြွရောက်ပြီး ဒုတိယမင်းခေါင်က စစ်ကိုင်ရတနာဗိမာန် ကျောင်းတော်ကြီးကို လှူ၍ ကိုးကွယ်တော်မူပါသည်။

သက္ကရာဇ် ၈၅၇ ခုနှစ်တွင် ဆရာတော်ဘုရားကြီးအား ဒုတိယ မင်းခေါင် ကိုယ်တိုင် "သီလဝံသ မဟာ ဓမ္မရာဇာဂုရု" ဘွဲ့တံဆိပ်တော်ကို ဆပ်ကပ်တော်မူပါသည်။

ဆရာတော် ရေးသားသော ကျမ်းများ၊ စာပေများမှာ ပါရမီတော်ခန်းပို့၊ ဆုတောင်းခန်းပို့၊ တောင်တွင်းလားပို့၊ တံတားဦးတည်မော်ကွန်း၊ ရွှေနန်းတည်မော်ကွန်း၊ ဓမ္မပါလပို့၊ ရတနာဗိမာန်ကျောက်စာ၊ တောင်တွင်းမြို့ဘွဲ့၊ ရတု၊ သျှိသျှကား

ကန်တော်မော်ကွန်း၊ ဘုရင်မင်းခေါင်သို့ပေး ရတုများ၊ ရှင်မဟာရဋ္ဌသာရသို့ပေး ရတုများ၊ ရာဇဝင်ကျော်၊ ပါရာယနဝတ္ထုနှင့် ဆုံးမစာတော်များ ဖြစ်ကြသည်။

ဆရာတော်ဘုရားကြီးသည် ရွှေနန်းကျော့ရှင် နန်းစံ (၁၇) နှစ်၊ သက္ကရာဇ် ၈၈၀ ပြည့်၊ သက်တော် (၆၅)နှစ်၊ ဝါတော် (၄၅) ဝါ အရတွင် ဘဝနတ်ထံ ပျံလွန်တော် မူခဲ့လေသည်။ သို့သော်လည်း ဆရာတော်ဘုရားကြီး၏ စာပေရေးရာများသည် သဒ္ဒါတွင် ရှင်မဟာကစ္စည်း၊ ကဗျာတွင် ရှင်မဟာသီလဝံသတည်း ဟု ယနေ့ထိတိုင် ဥဒါန်းတွင်ကျန်ရစ်လျက် ရှိပေသည်။ ထို့ပြင် ဆရာတော်ဘုရားကြီး၏ စာပေများ၊ အဆုံးအမများ၊ ဩဝါဒများသည် မြန်မာလူငယ် လူရွယ်၊ သားငယ် သမီးငယ် အပေါင်းတို့အတွက် မရိုးနိုင် မဟောင်းနိုင် ခေတ်မီမြဲပင် ရှိနေလိမ့်ဦးမည်ဖြစ်ကြောင်း ဆရာတော်အရှင်မြတ်အား ဦးညွတ်ကာ မှတ်တမ်းတင် ဂုဏ်ပြု ရေးသားအပ်ပါသတည်း။

✧ ✧ ✧

ဓမ္မစာဆိုတော်ကြီး လယ်တီဆရာတော်

၁။ ဝေနေယျအား မြင်လုံးထွားအောင် ဝိပဿနာတရား ဟောကြားနိုင်သော စောထွင့်ရတနာ မြတ်ဗုဒ္ဓါကို သဒ္ဓါညွတ်ကျိုး လက်စုံမိုး၍ ရိုလျှင်ခိုးသည် ဤတွင် အစ ပဏာမတည်း။

၂။ ပထဝီ အာပေါ တေဇော ဝါယော ဓာတ်သဘောမှာ ခက်မာဖွဲ့စေး ပူအေးထောက်ကန် လေးတန် လက္ခဏာ သိကြောင်းပြသည် လေးဝ ဓာတ်ရင်း သဘောတည်း။

၃။ ဓာတ်ကြီးလေးပါး ဖြစ်လာငြားက ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဤလေးဖြာ မြဲစွာပါမြဲတည်း။

၄။ ထိုဓာတ်ရှစ်ပါး မပြားမကွဲ တစ်သားတည်းမှတ် အဋ္ဌကလာပ် ဓာတ်ခဲတစ်ခု ခေါ်ရိုးပြုကြ နှိုင်းတုစရာ ပမာမရ သေးငယ်လှသော သဘောမျှသာတည်း။

၅။ အဋ္ဌကလာပ် ဓာတ်ခဲအပေါင်း ထောင်သောင်းမက အနန္တများစွာ ပေါင်းစုလာသော် အမာအပျော့ အပေါ့ အလေး အသေးအကြီး အနည်းနည်း အထွေထွေ

မဟာဆိုတော်ကြီး

လယ်တီဆရာတော်



ပွေပွေလီလီ အရည်အဖတ် ဒြပ်သဏ္ဌာန် ပေါ်ထာ
ပြန်သည် မှားရန်အကြောင်းနိမိတ်တည်း။

၆။ သဏ္ဌာန်ဒြပ် ဖြစ်ပေါ်ထတ်က ဓာတ်ထေးပါးအနက်
ပထဝီ ထက်လျှင် မာမြဲပင် နုံ့လျှင် ပျော့လေ၏။
အာပေါ ထက်လျှင် အရည်ပင် နုံ့လျှင် ခဲလေ၏
တေဇော ထက်လျှင် ပူအေးပင် နုံ့လျှင် မျှတ၏။
ဝါယောနုံ့က ငြိမ်ဝပ်စွ လွန်ကဆူပ်ရှား ပြေးလွှင့်
လွှားသည် လေးပါးဓာတ်ရင်း သဘောတည်း။

စသော လယ်တီဆရာတော်ဘုရားကြီး စီစဉ်ရေးသားခဲ့သော ဝပဿနာကဗျာများကို စာရေးသူသည် ငယ်စဉ် ကုရင်ဘဝက ရင်းနှီးခဲ့ရသည်။ ထိုစဉ်က အောင်မင်္ဂလာဆရာတော်၏ သွန်သင်ပေးမှုအရ ကျက်မှတ်ခဲ့ရသည်။ နှုတ်တက်အာဂုံရခဲ့သည်။

လယ်တီဆရာတော်ဘုရားကြီး စီစဉ် ရေးသားခဲ့သော ဝိပဿနာကဗျာများမှာ ပိုဒ်ရေ ၃၀ ရှိသည်။ ထို ၃၀ ပိုဒ်တွင် တစ်ပိုဒ်ချင်း လေးနက်သော အဓိပ္ပာယ်ရှိသည်။ ထိုမိလှသည့် တရားသဘောအပြည့်အဝရှိသည်။ လွန်စွာမှကောင်းမွန်သည်။ ထိုဝိပဿနာကဗျာ ၃၀ ကို နှုတ်တက်အာဂုံ အရဆောင်ပြီး လိုက်နာ ကျင့်ကြံပါက ပစ္စုပ္ပန် မျက်မှောက်ဘဝတွင် လူတွင်လူဖြတ်များ ဖြစ်၍ သံသရာခရီး တစ်လျှောက်လုံးတွင်လည်း အကျိုးကျေးဇူး ဖြစ်ထွန်းပြီး နောက်ဆုံးဘဝတွင် နိဗ္ဗာန်တည်းဟူသော ပန်းတိုင်သို့ ရောက်စေနိုင်ပေသည်။

ထိုသို့ တရားသဘော ဂုဏ် ရသ အလင်္ကာတို့နှင့် ပြည့်သိပ်နေသော ဝိပဿနာကဗျာ ၃၀ ကို ပြုစုရေးသားသွားသော ဓမ္မစာဆိုတော် လယ်တီဆရာတော်ဘုရားကြီးသည် စစ်ကိုင်.တိုင်း ဒီပဲယင်းမြို့နယ် စိုင်ပြင်ရွာ၌ အဖဦးထွန်းသာ၊ အမိဒေါ်ကျုံတို့မှ သက္ကရာဇ် ၁၂၀၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့ည ၁ ချက်တီးကျော်အချိန်တွင် ဖွားမြင်တော်မူပါသည်။ ဆရာတော်ကြီး၏ ငယ်မည်မှာ မောင်တက်ခေါင် ဖြစ်သည်။

၁၂၀၈ ခုနှစ်၊ (၁၀) နှစ်သားအရွယ်မှ ရဟန်းဘောင်တက်သည်အထိ ဒေသခံ ဆရာတော်မြတ်များထံတွင် စာပေ သင်ကြားခဲ့သည်။ ရဟန်းဘွဲ့မှာ အရှင်ဉာဏဓဇ ဖြစ်သည်။ ဆရာတော်သည် ထိုစဉ်က မန္တလေးမြို့တွင် ထင်ရှား ကျော်ကြားလျက်ရှိသော သုဒဿန ဓဇအတုလာဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ စံကျောင်းဆရာတော်ထံတွင် ပရိယတ္တိသင်ကြားတော်မူလေသည်။ ၁၂၄၄ ခုနှစ်တွင် မုံရွာမြို့ ရွှေစည်းခုံကျောင်းတိုက်သို့ ရောက်ရှိ သီတင်းသုံးတော်မူ၍ စာဝါများ ပို့ချပေးနေရာမှ ၁၂၄၈ ခုနှစ် တပို့တွဲလတွင် မုံရွာမြို့ မြောက်ဘက်ရှိ လယ်တီတောထဲသို့ တစ်ပါးတည်း လိုက်လာသဖြင့် ထိုတောမှာပင် သီတင်းသုံး၍ စာပေ ပို့ချနေရာမှ တစ်စတစ်စ ကျောင်းတိုက်ကြီး ဖြစ်လာပြီး လယ်တီကျောင်းတိုက်ဟု ယခုတိုင် ထင်ရှားရှိနေပါသည်။

ဆရာတော်ကြီးသည် ကျမ်းဂန်တတ် အကျော်တစ်ပါး ဖြစ်သည့်အလျောက် အယူအဆ အတွေးအခေါ်များမှာလည်း

ရဲရင့်သည်။ ဆရာတော် ဖြတ်သန်းခဲ့သည့် ခရီးတစ်လျှောက်ကို လေ့လာကြည့်လျှင် ထိုစဉ်က အများလက်ခံထားသည့် အစဉ်အလာ နှစ်ရပ်ကို ရဲရဲဝံ့ဝံ့ တော်လှန်ခဲ့သည်ကို တွေ့.ရသည်။

ပထမ အစဉ်အလာတစ်ရပ်မှာ ထိုခေတ်က လူပုဂ္ဂိုလ် ဖြစ်စေ၊ ရဟန်းပုဂ္ဂိုလ်ဖြစ်စေ ပိဋကတ်စာပေတွင် ဖော်ပြထားချက် အားလုံးမှန်သည်ဟု ယူဆကြသဖြင့် ပါဠိဘာသာဖြင့် ရေးသားပြုစုခဲ့သည့် ကျမ်းဂန်ပါ အယူအဆများကို မဝေဖန်ရဲကြပေ။ ပါဠိစာပေဖြင့် ရေးသားပြုစုထားခြင်းကိုပင် အမှန်ချည်းပဲဆိုသည့်သဘောမျိုး ထားတတ်ကြသည်။ ဒုတိယ အစဉ်အလာတစ်ရပ်မှာ ထိုခေတ်က ကျမ်းများ ပြုစု ရေးသားလျှင် ပါဠိအကိုးအထောက် အစုံအလင်ပါမှ ကျမ်းဂန်ကောင်း အင်္ဂါရပ်နှင့် ညီညွတ်သည်ဟု ယူဆတတ်ကြပါသည်။ ပါဠိ အကိုးအကားများစွာ ထည့်သွင်း ပြုစုခြင်းကို ကျမ်းဂန်ပြု ပညာရှိကြီးဟု ထင်မှတ်ကြသည်။

ဆရာတော်သည် ၁၂၅၉ ခုနှစ်တွင် မြန်မာနိုင်ငံ သာသနာဝင်တွင် ထင်ထင်ရှားရှား တုန်လှုပ် ချောက်ချားသွားစေသည့် ကျမ်းကြီးတစ်စောင်ကို ပါဠိဘာသာသက်သက်ဖြင့် ရေးသားပြုစုတော်မူခဲ့သည်။ ထိုကျမ်းဂန်စာအုပ်မှာ ပရမတ္ထ ဒီပနီ အမည်ရှိသည့် ဋီကာကျမ်းကြီးဖြစ်ပါသည်။ ဋီကာကျော်များ၏ ချွတ်ယွင်းချက်များကို ပြတ်ပြတ်သားသား ဖော်ထုတ် ဝန်ခံကာ ဆရာတော်ကြီး၏ အယူအဆများကို ရဲရဲဝံ့ဝံ့ တင်ပြထားသည့် ဋီကာကျမ်းကြီးတစ်ဆူ ဖြစ်ပါသည်။ ထိုကျမ်းစာအုပ်ဖြင့်

ရှေးဆရာကြီးများ၏ အယူအဆဆိုလျှင် မှန်ရမည် ဆိုသည့် အစဉ်အလာကို တော်လှန်လိုက်ခြင်း ဖြစ်ပေသည်။

ဆရာတော်ကြီးသည် ငယ်စဉ်ကပင် မြန်မာလူမျိုးတို့အား ရှင်တော်မြတ်ဘုရား ဟောကြားခဲ့သော ဓမ္မရသများကို မြန်မာလို ပေးဆောင်ရန် စိတ်ဆန္ဒရှိခဲ့၏။ ထို့ကြောင့် ဆရာတော်ကြီးသည် မြန်မာလူမျိုးတို့၏နားတွင် ဝင်းခနဲ ရှင်းခနဲ မြင်လုံးထွားသော မြန်မာစာပေဆန်သည့် ဘာသာပြန် ကျမ်းများကိုလည်း ရေးသားခဲ့ပြန်ပါ၏။ ဆရာတော် ရေးသားခဲ့သော ကျမ်းများမှာ ဝိပဿနာဒီပနီ အစ၊ ပဋ္ဌာန်သမုဂ္ဂါဒ်ဒီပနီ အလယ်၊ သာသနာ့ဒါယဇ္ဇဒီပနီ အဆုံး ကျမ်းပေါင်း ၁၀၂ ကျမ်းကို ပြုစုရေးသားတော်မူခဲ့ပေသည်။ ဆရာတော်၏ ကျမ်းဂန်များကို စစ်ကိုင်းတိုင်း မုံရွာမြို့ လယ်တီတောရ ကျောင်းတိုက်တွင် ကျောက်ထက် အက္ခရာ တင်ထားရာ ယနေ့တိုင် သွားရောက်လေ့လာ ဆည်းပူးနိုင်ပေသည်။

ဆရာတော်ကြီးသည် သက္ကရာဇ် ၁၂၇၃ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ရှေးဦးဆုံး ကပ်လှူခြင်း ခံယူရရှိတော်မူသော ဆရာတော်မြတ်တစ်ပါး ဖြစ်လေသည်။ ၁၂၈၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ကျမ်းတတ်ပါရဂူဒီလစ်ဘွဲ့ကို ကပ်လှူခြင်း ခံရပြန်ပါသည်။

ဖော်ပြပါဂုဏ်တော်အရပ်ရပ်နှင့် ပြည့်စုံတော်မူသော စာပေတော်လှန်ရေးသမားကြီး ဓမ္မစာဆို လယ်တီဆရာတော်

ဘုရားကြီးသည် သက္ကရာဇ် ၁၂၈၅ ခုနှစ် သက်တော် (၇၇) နှစ်တွင် ပျဉ်းမနားမြို့၌ ပုံလွန်တော်မူခဲ့ပါသည်။ သို့သော် ယနေ့တိုင် လယ်တီဆရာတော်ဘုရားကြီး၏ အဆုံးအမများ၊ ဩဝါဒများ၊ ကျမ်းဂန်စာပေများက မြန်မာလူမျိုးတို့ကို အလင်းရောင်ပေးဆဲ၊ လမ်းညွှန်နေဆဲဖြစ်ပါသည်။ နောင်ကိုလည်း အလင်းရောင် ဆက်လက်ပေးနေဦးမည်ဖြစ်ပေသည်။ အမှန်ဆိုရလျှင် ဆရာတော်ဘုရားကြီးသည် ပါဠိစာပေ မကျွမ်းကျင်သော ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးအပေါင်းတို့အား ဓမ္မရသ အပြည့်အဝ ခံစားနိုင်ရန် ပြုစုရေးသားခဲ့သော ရဟန်းစာဆိုတော် ဆရာတော်ကြီး တစ်ပါးဖြစ်ကြောင်း မှတ်တမ်းတင် ဂုဏ်ပြုရေးသားအပ်ပါသတည်း။

✧✧✧

အင်းဝခေတ် စာပေအကျော်
ဆရာတော် ရှင်မဟာရဋ္ဌသာရ

၁။ အစ်ကိုကြီးအား၊ ညီငယ်များလည်း၊ စကားနူတ်ဆက်၊
ဖက်၍မဆို၊ ရိုသေလှစေ၊ ကိုကြီး အစ်မ၊ သည်နှစ်ဝကို
မိဘကဲ့သို့ မှတ်ပါလေ။

၂။ သေတူရှင်ဖက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊
အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊
ညီညာကုန်း၍ ရှန်းကြလေ။

၃။ တစ်ယောက်စကား၊ တစ်ယောက်နှားမှာ၊ မခါးရ
အောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာ
သဲ့ ချိုလှစေ။

၄။ မတွေ့ခိုက်ရန်၊ မကျူးလွန်နှင့်၊ မျက်မာန်ဒေါသ၊
မထွက်ရအောင်၊ မာန်မာနကို ချုပ်ကြလေ။

၅။ သေနှင့်အရက်၊ စီးပွားဖျက်ကို၊ တစ်စက်ကယ်မျှ၊
မသောက်ကြနှင့်၊ ရောင်ကြပါလေ၊ ရှင်တော်
ဟောသည့် အဆိပ်ရေ ...

စသော လက်ာများမှာ အင်းဝခေတ်က ရှင်မဟာရဋ္ဌသာရ ပုဂ္ဂိုလ်ကျော်က တပည့်တို့ကို ဆိုဆုံးမခဲ့သော လက်ာများဖြစ်သည်။ ညီအစ်ကို မောင်နှမ အချင်းချင်း ဆက်ဆံရေး၊ ကျောင်းနေဖက် သူငယ်ချင်း အပေါင်းအသင်းတို့ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေး၊ တစ်ဦးနှင့်တစ်ဦး ယဉ်ကျေး၍ နာဗျော်ဖွယ်ရာ စကားမျိုးကိုသာ ပြောဆိုဆက်ဆံရေး၊ တစ်ဦးပေါ်တစ်ဦး သည်းခံစိတ် မွေးမြူရေး၊ လူငယ်လူရွယ်တို့သည် ပျော်လိုပါးလို၍ အရက်သေစာကို မှီဝဲတတ်ကြရာ ဘဝလမ်းလွဲမှားမည်စိုး၍ အရက်သေစာ ဟူသောမူးယစ်ဆေးကို မမှီဝဲရန် အင်းဝခေတ် စာပေအကျော် ဆရာတော်တစ်ပါးဖြစ်သည့် ရှင်မဟာရဋ္ဌသာရ ဆရာတော်က ကဗျာလက်ာသွားဖြင့် ပြုစု ရေးသားခဲ့ပါသည်။

ထိုသို့သော ဂုဏ်, ရသ, အလင်္ကာတို့ဖြင့် ပြည့်သိပ်နေသော ဆုံးမစာ ၄၁ ပိုဒ်ကို ပြုစုရေးသားထားခဲ့သော အင်းဝခေတ် စာပေအကျော် ဆရာတော် ရှင်မဟာရဋ္ဌသာရကို ရတနာပူရ အင်းဝရွှေမြို့တော်ကြီး၏အလယ်တွင် သက္ကရာဇ် ၈၃၀ ပြည့်နှစ်၊ ဝါဆိုလ၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူပါသည်။ ဆရာတော်၏ ငယ်မည်မှာ "မောင်မောက်" ဖြစ်ပါသည်။

မောင်မောက်၏ဖခင်မှာ ပြည်စုန်မင်း သီဟသူနှင့် မိဖုရားခေါင်ကြီးတို့အပြင် သားတော် ဒုတိယမင်းခေါင်နှင့် မိဖုရားခေါင်ကြီးတို့၏ ယုံကြည်ကိုးစားခြင်းခံရသော ဓမ္မပါလ အမတ်ကြီး (ရင်စောပု၏ မြေးတော်စပ်သူ) ဖြစ်သည်။ မောင်မောက်၏အမိမှာ သက္ကရာဇ် ၇၂၆ ခုနှစ်တွင် ရတနာပူရ အင်းဝ ရွှေမြို့တော်ကြီး

ကို ဦးစွာပထမ တည်ထောင်သော သတိုးမင်းဖျား၏ အနွယ်တော် ဖြစ်သည်။ သတိုးမင်းဖျား၏ သမီး၊ ထိုသမီး၏ မြစ်အရင်းမှာ ရှင်မဟာရဋ္ဌသာရ၏ မိခင်တည်း။

သို့ဖြစ်ရကား မောင်မောက်သည် ငယ်ရွယ်စဉ်ကာလမှစ၍ နန်းတော်တွင်း၌ ကြီးပြင်းလာရပြီး ငါးနှစ်သားအရွယ်တွင် စာပေပညာ စတင်သင်ကြားသည်။ ဘုရင်မင်းခေါင်ကိုယ်တိုင် ကလည်း မောင်မောက်အား အထူးဦးစားပေးလေသည်။ မည်မျှ အထိ အထူး ဦးစားပေးသနည်း ဟူမူ ဘုရင် မင်းခေါင်သည် မောင်မောက်အား တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုကဲ့သို့ အထူး ဦးစားပေးလေသည်။ စစ်ကိုင်းချောင်တွင် သီတင်းသုံးနေတော်မူသော နောင်တော်ရင်း ရှင်ဝရစက္ကပါလက ညီတော် မောင်မောက်အား စာပေအရပ်ရပ်ကို သင်ကြားပေးလေသည်။

ထို့ကြောင့် လက်ဦးဆရာ မည်ထိုက်သော ပုဗ္ဗာစရိယ မိနှင့်ဖတို့အပြင် နောင်တော် ရှင်ဝရစက္ကပါလတို့၏ အဆုံးအမ အောက်တွင် နေထိုင်လာခဲ့လေရာ အသက် (၁၆) နှစ်အရွယ်တွင် တူရိဒတ်လက်ံကြီးကိုစပ်ဆိုတော်မူနိုင်ခဲ့လေသည်။ သက္ကရာဇ် ၈၄၉ ခုနှစ်တွင် ဝိနည်းဒေသနာတော်အရ ပဋိသန္ဓေရက်ကိုပါထည့်သွင်းရေတွက်၍ အသက် ၁၉ နှစ်နှင့် ၃ လ အရွယ်တွင် ပဉ္စင်းခံ၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့လေသည်။

သက္ကရာဇ် ၈၈၅ ခုနှစ်တွင် မိုးညှင်းစလုံ အရေးအခင်း ပေါ်ပေါက်လာခဲ့လေရာ ပြည်ဘုရင် သတိုးမင်းစောက မိုးညှင်း

ဒလုံဘက်မှနေ၍ ကူညီတိုက်ခိုက်သဖြင့် ရွှေနန်းကြော့ရှင် ဘုရင်နရပတိသည် မြို့မှထွက်၍ အရှေ့ဘက် ဆင်ကောင်းဝက်ဝင်သို့ ထွက်ပြေး တိမ်းရှောင်ရလေသည်။ ရွှေနန်းကြော့ရှင် ဘုရင် နရပတိ မရှိသောအခါ မိုးညှင်းစလုံသည် ပြည်ဘုရင် သတိုးမင်းစောကို နန်းတင်တော်မူလေသည်။ ထိုနောက် များမကြာမီ ပြည်ဘုရင် သတိုးမင်းစောသည် ရှင်မဟာရဋ္ဌသာရကို ပြည်မြို့သို့ ပင့်ဆောင်သည်။ ပြည်မြို့သို့ ရောက်သောအခါ သတိုးမင်းစောသည် ရှင်မဟာရဋ္ဌသာရအား ပုထိုးကျောင်း၊ တောင်ခွင်ကျောင်း၊ မင်းကုန်းကျောင်း ဟူသော ကျောင်းသုံးကျောင်းကို ဆောက်လုပ်လှူဒါန်း ပူဇော်လေသည်။

ဆရာတော် ရှင်မဟာရဋ္ဌသာရ ရေးသား ပြုစုခဲ့သော ကျမ်းစာပေစာရင်းမှာ အိုဘယ့် ဘယ်ချီ (အဲချင်း)၊ တန်တားဦးတည် မင်္ဂလာစေတီ မော်ကွန်း၊ ဘူရိဒတ် လင်္ကာကြီး၊ ဘူရိဒတ် ဇာတ်ပေါင်းပျို့၊ ပုံတောင်နိုင် မော်ကွန်း၊ ဂမ္ဘီသာရပျို့၊ ဝတ်ရုံကျောင်းဖွဲ့ မော်ကွန်း၊ စတုဓမ္မသာရပျို့ ခေါ် ကိုးခန်းပျို့၊ ရွှေစက်တော်သွား တောသား၊ သံဝရပျို့၊ ရတု ၂၃ ပုဒ်နှင့် ဆုံးမစာ ၄၁ ပိုဒ်တို့ ဖြစ်ကြသည်။

ဤသို့အားဖြင့် မြန်မာစာပေသမိုင်းတွင် ထင်ရှားကျော်စောတော်မူသော ရှင်မဟာရဋ္ဌသာရ ဆရာတော်ဘုရားကြီးသည် သခ်ါရဝန်ကို လွန်ဆန်တော်မမူနိုင်သည့်အတိုင်း သက္ကရာဇ် ၈၉၂ ခုနှစ်၊ သက်တော် (၆၂) နှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။ သို့ပါသော်လည်း ဆရာတော်ဘုရားကြီး၏ စာပေများ၊ အဆုံး

အမများက မြန်မာလူမျိုးများနှင့်တကွ လူငယ်လူရွယ်အပေါင်းကို ယနေ့ထိတိုင်အောင် အလင်းရောင် ပေးနေဆဲ၊ ထမ်းညွှန်ဆိုဆုံးမနေဆဲဖြစ်ပါသည်။ အမှန်ဆိုရလျှင် ဆရာတော်ဘုရားကြီးသည် မြန်မာစာပေရှင်အပေါင်းတို့၏ ဝပ်တွား ကြည်ဖြူ တစ်ဆူပုထိုးလို ခိုကိုးရာဖြစ်သော စာပေအကျော် ဆရာတော်တစ်ပါးဖြစ်ကြောင်း မှတ်တမ်းတင် ပူဇော်အပ်ပါသည်။

✧✧✧

မဟာသုတကာရီ မဃဒေဝလက်ာသစ်နှင့် မန်လည်ဆရာတော်ဘုရားကြီး

မန်လည်ဆရာတော်ဘုရားကြီး စီစဉ်ရေးသားခဲ့သော မဟာသုတကာရီ မဃဒေဝလက်ာသစ်ကို စာရေးသူသည် စာသင်သား ဘဝကပင် ရင်းနှီးခွင့်ရခဲ့ပါသည်။ စာရေးသူ၏ ဖခင်သည် မန်လည် ဆရာတော်ဘုရားကြီး၏ တပည့်ရင်း ဖြစ်သည့် အားလျော်စွာ မဃဒေဝလက်ာမှ ပုဒ်ရေအချို့ကို နှုတ်တက်ရ အာဂုံဆောင်နိုင်သူဖြစ်သဖြင့် စာရေးသူအား လည်း နှုတ်တက် ရအောင် ကျက်မှတ်စေခိုင်းခဲ့သောကြောင့် လက်ာ အတော် များများကို စာရေးသူသည် ယနေ့ထိတိုင်အောင် နှုတ်မှ အလွတ် ရွတ်ဆိုနိုင်ခဲ့ပေသည်။

မန်လည်ဆရာတော်ဘုရားကြီးသည် မဃဒေဝလက်ာသစ် တွင် လောကရေး၊ ဓမ္မရေး၊ ရာဇဝင်ဆိုင်ရာများတွင် အကြွင်း အကျန် မရှိလောက်အောင် ပြည့်စုံကြွယ်ဝစွာ ထုတ်ဖော်ထားခဲ့ ပေသည်။ လူ့လောကတွင် အရေးကြီးသော အရေးကြီး သုံးရေး ရှိပေသည်။ ယင်းတို့မှာ လောကရေး၊ ဓမ္မရေး၊ ရာဇရေးတို့

ဖြစ်သည်။ လောကတွင် ရှိသမျှသော အရေးအရာတို့သည် ဤအရေးသုံးပါးတွင် သက်ဝင်၏။ ထို့ကြောင့် ဆရာတော်ဘုရားသည် မဃဒေဝလင်္ကာကို ထိုအရေးသုံးမျိုးတို့ဖြင့် ရေးသားစပ်ဆိုခဲ့ခြင်းဖြစ်သည်။

မန်လည်ဆရာတော်ဘုရားကြီး စီစဉ် ရေးသားခဲ့သော မဃဒေဝလင်္ကာများမှာ ၆၂၅ ပိုဒ် ရှိသည်။ အပိုဒ်တိုင်းတွင် လေးနက်သောအဓိပ္ပာယ်ရှိလေသည်။ ဆရာတော်ဘုရားကြီး၏ မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်သည် လောကဆိုင်ရာ စာအုပ်ကြီးလည်း မည်၏။ ဓမ္မဆိုင်ရာ စာအုပ်ကြီးလည်း ဟုတ်၏။ ရာဇဝင်ဆိုင်ရာညွှတ်ပြသော စာအုပ်ကြီးလည်းမှန်၏။ ဝေါဟာရ၊ ပေါရာဏတို့ကို ဖွင့်ပြသော စာအုပ်ကြီးဟုဆိုလျှင်လည်း မှားအံ့မထင်။

ထိုသို့ လောကရေး၊ ဓမ္မရေးနှင့် ရာဇရေး ဆိုင်ရာများကို အကြွင်းအကျန် မရှိလောက်အောင် ပြည့်စုံ ကြွယ်ဝစွာဖြင့် တန်ဆာဆင်ထားသော မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကို ပြုစု ရေးသားသွားသော မန်လည်ဆရာတော်ဘုရားကြီးကို စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် မန်လည်ရွာတွင် သက္ကရာဇ် ၁၂၀၃ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၂ ရက် အင်္ဂါနေ့ ညဉ့် ၃ ချက်ဟီးကျော်ချိန်တွင် သစ်ကုန်သည်ကြီး ဦးတင်ညို၊ ဒေါ်ပြေတို့မှ ဖွားမြင်တော်မူသည်။ ဆရာတော်ကြီး၏ ငယ်မည်မှာ မောင်မာ ဖြစ်၏။

မောင်မာ (၃) နှစ်သား အရွယ်တွင် ဖခင်ကွယ်လွန်၍ အမိဒေါ်ပြေနှင့် ဖခင်ကြီး၏ အစ်မရင်းဖြစ်သူ ဒေါ်သုတ်တို့၏ အုပ်ထိန်းစောင့်ရှောက်မှုတို့ဖြင့် သိတတ်သည့်အရွယ်မှစ၍ စာပေသင်ကြားဆည်းပူးစေသည်။ သက္ကရာဇ် ၁၂၁၅ ခုနှစ် အသက် (၁၂) နှစ်သားအရွယ်တွင် ဝန်းသိုမြို့ တောင်ပေါ်ကျောင်း နောင်တော် ဘုန်းတော်ကြီး ဦးပန်းအောင်ထံတွင် စတင် ပညာသင်ယူလေသည်။

သက္ကရာဇ် ၁၂၁၈ ခုနှစ် မောင်မာ (၁၅) နှစ်သားအရွယ်တွင် မိခင်ဒေါ်ပြေ ကွယ်လွန်သည်။ ၁၂၁၉ ခုနှစ် မောင်မာ (၁၆)နှစ်သား၌ သာမဏေပဗ္ဗဇ္ဇာမင်္ဂလာဖြင့် နောင်တော်ဘုန်းကြီးထံမှာပင် သာမဏေဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်ကား ရှင်ဇဝန တည်း။ ရှင်ဇဝနသည် မန်လည်ကျောင်းတိုက် ဆရာတော်ကြီး အရှင်နန္ဒမဥ္ဇုထံတွင် ခြောက်ဝါတိုင်တိုင် ပညာသင်ယူတော်မူသည်။

သက္ကရာဇ် ၁၂၂၅ ခုနှစ် အသက် (၂၂) တွင် ရဟန်းပြု၍ စာပေပရိယတ် သက္ကတဘာသာနှင့် ကဗျာ လင်္ကာများကို သင်ကြားတတ်မြောက်တော်မူလေသည်။ မန်လည်ဆရာတော် ဘုရားကြီး၏ ထူးခြားချက် တစ်ရပ်မှာ စာပေ ပရိယတ် တတ်မြောက်ရေးအတွက် ခရီးဝေးလံသို့ သွားရောက်၍ မသင်ကြားခဲ့ရခြင်းပင်ဖြစ်ပါသည်။ မိမိဒေသနယ်ပယ်၌ သင်ကြား တတ်မြောက်၍ မုံသောက်မာတင် ပညာရှင်ကြီးတစ်ဆူဖြစ်ခဲ့

ခြင်းပင် ဖြစ်၏။ ဆရာတော်ဘုရားကြီးသည် ပင်ကိုညာဏ်ထူးခြားကောင်းမွန်လှသဖြင့် ဤမျှ ထူးချွန်တတ်မြောက်ခြင်းဖြစ်သည်ဟု ဆိုရသော မှားမည်မဟုတ်ပေ။ ဤအချက်နှင့် ပတ်သက်၍ လယ်တီဆရာတော်ဘုရားကြီးကပင်လျှင် ကုသိုလ်ကောင်းထုကြောင်း မိန့်မြွက်တော်မူဖူးသည်ကို ဖတ်ရဖူးပါသည်။

မန်လည်ဆရာတော်ဘုရားကြီးသည် ပိဋကတ်အရာ၌သာ ပါရဂူမြောက်သည် မဟုတ်ပေ။ ကဗျာလင်္ကာအရာတွင်လည်း သူမတူအောင် လိမ္မာကျွမ်းကျင်တော်မူပါသည်။ ဆရာတော်ကြီး၏ မယဒေဝလင်္ကာသစ်သည် မြန်မာစာပေလောက၌ တံခွန်ထူတော်မူနိုင်ခဲ့သည်။ ပါရဂူဂုဏ်စွမ်းဖြင့် ထွန်းပြတော်မူနိုင်ခဲ့လေသည်။ ဆရာတော်ကြီးသည် ရဟန်းဆယ်ဝါမြောက်သည့်နှစ် ၁၂၃၅ ခုနှစ်တွင် ဘုရားဟော မယဒေဝဏ်တော်ကြီးကို ကြည်ညိုတော်မူရင်း မယဒေဝလင်္ကာသစ်ကြီးကို စတင် ရေးသားခဲ့ပေရာ သင်္ကရာဇ် ၁၂၆၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ သောကြာနေ့ ည ၈ နာရီတွင် ပြီးစီးခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ဆုတောင်းစာ၊ သံချိုစာ၊ ဟောစာ၊ ရတု၊ လေးချိုးသဖြန်နှင့် ဘုရားရှိခိုးမျှားပါမကျန် ရေးသားတော်မူခဲ့လေသည်။ ဆရာတော်ဘုရားကြီးသည် သီလ၊ သမာဓိနှင့် မဟာပညာဂုဏ်တို့ကြောင့် ဗြိတိသျှအစိုးရက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို (၁၂၇၉ ခုနှစ်) ၁၉၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဆက်ကပ်လှူဒါန်းခဲ့လေသည်။

ဆရာတော်ဘုရားကြီး ရေးသားခဲ့သော ကျမ်းများမှာ ပဋ္ဌစတ္တာလီသ ပုစ္ဆာဝိသဇ္ဇနာ အစ၊ ဂိရိမာနန္ဒသုတ် နိဿယနှင့် မဃဒေဝလင်္ကာသစ် အလယ်၊ မဃဒေဝလိနတ္ထဒီပနီအဆုံး ကျမ်းပေါင်းများစွာကို ပြုစုရေးသားတော်မူခဲ့ပေသည်။

ဖော်ပြပါ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၈၁ ခုနှစ် သက်တော် (၇၈) နှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ သို့သော်လည်း ဆရာတော်ဘုရားကြီး၏ စာပေများ၊ အဆုံးအမများ၊ ဩဝါဒများသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးအပေါင်းတို့အား အလင်းရောင် ပေးနေဆဲ၊ လမ်းညွှန်ပြနေဆဲပင် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးကိုယ်တိုင် နောင်လာနောက်သား လူအများတို့ သိသာလွယ်ရန် ရေးသား စပ်ဆိုခဲ့သည့် နိဂမဓန်း (နိဂုံးအပိုင်း) ကို အောက်တွင် ရေးသားဖော်ပြရင်း ဆရာတော်အရှင်မြတ်အား ဤဆောင်းပါးဖြင့် မှတ်တမ်းတင် ဂုဏ်ပြုရေးသား ပူဇော်အပ်ပေသတည်း။

(၁) မှတ်သားစေလို၊ သံပေါက်ဆို၊ နောင်ကို သိစေရာ။
(၂) အကြင် ငါသည်၊ မြို့မန်လည်၊ စွဲတည် သန္ဓိခါ။
(၃) တ၊ သည်၊ ဒွေး၊ ဇက်၊ သက္ကရာဇ်၊ ဖွားလစ်ထိုကောစာ။
(၄) ဆယ့်နှစ်နှစ်တွင်း၊ ကျောင်းအပ်နှင်း၊ မပျင်းသင်လေ့လာ။

(၅) ထိုနှစ်တွင်းဝယ်၊ သူငယ်ဘဝ၊ သင်ထမပြီး၊ ပရိတ်ကြီး၊ သင်ပြီးနှုတ်တက်စွာ။

(၆) ထို့နောက်ကာလ၊ ဉာဏ်မျှော်ဆ၊ မဆွ ထေရ်မြတ်စွာ။

(၇) ဆယ်စောင်မည်မှတ်၊ နေမိစာတ်၊ နိပါတ် ကျမ်းမဟာ။

(၈) သင်စေရှေးဦး၊ ပကတူး၊ ဉာဏ်မြူးရွှင်စိတ်ဌာ။

(၉) ထိုစာတ်တော်တွင်၊ ရှေးဦးထင်၊ ဗုဒ္ဓင်လောင်းရာဇာ။

(၁၀) မဃစိုးမင်း၊ တောထွက်ခြင်း၊ ဝမ်းတွင်း ကြည်သဒ္ဒါ။

(၁၁) နှစ် နှစ်ဆယ်တွင်း၊ ကယ်မကြွင်း၊ သင်ခြင်း နေ့ညဝါ။

(၁၂) သဒ္ဒါ ပရမတ်၊ နည်းစုံတတ်၊ ပုဒ်ဓာတ် သုတ်သင်ကာ။

(၁၃) သူငယ် သာမဏော၊ ကျောင်းမှာပေ၊ အနေမပျက်စွာ။

(၁၄) ပဥ္စင်းခံ၍၊ ဆယ်ဝါစေ့၊ အောက်မေ့ ရှေးသဒ္ဒါ။

(၁၅) မဃစိုးဇာတ်၊ အတ္ထုပ္ပတ်၊ ထူးမြတ် ဤခြင်းရာ။

(၁၆) လက်ံာအထူး၊ ဖွဲ့ကာကျူး၊ ကျေးဇူးဆပ်စိမ့်ဌာ။

(၁၇) ကြံစည် စိတ်က၊ ရေးစီစ၊ ကာလ ထိုအခါ။

(၁၈) ဘုရား ကမ္မ၊ မှုကိစ္စ၊ ဖြစ်ထ ကြီးကျယ်စွာ။

(၁၉) ထို့ကြောင့်လပ်ထျား၊ ဖြတ်ကာထား၊ နှစ်များ ရှည်မြင့်စွာ။

(၂၀) ဆ, ဆ, ဒွေး, ဓက်၊ သက္ကရာဇ်၊ ရောက်ထစ်ပြန်သေဘခါ။

(၂၁) ရပြန်သတိ၊ အောက်မေ့မိ၊ ဆက်ဘိ ဖန်တစ်ခါ။

(၂၂) လောက ဓမ္မ၊ ရာဇ သုံးမျိုး၊ စုံပြည့်ဖြိုး၊ နည်းရိုးမှတ်စရာ။

(၂၃) ရွေး ဝေါဟာရ၊ ပေါရာဏနှင့်၊ ချို, ချမမှား၊ စပ်ခြောက်ပါး၊ ခွဲထားသတ်စုံပါ။

(၂၄) မကြွင်းစေဘိ၊ စပ်ရိုးသိ၊ ကဝိလက္ခဏာ။

(၂၅) ငါတို့အရင်း၊ နွယ်သက်ဆင်း၊ တောင်တွင်းကျော်ဆရာ။

(၂၆) စတုတ္ထမြောက်၊ ငါသို့ရောက်၊ အထောက်ဝေးမကွာ။

(၂၇) ဆရာဆက်ဆက်၊ နွယ်ဆင်းသက်၊ မပျက် စဉ်အလာ။

(၂၈) စာပေသင်မြဲ၊ မပြတ်စဲ၊ နက်နဲ ကြံလေ့လာ။

(၂၉) နည်းနာစုံညီ ကျမ်းဂမ္ဘီ၊ အဆီအနှစ်သာ။

(၃၀) နည်းမသိဘဲ၊ ပြစ်တင်ခဲ၊ စွပ်စွဲမပြုရာ။

(၃၁) နည်းသိသသူ၊ ထွန်ကြည်ဖြူ။ မှတ်ယူမငြိုးရာ။

(၃၂) နည်းနာရကြောင်း၊ ရှင်ထူပေါင်း၊ နည်းကောင်းမှတ်ဖုံရာ။

(၃၃) ဤစာအဆုံး၊ ကမ္ဘတ်ဖုံး၊ နိဂုံး နိဋ္ဌိတာ။

ဟူ၍ ကျမ်းပြုဆရာတော်ဘုရား၏ နိဂုံးအပိုင်းကို မဃဒေဝထက်ံသစ်တွင် နိဂမခန်းဌ် လာရှိသည်ကို တင်ပြအပ်ပါသတည်း။

✧✧✧

အဓိတိတရား လေးပါး

"ဆန္ဒ, ဒေါသ၊ ဘယာ, မောဟ၊ အပါယ်ကျသား၊ ဓမ္မလေးမည်၊ ဂတိတည်၍၊ လူ့ပြည်, နတ်ရွာ၊ ချမ်းသာကောင်းမွန်၊ စံစုန်ဆန်၍၊ နိဗ္ဗာန်ရောက်ကြောင်း၊ ကျင့်ကောင်းသီထ၊ လှူဒါနနှင့်၊ ပုညလယ်မြေ၊ စိုက်ကြဲထွေဖြင့်၊ ပျိုးခြေအပင် စည်စေမင်း"

ကန်တော်မင်းကျောင်းဆရာတော်

ဆန္ဒာဂတိ ဟူသည် မိမိနှင့် ရင်းနှီးအကျွမ်းဝင်ကာ ချစ်ခင်တွယ်တာမိသောကြောင့် တရားမှုကို မတရားဟူ၍လည်းကောင်း၊ မတရားမှုတို့ကို တရားသည်ဟူ၍လည်းကောင်း ဘက်လိုက်၍ ဦးစားပေးကာ အနိုင်ဆုံးဖြတ်ဆောင်ရွက်ခြင်းမျိုးကို ခေါ်ပေသည်။ ယင်းအပြုအမူကိုပင် "ဆန္ဒာဂတိ" လိုက်စားသည်ဟု ခေါ်ပါသည်။

ဒေါသဂတိသည် မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်၍ မိမိအားမထီမဲ့မြင်ပြုသော ကိုယ်အမှုအရာ၊ သို့မဟုတ် နှုတ်အမှုအရာ

တစ်ခုခု ပြုခဲ့ဖူးသောကြောင့် တရားသည်ကို မတရားဏ် ဟု လည်းကောင်း၊ ဒေါသထွက်ရကား မတရားသည်ကို တရားသည် ဟူ၍ ဘက်လိုက် ဆုံးဖြတ်ကာ ဆောင်ရွက်ခြင်းမျိုးကို ခေါ်ပေသည်။ ဤသို့ပြုမူဆောင်ရွက်ခြင်းမျိုးကို "ဒေါသဂတိ" လိုက်စားသည် ဟု ခေါ်ပါသည်။

ဘယာဂတိသည် မိမိအား ရန်ပြုလိမ့်မည်၊ မိမိ၏ကိုယ်ကျိုးစီးပွားကို ထိခိုက်နစ်နာစေလိမ့်မည် စသည်ဖြင့် မိမိထက် တန်ခိုးအာဏာ ဥစ္စာပစ္စည်း အသက်အရွယ် အဆင့်အတန်း ဂုဏ်ရှိန်သတင်း အဆင်းရောင်အဝါအာဖြင့် ကြီးကျယ် မြင့်မားသူတို့၏ နှိပ်စက်ချုပ်ခြယ် အန္တရာယ်ပြုမည့်ဘေးကို ကြောက်ရွံ့ စိုးရိမ်သောကြောင့် တရားသည်ကို မတရားသည် ဟူ၍လည်းကောင်း၊ မတရားသည်ကို တရား၏ ဟူ၍ လည်းကောင်း ဘက်လိုက်၍ အနိုင်ပေးဆုံးဖြတ် ဆောင်ရွက်ပေးခြင်းမျိုးကို ခေါ်လေသည်။ ဤသို့ ဆောင်ရွက်ပေးခြင်းကိုပင် "ဘယာဂတိ" လိုက်စားသည်ဟု ခေါ်ပါသည်။

မောဟဂတိသည် မိမိ၏ အရည်အချင်း ဗဟုသုတ ပညာအတွေ့အကြုံများနှင့် မကိုက်ညီ၊ အလွမ်းမမီသည့် အမှုကိစ္စများနှင့် ကြုံတွေ့လာရသောအခါ မလုပ်တတ် မကိုင်တတ် ဖြစ်လေ့ရှိသည်။ ထိုအခါမျိုးဌ် တွေဝေပျံ့လွင့်ကာ ဒွိဟသံသယ ဖြစ်သောကြောင့် မှားမှားမှန်မှန် အရမ်းကာရော ဖြစ်ချင်ရာ ဖြစ်စေတော့ဟု ဆုံးဖြတ်ဆောင်ရွက်လိုက်ခြင်းမျိုးကို "မောဟဂတိ" လိုက်စားသည်ဟု ခေါ်ပါသည်။

ဖော်ပြပါ ဆန္ဒာဂတိ၊ ဒေါသဂတိ၊ ဘယာဂတိ၊ မောဟဂတိ တည်းဟူသော ချစ်ခင်ခြင်း၊ အမျက်ထွက်ခြင်း၊ ကြောက်ရွံ့စိုးရိမ်ခြင်း၊ တွေဝေမိုက်မဲခြင်းတို့ကြောင့် မတရားသည့်ဘက်သို့ လိုက်၍ ဆောင်ရွက်ခြင်း လေးမျိုးကို အဂတိတရားလေးပါးဟု ခေါ်ကြသည်။ ကျေးဇူးရှင် အောင်မင်္ဂလာဆရာတော်ဘုရားကြီးက ဤအဂတိတရား လေးပါးသည် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟု ဆိုအပ်သော အပါယ်လေးဘုံသို့ လားကြရမည့် မကောင်းမှု ဒုစရိုက်ကြီးများပင်ဖြစ်ကြောင်းနှင့် ယခုပစ္စုပ္ပန်မျက်မှောက်ဘဝ၌လည်း ပညာရှိသူတော်ကောင်းတို့၏ ကဲ့ရဲ့ပြစ်တင် စက်ဆုပ် ရွံမုန်းခြင်းကို ခံရတတ်ကြောင်းကို မိန့်မြွက်ကြားခဲ့ပါသည်။

သို့ဖြစ်လေရာ အဂတိတရားလေးပါးကို မလိုက်စားမှု၍ တည်ကြည် မှန်ကန်စွာ တရားနှင့် လျော်ညီအောင် ဆုံးဖြတ်ဆောင်ရွက်ကြရပေမည်။ တံစိုးလက်ဆောင် လာဘ်ပေးလာခြင်းကြောင့်ဖြစ်စေ၊ ခြိမ်းခြောက်လာခြင်းကြောင့်ဖြစ်စေ တရားလက်လွတ် မဖြစ်သင့်ပေ။ မယိမ်းမယိုင် ကျောက်စာတိုင်သည် အရပ်လေးမျက်နှာမှ တိုက်ခတ်လာသော လေဒဏ်ကို ကြံ့ကြံ့ရဲရဲ ခံနိုင်ဘိသကဲ့သို့ တည်ကြည်ဖြောင့်မတ်စွာ အဂတိတရားလေးပါးဒဏ်ကို ကြံ့ကြံ့ခံနိုင်သော သမာဓိတရားကို လက်ကိုင်ထားကြရန် သတိပေး ရေးသားဖော်ပြလိုက်ရပေသည်။

(ဤဆောင်းပါးဖြင့် ဘဝနတ်ထံ ပုံလွန်တော်မူပြီးသော ကျေးဇူးရှင် အောင်မင်္ဂလာဆရာတော်ဘုရားကြီးအား ရည်စူး၍ ၁၃၄၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့၊ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ သမိုင်း၊ မရမ်းခြံ အောင်ဓမ္မရိပ်သာတွင် ကျင်းပပြုလုပ်သည့် (၈) ကြိမ်မြောက်ပူဇော်ပွဲကို ပူဇော်အပ်ပါသည်)

✧✧✧

ကောင်းသောဂဏိုဒ်ပြုစေမည့်
ကျင့်ဝတ်(၇)မျိုး

ကောင်းသောဂတိ မြဲစေမည့်
ကျင့်ဝတ် (၇) မျိုး

ဤလောကဝယ် ရှိရှိသမျှသော ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့သည် အရိယာပုဂ္ဂိုလ် မဖြစ်သေးသမျှ ကာလပတ်လုံး ဂတိ (၅) ပါးတွင် တပြောင်းပြောင်း တပြန်ပြန် စုန်ဆန်အောက်ထက် ရောက်ယက်ခတ် ပြေးသွား ကျင်လည်နေကြရကြောင်းကို ထွတ်ခေါင်ဆရာတော်ဘုရားကြီးက "ဂတိငါးပါး ဆုံလည်နွား၊ သွားရှု့ မဆုံးပြီ" ဟူ၍ ၎င်း၏ကမ္မဋ္ဌာန်းသံပေါက်၌ မိန့်ဆိုထားခဲ့ပါသည်။

ပုထုဇဉ်ပုဂ္ဂိုလ်မှန်သမျှ လားရောက်ရမည့် ဂတိ (၅) ပါးမှာ-

(၁) လူ့ပြည်သို့ ရောက်ရခြင်းသည် မနုဿဂတိ၊

(၂) နတ်ပြည်, ဗြဟ္မာပြည်သို့ ရောက်ရခြင်းသည် ဒေဝဂတိ၊

(၃) တိရစ္ဆာန်ဘုံဘဝသို့ ရောက်ရခြင်းသည် တိရစ္ဆာန

(၄) ငရဲဘုံဌာနသို့.ရောက်ရခြင်းသည် နိရယဂတိ နှင့်
(၅) ပြိတ္တာ, အသူရကာယ်ဘုံသို့. ရောက်ရခြင်းသည်
ပေတဂတိ
ဟူ၍ ဖြစ်ပါသည်။

စာရေးသူ အပါအဝင် ပုထုဇဉ်လူသား‌တို့.မှာ ထာ‌းရာဂတိ မမြဲကြသေ‌းပါ။ ထာ‌းရာဂတိ မြဲစေရန် တစ်နည်‌းအာ‌းဖြင့် ကောင်‌းသော ထာ‌းရာဂတိမြဲစေရန် ပုထုဇဉ်အဖြစ်မှ လွန်မြောက်၍ အရိယာအဖြစ်သို့. ရောက်ရလေအောင် ဝိပဿနာတရာ‌းကို အချိန်ရှိခိုက် လွန်စွာ ကြိုး‌ကုတ် အာ‌းထုတ်သင့်ပေသည်။ အကယ်၍ ပုထုဇဉ်အဖြစ်နှင့်ပင် ဂတိကောင်‌း မြဲစေလိုပါလျှင် အောက်ဖော်ပြပါ ကျင့်ဝတ် (၇) မျိုး‌ကို ကြိုး‌စာ‌းအာ‌းထုတ်ကြရန် စေတနာကောင်‌းဖြင့် တိုက်တွန်‌းရေ‌းသာ‌းဖော်ပြလိုက်ရပေသည်။ ထိုကျင့်ဝတ် (၇) မျိုး‌မှာ-

၁။ ရတနာသုံ‌းပါ‌း‌ကို အမြဲမပြတ် ဆည်‌းကပ် ကိုး‌ကွယ်ခြင်‌း၊
၂။ ငါ‌းပါ‌းသီလ လုံခြုံအောင် စောင့်ထိန်‌းခြင်‌း၊
၃။ စာရေ‌းတံဆွမ်‌း‌ကို အမြဲ ကျွေ‌းမွေ‌းလေ့ရှိခြင်‌း၊
၄။ လဆန်‌းပက္ခ, လဆုတ်ပက္ခဋ္ဌ အမြဲဆွမ်‌းကျွေ‌းလေ့ရှိခြင်‌း၊
၅။ ဝါဆိုသင်္ကန်‌း‌ကို အမြဲလှူဒါန်‌းလေ့ရှိခြင်‌း၊
၆။ ရေတွင်‌း, ရေကန်တူ‌း၍ လှူဒါန်‌းခြင်‌း၊

၇။ အရိပ်အာဝါသကိုပေးတတ်သော ကျောင်း, ဧရပ်, သိမ် စသည်တို့ကို လှူဒါန်းခြင်း

စသည် ကျင့်ဝတ်များပင် ဖြစ်ပါသည်။

ဖော်ပြပါ ကောင်းမှုကုသိုလ် ကျင့်ဝတ် (၇) မျိုးတွင် တစ်မျိုးမျိုးကို စွဲစွဲမြဲမြဲ ပြုထုပ်အားထုတ်ထွေ့ရှိသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် လူ့ဘဝ, နတ်ဘဝ တည်းဟူသော ကောင်းသောဂတိသို့ မချွတ်ဧကန် အမှန်ပင်ရောက်မည်ဟု မှတ်ယူရမည်ဖြစ်သည်။ သောတာပန် အရိယာတို့ကဲ့သို့ ကောင်းသောဂတိမြဲစေသည်မှာ အမှန်ပင်ဖြစ်ပေသည်။

အချုပ်အားဖြင့် ဆိုရပါက လူ့ဘဝ, နတ်ဘဝ ဟူသည့် ကောင်းသောဂတိ မြဲထိုက်သော စာရှူသူအပေါင်းတို့သည် အထက်က ပြဆိုခဲ့ပြီးသော ကျင့်ဝတ် (၇) မျိုးတွင် တစ်မျိုးမျိုးကို စွဲစွဲမြဲမြဲ အားထုတ်သင့်လှပါကြောင်း စေတနာ မေတ္တာဖြင့် တိုက်တွန်းရေးသားလိုက်ရပေသတည်း။

✧✧✧

ဝေဘူဆရာတော်ဘုရားကြီးနှင့်
တရားကျင့်စဉ်

ဝေဘူဆရာတော်မှာ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အင်ကြင်းပင်ရွာ ဇာတိဖြစ်သည်။ ၁၂၅၇ ခုနှစ် တပေါင်းလဆန်း ၆ ရက် တနလ်ာနေ့ နံနက် လေးချက်တီးကျော် အချိန်တွင် ဖွားမြင်သည်။ အဖ ဦးလူဖေ၊ အမိ ဒေါ်ကြင်နုတို့၏ သားသမီး လေးဦးအနက် သားဦး ဖြစ်သည်။ ငယ်မည်မှာ မောင်ကျော်ထွန်း ဖြစ်သည်။

အသက် ဆယ်နှစ် အရွယ်တွင် အင်ကြင်းပင် တောရဆရာတော် ဦးသုမနထံ 'ရှင်ကုမာရ' ဘွဲ့ဖြင့် သာမဏေပြုသည်။ (၁၃) နှစ်အရွယ်တွင် ဦးရီးတော် ဦးရွှေလူက ရှင်ထပ်ပြုပေးခဲ့သည်။ ၁၂၇၆ ခုနှစ် ဝါဆိုလတွင် သာမဏေထပ်ပြုပြုန်ကာ ၁၂၇၇ ခုနှစ် နယုန်လတွင် ကံဆွယ်တောရ ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခဲ့သည်။ ၁၂၇၉ ခုနှစ်အထိ အင်ကြင်းပင် ကျောင်း ဆရာတော်ကြီးထံ ပါဠိတော်နှင့် အဋ္ဌကထာ-ဋီကာ ကျမ်းများ လေ့လာသင်ယူခဲ့သည်။

ဝေဘူဆရာဇော်
နှင့်
တရားကျင့်စဉ်

၁၂၈၀ ပြည့်နှစ် ဝါဆိုလမှစ၍ မန္တလေးမြို့ မစိုးရိမ်တိုက် မြန်မာ့နယူပဒေသာကျောင်း၌ နှစ်ဝါခန့် ပရိယတ် ထေ့ထာခဲ့သည်။ ၁၂၈၂-၈၃ နှင့် ၈၄-နှစ်များအတွင်း ဇာတိ အင်ကြင်းပင်ကျောင်းကြီး၌ တိုက်အုပ်အဖြစ် ရဟန်းသာမဏော ကျောင်းသားများကို ထိန်းသိမ်းပို့ချပေးခဲ့၏။ အားလပ်ချိန်တွင် ဆရာတော်ကြီးထံမှ ဝိသုဒ္ဓိမဂ်ကို တစ်ဖန်ပြန်လေ့လာနေခဲ့သည်။

တစ်နေ့တွင် ဆရာတော်ကြီးက ဝိသုဒ္ဓိမဂ် ပို့ချရင်း -

"မောင်ပဉ္စင်းတို့ ... သပိတ်တစ်လုံး၊ လုံးထည်သင်္ကန်းနဲ့ ရဟန်းတရား အားထုတ်သွားနိုင်က အလွန်ကောင်းတယ်။ ငါတို့မှာတော့ အချုပ်မိလို့ ကျောင်းထိုင်ဘုန်းကြီး လုပ်နေရတယ်။ မင်းတို့ (တရား) ရှာနိုင်ရင်ကောင်းမယ်။ ဘုရားရှင်တော်မြတ်သည် မဟုတ်ဘဲတော့ ဟောတော်မူမည်မဟုတ်" ဟု မိန့်တော်မူခဲ့သည်။

အင်ကြင်းမြိုင်ဆရာတော်၏ သတိပေးချက်နှင့် လယ်တီဆရာတော်၏ ဒီပနီများကို ဖတ်ရှုလေ့လာမှုတို့ကြောင့် ကြီးစွာသံဝေဂ ရခဲ့ပြီး ၁၂၈၅ ခုနှစ် ဝါဆိုလတွင် ဆရာတော်ကြီးထံ ခွင့်ပန်ကာ တောထွက်ခဲ့သည်။

ဦးစွာ ရွှေဘိုမြို့ ပုသိမ်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်သို့ ကြွသည်။ ဆရာတော်ကြီး၏ ခွင့်ပြုချက်အရ ထိုကျောင်းတွင် ဝါဆိုရင်း ဆရာတော်ကြီးထံမှ ပိဋကတ်တော်များနှင့် ကမ္မဋ္ဌာန်းအလုပ်စခန်းကို သင်ယူမှတ်သားခဲ့သည်။

သီတင်းကျွတ်သောအခါ ဇရာဝတီမြစ်ကိုကူးလျက် တော တောင်အနှံ့ ခရီးဆက်ကာ တရားအားထုတ်ခဲ့သည်။ ညောင်ထွန့် ဆရာတော်၊ သိမ်တောင်ဆရာတော်များထံတွင်လည်း သမထ ဝိပဿနာ နည်းမျိုးစုံတို့ကို ကျနစွာပင် သင်ယူခဲ့သည်။ ထိုမှ မင်းဘူး မန်းစက်တော်သို့ ခရီးဆက်ခဲ့သည်။

လမ်းခရီးအကြား ရထားပေါ်တွင် လေနာရောဂါ ကပ် ရောက်စဉ် ရထားစီး ခရီးသွားတစ်ဦးက "ကျောက်ဆည်မြို့ ဓမ္မ ကျောက်ရေတွင်းမှရေကိုသောက်သုံးလျှင် မုချပျောက်ကင်းသည်" ဟု လျှောက်ထားခဲ့သည်။ သို့ဖြင့် ၁၂၈၆ ခုနှစ် ကဆုန်လဆန်း ၁၀ ရက်နေ့တွင် ကျောက်ဆည်သို့ ရထား ရောက်လာခဲ့ပြီး ထိုရေတွင်းမှရေကို သောက်သုံးရာ ရောဂါပျောက်ကင်းခဲ့သည်။

ကျောက်ဆည်မြို့အနီးတွင် ဝေဘူတောင်ဝှမ်း လျှိုမြောင် များအကြား တရားအားထုတ်နေစဉ် ဦးပျော့ အမှူးပြုသော ဒါယကာများနှင့် ကံဆုံခဲ့ခြင်းဖြစ်သည်။ ထိုမှစ၍ ဝေဘူ ဆရာတော်ဟူ၍ အမည်ထင်ရှားခဲ့သည်။

၁၂၈၉ ခုနှစ်တွင် သတင်းစကားအရ ကျောက်ဆည်သို့ ခမည်းတော် လုကလာခဲ့သည်။ မယတောမှာမူ ကွယ်လွန်သွား ပြီးဖြစ်၏။ ခမည်းတော်ကို ရဟန်းပြုပေးပြီး နောင်ခမည်းတော် ဦးပဉ္စင်းကြီး ဦးဥေယျနှင့်အတူ ဇာတိ အင်ကြင်းပင်သို့ ပြန်ကြွ ခဲ့သည်။ အင်ကြင်းပင်မှ ငယ်ဆရာတော် ဦးသုမနကို တရားဖြင့် ပူဇော်ခဲ့သည်။ ဆရာတော်ကြီးသည် ကိုယ်တိုင်လည်း အားထုတ်

၍ အခြားသူများကိုလည်း တရားအားထုတ်စေရာ ကျောင်းဝင်းအတွင်း တရားအားထုတ်သူ နေ့စဉ် ရဟန်းသာမဏေ ၇၀ ကျော်နှင့် လူပုဂ္ဂိုလ် လေးရာကျော်ရှိခဲ့သည်။

၁၂၈၉ ခုနှစ် တပေါင်းလဆန်း ၇ ရက်နေ့တွင် အင်ကြင်းပင် ဆရာတော် ပျံလွန်တော်မူသောအခါ ဝေဘူဆရာတော်က မဟာနယကအဖြစ် ဆက်ခံရသည်။ ၁၂၉၀ ပြည့်နှစ်တွင် ကျောက်ဆည်မှ ဦးပျော့ အမှူးပြုသော ဒါယကာများ ဆရာတော်ထံ ထာရောက်ဖူးမြော်ခဲ့ကြပြီး အင်ကြင်းပင်မှ ဒါယကာများသည် ညိုနှိုင်းကာ အင်ကြင်းပင်၌ ခြောက်လ၊ ဝေဘူချောင်၌ ခြောက်ထစီ သီတင်းသုံးတော်မူပါရန် ဆရာတော်ကို လျှောက်ထားကြသည်။ ထိုမှစ၍ နှစ်နေရာခွဲလျက် ခြောက်ထစီ သီတင်းသုံးခဲ့သည်။ တစ်ဖန် ၁၃၁၂ ခုနှစ်တွင် ရွှေဘိုမှ ဒါယကာကြီး ဦးအုန်းဖေနှင့် ဦးထွန်းဖေတို. အမှူးထားလျက် ရွှေဘိုမြို့. အောင်မြေ နေရပ်သို. ရက်လ ခွဲဝေ ချီးမြှင့် သီတင်းသုံးရန် လျှောက်ထားကြပြန်သောကြောင့် သုံးနေရာခွဲလျက် လေးလစီ သီတင်းသုံးတော်မူခဲ့သည်။

ဝေဘူဆရာတော်၏ ရဟန်းကိစ္စ ပေါက်ရောက်မှု ဂုဏ်ကျေးဇူး စွမ်းရည်ကို အကဲဖြတ်ကြရာ၌ အင်ကြင်းမြို့ဆရာတော်က --

"ငါ့အထင်တော့ မောင်ကုမာရဟာ အနည်းဆုံး အနာဂါမ်လောက် ရောက်နေပြီကွဲ." ဟု မိန့်တော်မူခဲ့သည်။

စွန်းလွန်း ဆရာတော်ဘုရားကြီး ဝေဘူချောင်သို့ သိမ်သမုတ်ရန် ကြွရောက်တော်မူစဉ်ကလည်း ကျောင်းဒကာ ဦးပျော့အား ဆရာတော်ကြီးက -

"မောင်ပဉ္စင်းကိုတော့ ပျော်အောင်မွေးနော် ကျောင်းဒကာကြီး၊ ဇမ္မူမှာ တစ်ဆူပဲရှိတယ်၊ မလွတ်တမ်း ကိုးကွယ်ပေတော့"

ဟု တိုက်တွန်းခဲ့ဖူးသည်။

ဆရာတော်၏ ဂုဏ်ကျေးဇူးနှင့် စွမ်းရည်ထူးများကို မှတ်သား ကြည်ညိုရန်မှာ မကုန်နိုင် မဝနိုင်စရာပင်ဖြစ်၏။ "အဘိညာဉ်ရကြောင်း ယုံမှားသံသယဖြစ်စရာမရှိ ဟူ၍ ဇမ္မာစရိယ ဦးဌေးလှိုင် ပြုစုသော "မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ" စာအုပ်တွင် ဖော်ပြထားသည်။

တစ်ညတွင် ဒကာရင်းနှစ်ဦးသည် ဆရာတော်ကို ဝတ်ဖြည့်နိပ်နယ်ပေးနေစဉ် ဆရာတော်သည် ပက်လက်ဆန့်လဲလျောင်းလျက် မျက်စိကို စုံမှိတ်ထားသည်။ ဤတွင် ဒကာတစ်ဦးက အခြားတစ်ဦး၏ နားနားသို့ ပါးစပ်နှင့်ကပ်လျက် -

"ဆရာတော် ဘယ်တော့မှ မအိပ်ဘူးဆို၊ အခုအိပ်နေတယ် မဟုတ်လား" ဟု တိုးတိုးလေး မေးလိုက်သည်။ အမေးခံရသော ဒကာကလည်း ဆရာတော်ကို အိပ်၊ မအိပ် အကဲခတ်နေသည်။ ထိုစဉ် ဆရာတော်သည် သူ၏ညာလက်ဖြင့် မျက်နှာကို တစ်ချက်သပ်ချလျက် -

"တို့များတော့ မအိပ်ပေါင်ဗျာ" ဟု အမိန့်ရှိလိုက်သောကြောင့် ဒကာနှစ်ဦးမှာ တုန်လှုပ်သွားခဲ့ရသည်။

ဆရာတော်သည် သာသနာတော်အတွက် ခန္ဓာဝန်ချချိန်အထိ မနားမနေ ကြိုးပမ်းခဲ့သည်။

"တို့များ မအားဘူးဟဲ့၊ နေ့လဲ နေ့ပရိသတ်နဲ့၊ ညလဲ ညပရိသတ်နဲ့" ဟု မိန့်တော်မူဖူးသည်။

ခန္ဓာဝန်မချမီ ရပ်သတ္တတစ်ပတ်ခန့်အလို အင်ကြင်းပင်တွင် အရက်ခံ၍ ဆွမ်းတင်လှူပြီး စံကျောင်းတော်သို့ ပြန်ကြွလာရာ အားအင်တော်မှာ တဖြည်းဖြည်း ကုန်ခမ်းခဲ့ပြီဖြစ်သည်။

"တို့များ ခြေထောက်တွေကတော့ လှမ်းပါရဲ့ဗျာ၊ ဒါပေမဲ့ လှမ်းလို့မရတော့ဘူးဗျာ၊ ဒကာကြီးများသာ ဆောင်စရာရှိတာ ရှေ့ဆက်ဆောင်ကြပေတော့" ဟု မိန့်တော်မူကာ စုန့်စုန့်ကြီး ရပ်တော်မူနေရလေသည်။ ဒကာများက အလှူကသစ္စာ ပွဲချပင့်ကြရသည်။

နောက်ဆုံးနေ့အထိ ဓမ္မာရုံသို့ကြွကာ တရားဟောတော်မူသေးသည်။

ဆရာတော်သည် ခန္ဓာဝန်မစွန့်မီ သုံးရက်လောက်မှစ၍-

"မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့ နေရာဟာ ဘယ်မှာလဲ၊ ဖွားမြင်တော်မူတဲ့ နေရာကော ဘယ်မှာလဲ" ဟူ၍ သုံးရက်ဆက်၍ သုံးကြိမ်မေးမြန်းခဲ့ကြောင်း အနီးကပ်ပြုစုကြသော ဒကာများက ပြောပြသည်။

ထို့ပြင် ဆရာတော်ကိုယ်တိုင် စိုက်ပျိုးထားသော အင်ကြင်းပင်မှ အင်ကြင်းပန်းများမှာလည်း ထူးထူးခြားခြား အမြောက်အမြား ဖူးပွင့်လာသည်ကို တွေ့မြင်ကြရသည်။

ခန္ဓာဝန်မချမီ သုံးနှစ်လောက်က ဝေဘူချောင်တွင် ဆရာတော်ကြီးကို တပည့်ရင်း ဦးကောဇ္ဇာည ယာရောက် ကန်တော့သောအခါ ဆရာတော်ကြီးက မိမိသည် ခန္ဓာဝန်ဖွန့်ရန် သုံးနှစ်သာ ကျန်တော့ကြောင်း၊ ဝေဘူချောင်တွင်မဟုတ်ဘဲ ဇာတိအင်ကြင်းပင်တွင်ဖြစ်ကြောင်း၊ အဂ္ဂိစ္စာပနကိစ္စကို ဦးကောဇ္ဇာည ပင် တာဝန်ယူရလိမ့်မည်ဖြစ်ကြောင်း ကြိုတင် မိန့်တော်မူပြီး ထိုအကြောင်းများကို မည်သူ့ကိုမျှမပြောရန် တားမြစ်ခဲ့သည်။ ဦးကောဇ္ဇာညလည်း ဆရာတော်ကြီး ခန္ဓာဝန်ချပြီးသောအခါမှ ထိုအကြောင်းကို ထုတ်ဖော်ပြောခဲ့သည်။ ဆရာတော်ကြီး ကြိုတင်မိန့်တော်မူသည်အတိုင်းလည်း တစ်သဝေမတိမ်း ဖြစ်ထာခဲ့သည်။

ခန္ဓာဝန်မချမီ သုံးရက်အလိုမှာပင် ဆရာတော် သီတင်းသုံးသည့် ကျောင်းအဆင်းကွက်လပ်တွင် ဆရာတော်ကိုယ်တိုင် တံမြက်စည်းလှဲသည်။ တံမြက်လှဲရင်း -

"ဒီနေရာမှာ လူစည်ဦးမှာဟဲ့" ဟု မိန့်တော်မူခဲ့သည်။

ဝေဘူဆရာတော်ဘုရားကြီးသည် ၁၃၃၉ ခုနှစ် ပထမဝါဆိုလဆန်း ၁၁ ရက်၊ တနင်္ဂနွေည ၇ နာရီ မိနစ် ၃၀ အချိန်တွင် ဇာတိရပ်မြေ အင်ကြင်းပင် ကမ္မဋ္ဌာန်းဌာနဌ် ခန္ဓာဝန်ချတော်မူခဲ့ပါသတည်း။

✧✧✧

ဝေဘူဆရာတော်ဘုရားကြီး
ဟောတော်မူသည့် တရားတော်

ဘုရားရှင် အဆုံးအမဆိုတာ ပိဋကတ်သုံးပုံပဲ။ ပိဋကတ်သုံးပုံ ဆိုတာ အလွန်ကျယ်ဝန်းတယ်။ ပိဋကတ်သုံးပုံကို အဆီထုတ်ပါလျှင် "ဗောဓိပက္ခိယတရား ၃၇ ပါး" ရတယ်။ ဗောဓိပက္ခိယတရား ၃၇ ပါးကို အဆီထုတ်လျှင် မဂ္ဂင်ရှစ်ပါးရတယ်။ မဂ္ဂင်ရှစ်ပါးကို အဆီထုတ်လျှင် သိက္ခာသုံးပါးရတယ်။

သိက္ခာသုံးပါးဆိုတာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာပါပဲ။

သိက္ခာသုံးပါးကို အဆီထုတ်လျှင် "ဧကော ဓမ္မော" တရားတစ်ခု ရတယ်။

ရုပ်ပေါ်နာမ်ပေါ်မှာနေပြီး ယခုလိုဆောင်ထားတော့ (ရှုမှတ်နေတော့) ကာယက် သောင်းကျန်းမှု၊ ဝစီက် သောင်းကျန်းမှု မရှိဘူး။ အဲဒါ အဓိသီလလို့ခေါ်တယ်။

အဓိသီလ အားကောင်းလျှင် စိတ်တွေသောင်းကျန်းမှုမရှိဘဲ ငြိမ်ဝပ် ပိပြားပြီး တည်နေတော့တယ်။ အဲဒါ "အဓိစိတ္တ" လို့ခေါ်တယ်။

အဓိစိတ္တ (သမာဓိ) အားကောင်းထို. အချိန်ကြာလျှင် ဘယ်လူ-ဘယ်နတ်-ဘယ်ဗြဟ္မာမှ ဖန်တီးထို. မဖြစ်ဘူး။ လျှပ်တစ်ပြက်အတွင်း ကုဋေတစ်သိန်းဖြစ်ပြီး ပျက်နေတယ်။ ရုပ်ကို နာမ်က သိနေလျှင် ဖြစ်ပျက်ကိုသိတော့တာပဲ။ ဖြစ်ပျက်ကို သိတာ "အဓိပညာ" လို. ခေါ်တယ်။

အများနားလည်အောင် ပြောရမယ်ဆိုလျှင် ခန္ဓာကိုယ်မှာ ထင်ရှားတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ နှာဖျား၊ နှာဝမှာ ထွက်လေဝင်လေ နှစ်ရပ်ဟာ အမြဲတိုက်ဝင် တိုက်ထွက်နေတယ်။

နှာဖျား၊ နှာဝမှာ ကာယပသာဒအကြည်က အထိခံထွက်လေ ဝင်လေဖြစ်တဲ့ လေနှစ်ရပ် ဝါယောဖောဋ္ဌဗ္ဗက ထိတယ်။ ထိုအထိနဲ့.ထိတာ ရုပ်က၊ သိတာက နာမ်ဆိုတော့ ဒကာကြီး ဒကာမတို. သူများမေးမနေနဲ. ကိုယ့်နှာဝကို ဉာဏ်နဲ. စောင့်ကြည့်။ ဝင်တော့ထိဝင်မယ်။ ထွက်တော့လဲ ထိထွက်မယ်။ ထိတာကို သိနေလျှင် လောဘ-မောဟ-ဒေါသ ဖြစ်ခွင့်မရလို. လောဘမီး၊ ဒေါသမီး၊ မောဟမီး ငြိမ်းတယ်။ ငြိမ်းတော့ အေးတယ်။

မထိခင်ကလဲ သိလို.မဖြစ်ဘူး။ ထိပြီးပြန်တော့လဲ သိလို. မဖြစ်ဘူး။ ထိတုန်းကိုသာ သိလို.ဖြစ်တယ်။ အဲဒါကို ပစ္စုပ္ပန်တဲ့လို. ဆိုတယ်။

အဲဒီလို တစ်ထိတည်းထိနေတာကို တစ်ဆက်တည်း သိနေအောင် ဆောင်ဗျ။ တစ်ရက် ၂၄ နာရီ တစ်စပ်လောက်ရလျှင် အလွန်သိသာပါတယ်။ အဲသလို ထိတာကို မသိမှတ်နိုင်လျှင်

ဖျပ်တစ်ပြက်အတွင်းတွင်ပဲ ကုဋေတစ်သိန်း ကြေးတင်သွားရော့ဗျာ။

ထိတာကို သိနေဖျင် "ရုပ်နှင့်နာမ်သာ ရှိပါကလား" လို့ သိထိမ့်မယ်။ ရုပ်နာမ်မှတစ်ပါး ငါ-သူတစ်ပါး၊ ယောကျ်ား-မိန်းမ မရှိဘူးဆိုတာ ဘုရားရှင်၏ တရားတော် အမှန်ပါထား၊ထို့ကိုယ့်ဟာကိုယ် သိထိမ့်မယ်။ သူများကို မေးနေဖို့ မထိုပါဘူး။ နာဖျား-နာဝမှာ လေထိတာကို သိနေဖျင် ထိုအချိန်မှာ အတ္တဆိုတဲ့ ကိုယ်မရှိဘူး။

ထိုသိနေတဲ့အချိန်မှာ ဉာဏ်အမြင် စင်ကြယ်တယ်။ သမ္မာဒိဋ္ဌိ ဖြစ်တယ်။ ထိတာကို သိနေတဲ့အချိန်မှာ "ရုပ်နာမ်မှတစ်ပါး ဘာမျှမရှိပါကလား" လို့ သိတာကို နာမ်ရုပ်ကို ပိုင်းခြားပြီးသိလို့ "နာမ ရူပ ပရိစ္ဆေဒဉာဏ်" လို့ ခေါ်တယ်။

တစ်ထိတည်း၊ထိ တစ်သိတည်း သိနေဖျင် အတ္တစင်၍ ဉာဏ်အမြင် စင်ကြယ်တဲ့အကျိုးရတယ်။ ဒါဟာ တဒင်္ဂပဟာန် ခဏအချိန်ကလေးမှာ ရတဲ့အကျိုး နည်းတယ်လို့ မမှတ်ကြနဲ့။ ကမ္မဋ္ဌာန်းထိုင်ရတာများ ဘာမှလဲ မတွေ့ပေါင်၊ ဘာမှလဲ မရပေါင် လို့များ မမှတ်လိုက်ကြပါနဲ့။ မြင့်မြတ်တဲ့ဘဝ၊ ဘုရားသာသနာနဲ့. ကြုံကြိုက်တဲ့အခါမှာ ဒီလိုအကျိုးထူးများ ရနိုင်တယ်။ စားဖို့.သောက်ဖို့ အသာထား၊ပြီး အထူးကြိုးစားကြပါဟု မိန့်တော်မူခဲ့လေသတည်း။

✧✧✧

ထူးချွန်သူ အရှင်သူရိယ

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သာသနာရေး ဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသော ၂၀၀၁ ခုနှစ် နဝမအကြိမ် နိကာယ်စာမေးပွဲ၌ အာဘ်ဓမ္မာ ပထမပိုင်း နှစ်ကျမ်း အောင် ပုဂ္ဂိုလ်များအနက် မြန်မာတစ်ပြည်ထုံးတွင် တတိယ ဆုကို ဆွတ်ခူးအောင်မြင်သူမှာ အမရပူရမြို့ မဟာဂန္ဓာရုံ ကျောင်းတိုက် ရွှေဆင်တိုင်း စာချကျောင်းမှ သာသနာ့ဝန်ထမ်း အရှင်သူရိယ ဖြစ်ပါသည်။

အရှင်သူရိယသည် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ခမည်းတော် ဦးထွန်းရိန် (ညွှန်ကြားရေးမှူး၊ အငြိမ်းစား) နှင့် မယ်တော် ဒေါ်ကြည်ကြည်ဝင်း (အထက်တန်းပြဆရာမ၊ အငြိမ်း စား) တို့မှ ၁၃၇၇ ခုနှစ် တပို့တွဲလဆန်း ၇ ရက် သောကြာ နေ့တွင် ဖွားမြင်သော မောင်သန်းဝင်းရိန် အမည်ရှိ ဒုတိယ မြောက် သားရတနာဖြစ်ပါသည်။

၁၃၄၂ ခုနှစ်တွင် ကျောက်တန်းမြို့ မြို့မမူလတန်းကျောင်း၌ စာပေများကို စတင်သင်ကြားသည်။ မူလတန်း အောင်မြင်



ထူးချွန်သူ အရှင်သူရိယ

ပြီးသောအခါ ကျောက်တန်းမြို့ အမှတ် (၁) အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ကာ ပညာရပ်များကို ဆက်ထက်သင်ကြားသည်။ ၁၃၅၄ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ကျောက်တန်းမြို့ အထက (၁) မှ နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်။ ပညာသင်ဘဝ ၁၃၄၅ ခုနှစ်မှစ၍ နှစ်စဉ်နွေရာသီ ကျောင်းပိတ်ရက်တိုင်း၌ ကျောက်တန်းမြို့ မင်းကျောင်းပရိယတ္တိ စာသင်တိုက်တွင် ရှင်သာမဏေဝတ်ခဲ့သည်။ ရှင်သာမဏေ (ကိုရင်ဘဝ) မှ ထွက်သည့်အခါတိုင်းထည်းနက်ဖြန်ကျောင်းဖွင့်မည်ဆိုမှ ယနေ့လိုကျမှသာ ထူဝတ်ထဲပါသည်။

နှစ်စဉ် နွေရာသကျောင်းပတရက်တိုင်း၌ ရှင်သာမဏေဝတ်ပြီး မင်းကျောင်းဆရာတော် ဦးဇာဂရထံပါးတွင် တပည့်ခံယူကာ မြတ်ဗုဒ္ဓ၏ တရားဒေသနာများကို လေ့လာဆည်းပူးရာမှ "ပစ္စုပ္ပန် သံသရာ၌ ဆင်းရဲကို တိုးပွားစေတတ်သော လောကီစီးပွား ရှာဖွေမှုထက် သံသရာ လွတ်မြောက်ကြောင်းဖြစ်သော လောကုတ္တရာစီးပွားချမ်းသာကို ရှာဖွေရခြင်းသည်သာ အမွန်မြတ်ဆုံးဖြစ်ပေသည်။ လောကီစီးပွားများအတွက် ချမ်းသာနိုးနိုး မျှော်လင့်ကိုး၍ မမောနိုင် မပန်းနိုင် ရှာဖွေလာခဲ့ကြသည်မှာ ဘဝအဆက်ဆက် သံသရာ အဆက်ဆက်မှ ယနေ့တိုင်အောင် ဖြစ်ပေသည်။ မိမိတို့ မရှာဖွေသေးသော ဥစ္စာကား လောကုတ္တရာ အကျိုးစီးပွားသာဖြစ်ပေသည်" ဟု သိရှိနားလည်သဘောပေါက်လာခဲ့လေသည်။ ထိုအသိတရားကို အခြေခံ၍

လောကုတ္တရာ အကျိုးစီးပွားချမ်းသာကိုသာ ရှာဖွေတော့မည် ဟူသော ဘဝပေးအသိ ဖြစ်ပေါ်၍လာခဲ့ပါသည်။

ထိုအသိတရားကို အခြေခံလျက် ၁၀ တန်း စာမေးပွဲကို ဖြေဆိုပြီးခဲ့သည့်နှစ် ၁၃၅၄ ခုနှစ် အသက် (၁၇) နှစ်တွင် ကျောက်တန်းမြို့ မင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဇာဂရ အရှင်မြတ်ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သာသနာ့နွယ်ဝင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ရှင်သာမဏော သူရိယသည် မင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဇာဂရ အရှင်သူမြတ်ထံတွင် လောကုတ္တရာ အခြေခံ စာပေ ပရိယတ္တိများ သင်ကြားနေခဲ့ရာ ၁၃၅၄ ခုနှစ် အသက် (၁၇) နှစ် အရွယ်တွင် အမရပူရ မဟာဂန္ဓာရုံ ကျောင်းတိုက်သို့ ဆရာတော် ဦးဇာဂရမှ ပို့ဆောင်ပြီး လောကုတ္တရာ စာပေ ပရိယတ္တိများကို ဆက်လက်သင်ကြားစေခဲ့ပါသည်။ ရှင်သာမဏော ဘဝဖြင့် တိုက်အတွင်း အခြေခံစာမေးပွဲ သုံးဆင့်လုံးကိုလည်းကောင်း၊ ၁၃၅၆ ခုနှစ် နယုန်လတွင် ကျင်းပသော သာသနာပြု ဝိနယ စာမေးပွဲ၌ ဝိနယ သာမဏော အခြေပြုတန်းကိုလည်းကောင်း အောင်မြင်တော်မူသည်။

အသက် (၂၀) နှစ် အရွယ် ၁၃၅၈ ခုနှစ် ကဆုန်လဆန်း ၁ ရက် ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့ မြသိန်းတန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘနကို ဥပဇ္ဈာယ်ပြုလျက် ရန်ကုန်မြို့

ရွှေပင်ငွေပင် ဦးသိန်းထွန်း (သီရိသုခမ္မ မဏိဓောတခရ)၊ ဒေါ်အေးမြင့်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ မြင့်မြတ်သော ရဟန်းအဖြစ်ဖြင့် မဟာဂန္ဓာရုံကျောင်းတိုက်မှာပင် ပရိယတ်စာပေများကို သင်ယူဆည်းပူးသည်။

ယင်းကဲ့သို့ စာပေပရိယတ်များ သင်ကြားဆည်းပူးခဲ့စဉ် အတွင်း အရှင်သူရိယသည် မဟာန္ဓာရာမိက သာသနာထင်ရှားစာမေးပွဲ၊ မဟာဂန္ဓာရာမိက ဓမ္မာစရိယဘွဲ့၊ သာမဏော ပထမဆင့် နိကာယ်ငါးရပ် ပါဠိတော် စာမေးပွဲ၊ ဝိနယဝိဒူဘွဲ့ စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်တော်မူခဲ့သည်။ ၁၃၆၁ ခုနှစ် အသက် (၂၄) နှစ်အရွယ်တွင် သာသနာရေးဦးစီးဌာနက ကျင်းပသော ဓမ္မာစရိယစာမေးပွဲကို အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသထံမှ ဝင်ရောက်ဖြေဆိုအောင်မြင်တော်မူခဲ့သဖြင့် "သာသနဓဇ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်းခံရလေသည်။ ၁၃၆၃ ခုနှစ် နယုန်လဆန်း ၁ ရက်နေ့မှ ၅ ရက်နေ့အထိ ကျင်းပခဲ့သော နဝမအကြိမ် နိကာယ်စာမေးပွဲ၌ အဘိဓမ္မာ ပထမပိုင်းနှစ်ကျမ်းအောင် ပုဂ္ဂိုလ်များအနက် မြန်မာတစ်ပြည်လုံးတွင် တတိယဆုကို ဆွတ်ခူးအောင်မြင်ခဲ့သော ထူးချွန်သူပုဂ္ဂိုလ်တစ်ပါး ဖြစ်သည်။

စာလိုက်ခဲ့သောကျောင်းတိုက်နှင့် ဆရာတော်များမှာ ကျောက်တန်းမြို့ မင်းကျောင်း ပရိယတ္တိစာသင်တိုက်မှ မူလဥပဇ္ဈာယ် ဆရာတော် ဘဒ္ဒန္တ ဇာဂရ၊ အမရပူရမြို့ မဟာဂန္ဓာရုံ

ကျောင်းတိုက်မှ ဘဒ္ဒန္တမဟိန္ဒ၊ ဘဒ္ဒန္တကဝိန္ဒာလင်္ကာရာဘိဝံသ၊ ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ၊ ဘဒ္ဒန္တဇနပဒတိ၊ အရှင်ဝိစိတ္တာဿင်္ကာရတို့ ဖြစ်ကြသည်။

ယခုအခါ အရှင်သူရိယသည် အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ရွှေဆင်တိုင်း စာချကျောင်းဌိ သီတင်းသုံးလျက် ပရိယတ် အကျော်အမော်တစ်ပါးဖြစ်ရန် ကြိုးစားနေပေသည်။ ထို့အတူ ဒကာ၊ ဒကာမများကလည်း အရှင်သူရိယ၏ အနေအထိုင်နှင့် အောင်မြင်မှုအဖြာဖြာတို့ကို ကြည်ညိုသဒ္ဓါပွားကာ အနာဂတ် သာသနာအတွက် အားတက်ဂုဏ်ယူ ဝမ်းမြောက်မဆုံး ဖြစ်နေကြပေသည်။

✧✧✧

ဖိုးဝင်းတောင်သို့ ခရီးတစ်ခေါက်

အညာဒေသ၏ ပူပြင်းလှသော နေရောင်ခြည်အောက်ဝယ် စာရေးသူတို့ စီးလာသော ဂျစ်ကားသည် ချင်းတွင်း အနောက်ဘက်ကမ်း ညောင်ပင်ကြီးဆိပ်မှ နာမည်ကျော် လူသိများလှသည့် ဖိုးဝင်းတောင်တန်းကြီးရှိရာသို့ ဦးတည်သွားနေပါသည်။ ဖိုးဝင်းတောင်တော်မြတ်သည် ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ညောင်ပင်ကြီးဆိပ်မှ ၁၄ မိုင်ခန့် ကွာဝေးပြီး ယင်းမှာပင်မြို့နယ်၏ အရှေ့တောင်ဘက် မင်းရှူးကျေးရွာ အုပ်စုအတွင်း တည်ရှိပါသည်။

ဖိုးဝင်းတောင်သို့ သွားရာလမ်းသည် ကတ္တရာလမ်း၊ ကျောက်ခင်းလမ်းတို့ဖြင့် ကောင်းမွန်လျက်ရှိပါသည်။ လမ်းဘေး ဝဲယာတွင် ပင်ပု ပင်ပြတ် သန်း၊ ဒဟတ်တို့ကို တွေ့မြင်နိုင်ပြီး လမ်းသည်ပြေလျော်ပြီးမှ တဖြည်းဖြည်းမြင့်တက်သွားပါသည်။ မြေမြင့်ပိုင်းသို့ရောက်လေလေ သာ၍စိမ်းလန်းနေသော ရှုခင်းရှုကွက်များကို အောက်ဘက်တွင် တွေ့မြင်နိုင်လေလေဖြစ်သည်။

တောင်တော်သမိုင်းနှင့် ပတ်သက်၍ လေ့လာမှတ်သား ခဲ့ရသည်များမှာ ဤသို့ဖြစ်သည်။

ဖိုးဝင်းတောင်သည် ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိစဉ် အခါက ဖလသမာပတ် ဝင်စားတော်မူဖူးသော တောင်ထူး တောင်မြတ်ဖြစ်သည်ဟု ကြားသိခဲ့ရသည်။ ကောဇာသက္ကရာဇ် ၃၇၉ ခုနှစ်တွင် ဟလက်ံာပူရပြည်၌ ဟံလင်းပြည့်ရှင် ဘုရင် ဗန္ဓဝမင်း ထီးနန်းစိုးစံတော်မူချိန်တွင် ပုဂံပြည်၌ အနော်ရထာ မင်းစောသည် ထီးနန်းစိုးစံတော်မူပါသည်။ ဗုဒ္ဓမြတ်စွာသာသနာ တော်ကို ပုဂံပြည်သို့ ရှင်အရဟံက သယ်ဆောင်၍ လာခဲ့ရာ ပုဂံခေတ် အနော်ရထာမင်းကြီးက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေကာ စေတီပုထိုး ရုပ်ပွားတော်များကို တည်ထား ကိုးကွယ်စေခဲ့ပါသည်။ အနော်ရထာမင်းကြီးသည် ၎င်းတည်ထား ကိုးကွယ်သော စေတီပုထိုးများကို အနေကဇာတင် ပွဲတော်များကို ကျင်းပပြုလုပ်သော အချိန်အခါတွင် ဟံလင်းပြည့်ရှင် ဘုရင်ဗန္ဓဝ ကိုပါ အနော်ရထာမင်းက ဖိတ်ကြား ကြည်ညိုစေခဲ့ပါသည်။

သို့ဖြစ်ရာ ပုဂံဘုရင် အနော်ရထာမင်းစော၏ ဘုရား အနေကဇာတင်ပွဲတော်သို့ သွားရောက်ဖူးမြော် လေ့လာခွင့်ရ ခဲ့သော ဟံလင်းပြည့်ရှင် ဗန္ဓဝဘုရင်ကြီးသည် ဗုဒ္ဓမြတ်စွာ သာသနာတော်ပေါ်၌ ကြည်ညိုလိုသောစိတ် ပေါပေါက်ကာ သာသနာတော်ကြီးကို ပို၍ ပွားများ ကျယ်ပြန့်လာအောင် ဆောင်ရွက်လိုသောစိတ် ပြင်းပြလာခဲ့ပေသည်။ ထို့သို့ ဆောင် ရွက်လိုသောစိတ် ပြင်းပြနေသော ဟံလင်းပြည့်ရှင် ဗန္ဓဝမင်းကြီး

သည် ကျောက်တောင်ကျောက်သားဖြင့် စေတီပုထိုး ရုပ်ပွားတော်များကို အခိုင်အမာ တည်ထားကိုးကွယ်လိုသောစိတ် ဖြစ်ပေါ်လာလေသည်။ ထိုအခါ ဗန္ဓဝမင်းကြီးသည် ကျောက်တောင်ကျောက်သားဖြင့် အခိုင်အမာ တည်ထားကိုးကွယ်နိုင်မည့် နေရာများကို ရှာဖွေရန် ပညာဗလအမတ်ကြီးအား တာဝန်ပေးစေလွှတ်လိုက်လေသည်။

ထိုအခါ ပညာဗလအမတ်ကြီးသည် တောင်ပေါင်းများစွာကို ရှာကြံရာ ကျောက်သားကောင်း၍ လောင်းလှပုံသဏ္ဌာန် ရှိသော ဤတောင်ကို တွေ့မြင်ရ၍ ဗန္ဓဝမင်းကြီးအား တင်ကြားလျှောက်ထားလေသည်။ ဗန္ဓဝမင်းကြီးသည် ပညာဗလ အမတ်ကြီး၏ တင်ကြား လျှောက်ထားချက်အရ ဖိုးဝင်းတောင်ကို သဘောကျ နှစ်ခြိုက်ကာ ထိုတောင်ပေါ်တွင် ဘုရားပုဂံများ တည်ထားကိုးကွယ်ရန်အတွက် ဆင်မြင်း ဗိုလ်ပါ ပြည့်စုံစွာဖြင့် ကြွချီတော်မူလေသည်။ မင်းကြီးနှင့် မှူးမတ်ဗိုလ်ပါများတို့သည် ထိုတောင်တော်မြတ်ပေါ်တွင် ဂူဘုရားများနှင့် စေတီပုထိုးများကို တည်ထားကိုးကွယ်ရန် ဖိုးဝင်းတောင်၏ အနောက်ဘက် နှစ်မိုင်အကွာတွင် စုဝေးစီမံ စိုင်းပြင်းတော်မူပါသည်။ ထိုမင်းနှင့် မှူးမတ်ဗိုလ်ပါများ စုဝေးရာအရပ်ကို မင်းစုရွာဟု ကျေးရွာတစ်ခု တည်ထောင်ခဲ့ရာ ယခုအခါ မင်းဂူးရွာ ဟူ၍ ပြောဆိုခေါ်ဝေါ်ကြပါသည်။

ပျူမင်းဆက် ဟံလင်းပြည့်ရှင် ဘုရင် ဗန္ဓဝမင်းကြီးသည် ယခု ဖိုးဝင်းတောင်ကို ရှာဖွေပြီး ဂူဘုရားများနှင့် စေတီပုထိုး

များကို တည်ထားကိုးကွယ်တော်မူပါသည်။ ဂုဘုရားများနှင့် စေတီပုထိုးများကို တည်ထားကိုးကွယ်ရာတွင် မိဖုရား၊ မှူးမတ်၊ စစ်သည်ဗိုလ်ပါများသည်လည်း ဖိုးဝင်းတောင်၏ ကျောက်သားများကို ထွင်းထု၍ ရုပ်ပွားတော်၊ စေတီတော်များ တည်ထားကိုးကွယ်ခဲ့သော ဟူ၏။

ဤသို့ဖြင့် ကွမ်းစင်တိုင်ဘုရား၊ ရွှေသာလျောင်းဘုရား၊ ဆုတောင်းပြည့်ဘုရား၊ တောင်းတိုင်းပြည့်ဘုရား၊ တတိုင်းပြည့်ဘုရား၊ တင်းတင်းပြည့်ဘုရား၊ သက်တော်ရှည်ဘုရားနှင့် သက်တော်ရံဘုရားများဟု ယခုတိုင် စာရေးသူတို့ ထင်ရှားစွာ တွေ့မြင်ဖူးတွေ့ခဲ့ရပေသည်။

စာရေးသူတို့ စီးလာသော ဂျစ်ကားကလေးသည် တကွေ့တကောက်ဖြင့် ဖိုးဝင်းတောင်ရိုး လမ်းပေါ်သို့ တက်လာ၏။ ပတ်ဝန်းကျင်သည် တောတို့ဖြင့် စိမ်းလန်းနေ၏။ တောင်ထွတ်တောင်ကုန်းမြင့်တို့က ဝိုင်းပတ်နေ၏။ တောင်ချောက်ကမ်းပါးတို့ဖြင့် နက်ရှိုင်းနေ၏။ စာရေးသူတို့သည် ဝဲဘက် တောင်ကမ်းပါးယံမှ လမ်းအတိုင်း တက်ကြ၏။ တောင်ကမ်းပါးယံတွင် စေတီဘုရား အဆူဆူနှင့် လိုဏ်ဂူစေတီများ တမျှော်တခေါ် ထင်ရှားစွာ တွေ့မြင်ဖူးတွေ့.ကြရသည်။ ထိုကဲ့သို့ တောင်ကမ်းပါးယံရှိ စေတီဘုရားအဆူဆူတို့.ကို ဖူးတွေ့ရသောအခါ စာရေးသူ၏ ရင်ထဲဝယ် ကြည်နူးမှုတစ်မျိုးကို ခံစားခဲ့ရပါသည်။

စာရေးသူတို့.သည် တောင်ခါးလယ်တွင် ခေတ္တမျှ အပန်းဖြေကြရန် ရပ်နားလိုက်ကြသည်။ ထို့နောက် ဝဲဘက် တောင်

ကမ်းပါးယံရှိ အုတ်လှေကားကြီးမှတစ်ဆင့် တရွေ့ရွေ့ဆင်းလက်တက်ကြပြန်သည်။ များမကြာမီ မြင်းမိုရ်တောင်နှင့် အာလိန်ငါးဆင့် နှစ်ကျိပ်ရှစ်ဆူ လိုဏ်ဂူကြီးရှေ့သို့ ရောက်ကြလေ၏။ ဤနေရာသည် ဘုရားစေတီ၊ ဓမ္မာရုံတို့ဖြင့် အေးချမ်းနေပါ၏။ ငြိမ်းချမ်းနေပါ၏။ ဖိုးဝင်းတောင် လိုဏ်ဂူများကို နေရောင်ထိုးသဖြင့် ထင်ရှားစွာ မြင်တွေ့ရရာ တောရိပ် တောင်ရိပ်နှင့် အထူးပင်လှပသော ပန်းချီကားတစ်ချပ်သဖွယ်အလား တွေ့မြင်ရပါသည်။

ထို့နောက် လိုဏ်ဂူကြီးအတွင်းသို့ ရောက်ကြရာ နံရံဆေးပန်းချီတို့ကို ထင်ရှားစွာတွေ့မြင်ရသည်။ "ကုန်းဘောင်ခေတ်ကလက်ရာ ပန်းချီတွေ" ဟု စာရေးသူတို့အဖွဲ့ထဲမှ ဦးညွှန့်တင်ကပြောသည်။ စာရေးသူ၏ဓနိး ကျောင်းဆရာမ ဒေါ်ကြည်ကြည်ဝင်းနှင့် သားသမီးတို့သည် ဆေးရေးပန်းချီပုံများကို စူးစိုက်ကြည့်နေကြသည်။

"ရှင်မဒ္ဒီ၊ ဇာလီ၊ ကဏှာ နန်းဦ စံစားနေဟန်"
"မင်းကြီး ဝေဿန္တရာ ရတနာဆင်ဖြူကို လှူဟန်"
"သမီးလုလင်၊ သားလုလင်၊ ရွှေရတနာ၊ ငွေရတနာ၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ ဆင်ရတနာ၊ မြင်းကသော ရထားယာဉ်တို့ကို ပေးလှူတော်မူဟန်"

စသည်ဖြင့် ရေးထားသည့် ပန်းချီပုံတို့၏ စာတမ်းများကိုလည်း ဆေးရောင်လွင်စွာ တွေ့မြင်ခဲ့ရသည်။

ဟံလင်းပြည့်ရှင် ဗန္ဓဝမင်းကြီး၏ မိဖုရားဂူတွင် ရွှေသာလျောင်း ဘုရားကြီးနှင့် အောင်ခြင်းရှစ်ပါး ဆေးရေးပန်းချီတို့ကို တွေ့မြင်ရသည်။ အထူးရေးသား ဖော်ပြလိုသော အံ့ဖွယ်လက်ရာတစ်ခုမှာ အချို့သော လိုဏ်ဂူကြီးများ၏ တံခါးများတွင် ပန်းပုရုပ်များ ထွင်းထုထားသည့် သစ်သားတံခါးများမှာ လက်ရာမြောက်လှသည့် ပန်းပုရုပ်များပင်ဖြစ်သည်။

စာရေးသူသည် တောင်နံရံရှိ ထွင်းဖောက်ထားသည့် ဂူကြီးများနှင့် ဂူကြီးများအတွင်းရှိ သပ္ပာယ်လှသည့် ဘုရားရုပ်ပွားတော်တို့ကို ကြည်ညိုစွာ ကြည့်ရှု ပူဇော်မိပါသည်။ ဖိုးဝင်းတောင်ပေါ်၌ ရှိသော ဘုရားရုပ်ပွားတော်များကို စနစ်တကျ မှတ်တမ်းတင် ရေတွက်ထားရှိသည် ဟူ၍လည်း ဆရာတော် ဦးကောသလ္လက စာရေးသူအား မိန့်တော်မူသည်။

ဖိုးဝင်းတောင် ဟူ၍ အမည်ပေး ခေါ်ဝေါ်ကြသည်မှာ ဦးဖိုးဝင်း အမည်ရှိသော ပုဂ္ဂိုလ်တစ်ဦးသည် ဤတောင်ပေါ်တွင် ပြဒါး၊ သံမျှားနှင့် ဖိုထိုးပြီး ထွက်ရပ်ပေါက်သွားသည့်အတွက် ထွက်ရပ်ပုဂ္ဂိုလ် ဦးဖိုးဝင်းကိုအကြောင်းပြု၍ ဦးဖိုးဝင်းတောင်ဟု ခေါ်ခဲ့ရာမှ ယခုအခါတွင် ဖိုးဝင်းတောင် ဟူ၍လည်းကောင်း၊ ထွက်ရပ်ပုဂ္ဂိုလ်များ ဖိုလ်ဝင်စား၍ ဖိုလ်ဝင်တောင် ဟူ၍လည်းကောင်း သုတေသီများက အသီးသီး အမည်ပေးကြ၊ ခေါ်ဝေါ်ကြသည်ဟု ဆိုပါသည်။

အချုပ်အားဖြင့် ဆိုရပါမူ ဤမျှ အံ့ဖွယ်စုံလင်လှသော ဖိုးဝင်းတောင်တော်မြတ်ဆီသို့ တစ်ခါတစ်ခေါက် သွားရောက်

ဖူးမြော်သင့်လှပေသည်။ အထူးသဖြင့် ဗဟုသုတပွားများအောင် လေ့ထာ လိုက်စားလိုသူများနှင့် သမိုင်းအထောက်အထားနှင့် မြန်မာ့ယဉ်ကျေးမှု အနုပညာ မြန်မာမှုဆိုင်ရာများကို ရှာမှီးစုဆောင်းလိုသော သုတေသီများအနေဖြင့် ဤဖိုးဝင်းတောင်သို့ သွားရောက်သင့်ပါသည်။

သွားရောက်ထိုပါက ပထမ မုံရွာမြို့သို့ ရှေးဦးစွာ သွားရောက်ကြရပါမည်။ ၎င်းနောက် မုံရွာမြို့မှ တစ်ဆင့် သတ္တာဝတီမြစ် (ယခု ချင်းတွင်းမြစ်) ကို သမဝါယမ ကူးတို့ဖြင့် ကူးဖြတ်ပြီး ညောင်ပင်ကြီးဆိပ်ကမ်းသို့ သွားရောက်ကြရပါမည်။ ထိုညောင်ပင်ကြီးဆိပ်ကမ်းမှတစ်ဆင့် နေ့ရော ညပါ အချိန်အခါမလပ် သယ်ယူပို့ဆောင်ပေးနေသော ဘုရားဖူးယာဉ်များဖြင့် ၁၄ မိုင်ခရီး အကွာအဝေးကို တစ်နာရီခန့် ကားစီး၍ ဖိုးဝင်းတောင်ပေါ်အရောက် သွားရောက် ဖူးမြော်နိုင်ပါသည်။

✧✧✧

သီလရှင်ဆရာကြီး ဒေါ်ကုန္ဒဝတီ

စာရေးသူသည် ၁၃၆၁ ခုနှစ် နှစ်ဆန်းပိုင်းလောက်က မင်းကွန်းတောင်ရိုး ရွာပင်တိုက် ဓမ္မစကြာချောင် ဦးစီးနာယကသီလရှင် ဆရာကြီး ဒေါ်ကုန္ဒဝတီနှင့် ဆုံတွေ့ခွင့် ရခဲ့သည်။ ဆရာကြီးသည် နိုင်ငံတော်က ချီးမြှင့်သော "သာသနဓဇ သီရိပဝရ ဓမ္မာစရိယ" ဘွဲ့တော်ကို ၁၃၁၅ ခုနှစ်က ရရှိခဲ့သော သီလရှင်တစ်ပါးဖြစ်သည်။

မွေးရပ်ရွာနှင့် မိဘနှစ်ပါး

ဆရာကြီး ဒေါ်ကုန္ဒဝတီကို သုံးခွမြို့၌ အဖ ဦးဘတုပ်၊ အမိ ဒေါ်မြစိန်တို့က ၁၂၈၃ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်ပါသည်။ မွေးချင်း ရှစ်ယောက်တွင် အကြီးဆုံး ဖြစ်ပါသည်။

ပါရမီဓာတ်ခံ သူငယ်ဘဝ

၁၂၉၆ ခုနှစ် (၁၃) နှစ်သမီးအရွယ်တွင် အင်္ဂလိပ်-မြန်မာ ဝါးတန်းအောင်မြင်ပြီးနောက် ဗုဒ္ဓမြတ်စွာ၏ ကြည်နူးသာယာ

သီလရှင်ဆရာကြီး

ဒေါ်ကုန်တံတီ

သာသနာ့အေးရိပ်သာသို့သာ ဝင်ရောက်လိုကြောင်း ခွင့်တောင်း ပူဆာလေသည်။ ထိုအခါ မိဘနှစ်ပါးတို့ကလည်း သဘောတူ ခွင့်ပြုခဲ့ပြီး ၁၂၉၆ ခုနှစ် တန်ဆောင်မုန်းလတွင် သုံးခွမြို့ ခမတ် ကျောင်းမှာပင် ဆရာကြီး ဒေါခေမာရီကို ဥပဇ္ဈာယ်ပြု၍ သီထရုင်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

မင်းကွန်း ရှားပင်ချောင်သို့

သီလရှင် ဒေါကြန္ဒဝတီသည် သုံးခွမြို့ ခမတ်ကျောင်းမှာပင် သီထရုင်ဆရာကြီး ဒေါခေမာရီထံတွင် စာပေပရိယတ္တိ သင်ကြား နေခဲ့ရာ ၁၂၉၉ ခုနှစ် (၁၆) နှစ်အရွယ်တွင် မိဘနှစ်ပါးထံ ခွင့်ပန်၍ ဆရာကြီး ဒေါခေမာရီနှင့်အတူ စစ်ကိုင်းတောင်ရိုး မင်းကွန်း ရှားပင်ချောင်သို့ စာပေသင်ကြားရန် ရောက်ရှိလာခဲ့ပြီး စာပေ ပရိယတ္တိကို သင်ကြားလေသည်။

အောင်သံဆင့်ဆင့် အောင်လံလွှင့်

ဆရာလေး ဒေါကြန္ဒဝတီသည် စစ်ကိုင်းတောင်ရိုး မင်းကွန်း ရှားပင်ချောင်သို့ ရောက်သည့်အချိန်မှစ၍ စာပေ ပရိယတ္တိကို ကြိုးစားသင်ယူ အားထုတ်မှုကြောင့် ၁၃၀၀ ပြည့်နှစ် (၁၇) နှစ်အရွယ်တွင် အစိုးရ ပထမငယ်တန်းကိုလည်းကောင်း၊ ၁၃၀၂ ခုနှစ် (၁၉) နှစ်အရွယ်တွင် အစိုးရ ပထမလတ်တန်းကို လည်းကောင်း ဖြေဆို အောင်မြင်ခဲ့ပါသည်။ ပထမလတ်တန်း

ဖြေဆိုပြီးချိန်၌ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်နေသဖြင့် စာသင်ရပ်ထားရပြီး စစ်ပြီး ၁၃၀၉ ခုနှစ် အသက် (၂၆) နှစ်တွင် ပထမကြိမ်းတန်းကို ဝင်ရောက်ဖြေဆိုရာ သီလရှင်များအနက် မြန်မာတစ်ပြည်လုံး၌ အမှတ်အများဆုံးဖြင့် ရန်ကုန်မြို့ ပုညကုသလ အသင်း၏ ထောက်ပံ့လှူဒါန်းခြင်းကို ခံရလေသည်။ ၁၃၁၅ ခုနှစ် အသက် (၃၂) နှစ်အရွယ်တွင် စာချတန်း စာမေးပွဲကို ကိုးကျမ်းစွဲ အောင်မြင်ခဲ့သည်။ သို့အတွက် နိုင်ငံတော်က ချီးမြှင့်သော "သာသနဓဇ သီရိပဝရ ဓမ္မာစရိယ" ဘွဲ့တော်ကို ရရှိခဲ့သည်။

စာပေများ သင်ကြားပို့ချ

ဆရာလေးသည် စာချတန်း အောင်မြင်ပြီးနောက် ယခု (၇၉) နှစ် အရွယ်အထိ မင်းကွန်း ရှားပင်ချောင်မှာပင် သီတင်းသုံး နေထိုင်ပြီး စာပေများကို ပို့ချနေပါသည်။ စာပေသင်ကြားနေသည့် သီလရှင်ဦးရေမှာ ၃၂ ပါးခန့် ရှိလေသည်။

စာလုံးကခဲ့သော ဆရာများ

စာလိုက်ခဲ့သော ဆရာများမှာ ရှားပင်ချောင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးစန္ဒိမာ၊ ရှားပင်ချောင် ဆရာကြီးဒေါဓမ္မာရီ၊ ဆရာကြီး ဒေါစန္ဒိမာနှင့် ဆရာကြီး ဒေါဥမ္မလာရီတို့ ဖြစ်ကြသည်။

နေ့စဉ်လုပ်ငန်း

ဆရာကြီး ဒေါက်တာနွဲ့ဝတီသည် နံနက် ၄ နာရီတွင် အိပ်ရာမှ ထသည်။ တရား တစ်နာရီကြာထိုင်သည်။ နံနက် ၅ နာရီတွင် ဆွမ်းတော်ကပ်၊ ရေတော် ပန်းတော်များ ကပ်လှူသည်။ ဘုရား ရှိခိုး၊ မေတ္တာပို့ အမျှဝေပြီး နံနက် ၅ နာရီခွဲခန့်တွင် အရက္ခာ ဆွမ်းစားသည်။ ထို့နောက် ကျောင်းဝေယျာဝစ္စများ ဆောင်ရွက်သည်။ နံနက် ၈ နာရီတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသည်။ သုံးရေသောက်ရေ ခပ်သည်။ ဖြည့်သည်။ ဆွမ်းတော်စွန့်သည်။

နံနက် ၁၀ နာရီတွင် ရေချိုးသည်။ ၁၁ နာရီခန့်တွင် နေ့ဆွမ်းစားသည်။ နေ့ဆွမ်းစားပြီး ခေတ္တအနားယူ အိပ်စက်သည်။ နေ့လယ် ၁ နာရီတွင် စာချသည်။

ညနေပိုင်းတွင် လျှောင်း၊ ထိုင်၊ ရပ်၊ သွား ကျရိယာပုတ် လေးမျိုးဖြင့် တရားမှတ်သည်။ ညနေ ၄ နာရီတွင် မန်ကျည်းဖျော်ရည် စသည်တို့ကို သောက်သည်။

ညနေ ၆ နာရီတွင် ကျောင်းပတ်ဝန်းကျင် လှည့်ကာ မေတ္တာပို့သည်။ ည ၇ နာရီတွင် ဘုရားဝတ်တက်ပြီး ခေတ္တ နားနေရင်း ထန်းလျက်များ၊ စတုမဓူ စားသုံးသည်။ ည ၁၀ နာရီတွင် တရားထိုင်ပြန်သည်။ ည ၁၁ နာရီတွင် အိပ်ရာဝင်သည်။

လက်ရှိထမ်းဆောင်ဆဲတာဝန်

ကျောင်းတိုက်ရှိ သီလရှင်များအား စာဝါများ ပို့ချခြင်း၊ ပရိယတ္တိ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျောင်းတိုက်၏ ဝေယျာဝစ္စများကို ဦးဆောင်ညွှန်ပြ၍ ပြုလုပ်ခြင်းဖြင့် သာသနာ့တာဝန်ကို ဆက်လက်ထမ်းဆောင်သွားမည် ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

✧✧✧

လူငှါ အဓိပ္ပာယ် ဆန်းစစ်ချက်

လူ့၏အဓိပ္ပာယ် ဆန်းစစ်ချက်

စာရေးသူတို့ မျက်မြင်လောကကြီးတွင် လူနှင့် တိရစ္ဆာန် ဟူ၍ သက်ရှိသတ္တဝါ နှစ်မျိုးကို အကြမ်းအားဖြင့် တွေ့မြင်နိုင်သည်။ လူနှင့် တိရစ္ဆာန်တို့၏ အလုပ်ကိစ္စများကို ဆန်းစစ်ကြည့်လျှင် ဦးစွာ တိရစ္ဆာန်များ၏ နေ့စဉ်လုပ်ကိုင် ဆောင်ရွက်နေကြသော အလုပ်ကိစ္စများကို တွေ့မြင်ရသည်။

တိရစ္ဆာန်တို့ နေ့စဉ်လုပ်ကိုင် ဆောင်ရွက်နေသော ကိစ္စများမှာ-

၁။ မေထုန်မှီဝဲခြင်း အလုပ်၊

၂။ အစာရှာဖွေခြင်း အလုပ်၊

၃။ အစာစား‌ခြင်း အလုပ်၊

၄။ အိပ်ခြင်း အလုပ်

ဟူ၍ အလုပ်ကြီး‌လေး‌ခုကို လုပ်ကိုင်နေကြလေသည်။

ထိုနည်းတူ လူ ဆိုသည့် သတ္တဝါတွေလည်း နေ့စဉ် ဆောင်ရွက် လုပ်ကိုင်နေကြသော အလုပ်ကိစ္စများ ကြည့်လျှင် နေ့စဉ်နှင့်အမျှ လူတို့သည် မေထုန်မှီဝဲခြင်းအလုပ်ကို လုပ်ကိုင်နေကြသည်။ အစာရှာဖွေခြင်းအလုပ်ကို လုပ်ကိုင်နေကြသည်။ အစာစားသောက်ခြင်းအလုပ်ကို လုပ်ကိုင်နေကြသည်။ အိပ်ခြင်းအလုပ်ကို လုပ်ကိုင်နေကြသည်ကို လက်တစ်ကမ်းမှာ ကြည့်ရှုလျှင်ပင် တွေ့မြင်ရပေသည်။

ဤနေရာတွင် တိရစ္ဆာန်တွေ လုပ်နေသော အလုပ်နှင့် လူတွေလုပ်နေသော အလုပ်တို့ကို ဆန်းစစ်ကြည့်သောအခါ တူနေသည်ကို တွေ့ရပါသည်။

တိရစ္ဆာန်နှင့် တူသောလူ (လူ့တိရစ္ဆာန်)

သက်ရှိ လူတို့သည် အထက် ဖော်ပြပါ အလုပ်လေးခုလောက်နှင့် အချိန်ကုန်နေလျှင် လူအစစ်ဟု မခေါ်ဆိုနိုင်ပေ။ "လူတု" ဟုသာ ခေါ်ဆိုရပါမည်။ တစ်နည်းအားဖြင့် အထက် ဖော်ပြပါ အလုပ်လေးခုလောက်နှင့် အချိန်ကုန်လွန်လျှင် တိရစ္ဆာန်နှင့် တူသောလူ၊ တစ်နည်း လူ့တိရစ္ဆာန်ဟုသာ သတ်မှတ်နိုင်သည်။

မြတ်စွာဘုရား သာသနာတော်အတွင်း၌ လူဖြစ်၍လာသော်လည်း ဘုရားမကြိုက်သော တရားထူး၊ တရားဆန်းတွေကိုလည်း အလွဲလွဲကျင့်၊ သူတစ်ပါးအသက်ကို သတ်ခြင်း၊ သူများ

ပစ္စည်းကို ခိုးယူခြင်း၊ သူတစ်ပါး ထင်, မယား, သမီးပျို, သားပျို တို့ကို ကာမဂုဏ် ကျူးလွန်မှားယွင်းခြင်း၊ မဟုတ်မမှန်သော စကားတို့ကို လိမ်လည်ဝါကြွား၍ မုသားပြောဆိုခြင်း၊ ဘိန်းဘင်း, ကစော်, လောင်စာ, အရက်, ထန်းရည်ခါး, စိန်ရည်, ဝိစကီ, ဘီယာတို့ကို သောက်စားမူယစ်၍ ခွေးရူး, လူရူးများကဲ့သို့ ဒေါသ, မာန, အာဃာတ တရားများ ထောင်လွှား မိုက်မှား၍ နေသော လူများလည်းရှိပေသည်။ သူတို့သည် အိပ်ကာ စားကာ ရယ်မောကာနှင့် ငါးဖြာအာရုံ ကာမဂုဏ်တို့ကို ခုံမင်လိုက်စား ပျော်ပါးဖို့ရာ လူ့ဘုံ လူ့ပြည်ဝယ် လူရယ်လို့ ဖြစ်လာ ဖြစ်ရပေသည်ဟု လက်ခံ အယူရှိကြ၏။ ထိုသို့သောလူမျိုးကား တိရစ္ဆာန်နှင့် တူသောလူဟု ခေါ်ဆိုထိုက်လေသည်။ လူ့တိရစ္ဆာန် ဆိုသော လူပင် ဖြစ်တော့၏။

တိရစ္ဆာန်နှင့် မတူသောလူ (လူအခန်း)

မေထုန်မှီဝဲခြင်း၊ အစာရှာဖွေခြင်း၊ အစာစားသောက်ခြင်း နှင့် အိပ်ခြင်းဟူသော အလုပ်လေးခုသည် တိရစ္ဆာန်များမှာလည်း ရှိသလို လူတွေမှာလည်းရှိပေသည်။ ဖော်ပြပါ အလုပ် လေးခု လောက်နှင့် အချိန်ကုန်လွန်နေသောလူကို "လူ့တိရစ္ဆာန်" ဟု ခေါ်ဆိုနိုင်လေ၏။ လူသည် တိရစ္ဆာန်ထက် ထူးခြားသည့်အချက် ကလေးသည်ကား ဝိဇ္ဇာ အသိပညာ ဉာဏ်ပညာတရားပင် ဖြစ်၏။ မိမှန်း, ဖမှန်းသိ၊ ဆွေမှန်း, မျိုးမှန်းသိ၊ ကုသိုလ်မှန်း,

အကုသိုလ်မှန်းသိ၊ ဒါန, သီလ, ဘာဝနာမှန်းသိ စသည့် အသိဉာဏ်ဝိဇ္ဇာရှိလျှင် တိရစ္ဆာန်ထက်သာပြီဟု ဆိုနိုင်၏။ သို့မှသာ တိရစ္ဆာန်နှင့်မတူသောလူဟု ခေါ်ဆိုရပါမည်။ လူအစစ်ဟူ၍ ခေါ်ဆိုထိုက်တော့၏။

ဆန်းစစ်ဖို့လို

တိရစ္ဆာန်နှင့် တူသောလူ (လူ့တိရစ္ဆာန်) နှင့် တိရစ္ဆာန်နှင့် မတူသောလူ (လူအစစ်) ဟူ၍ အကြမ်းအားဖြင့် လူကို နှစ်မျိုးနှစ်စား ခွဲခြားနိုင်လေရာ ငါသည် မည်သည့် အစား:ထဲကလဲ၊ ငါသည် မည်သည့် အတန်:အစား:ထဲမှာ ပါသလဲဟူ၍ မိမိကိုယ်ကို ဆန်းစစ်ဖို့ လိုပေသည်။ သို့ဖြစ်ရာ စာရှုသူအပေါင်းတို့သည်လည်း မိမိကိုယ်ကို နံပါတ်တပ်ဖို့ ဆန်းစစ် ကြည့်ဖို့ရာ တိုက်တွန်းလိုပါသည်။

လူအစစ် ဖြစ်ဖို့ရာ

လူအစစ် ဖြစ်ဖို့ရာ အသိဉာဏ်ဝိဇ္ဇာ ရှိဖို့ လိုပါသည်။ လူသာ အမည်ခံသော်လည်း အသိဉာဏ်ဝိဇ္ဇာ မရှိလျှင် လူဟု မခေါ်ဆိုထိုက်ပါ။ အသိဉာဏ်ဝိဇ္ဇာရှိမှ လူအစစ်ဟု ခေါ်ဆိုထိုက်ပါသည်။ လူတွင် ဝိဇ္ဇာဉာဏ်ရှိဖို့ရာ အောက်ပါအင်္ဂါရပ်လေး:မျိုးနှင့် ပြည့်စုံအောင် ပြုမူနေထိုင်ကျင့်ကြံ အား:ထုတ်ကြရမည် ဖြစ်ပါသည်။ ယင်း:အင်္ဂါ (၄) ပါး:မှာ ...

၁။ သူတော်ကောင်းကို ပေါင်းဖော်မိဝဲ ဆည်းကပ်ရခြင်း၊

၂။ ထိုသူတော်ကောင်းတို့၏ ဟော်ဖော်ညွှန်ပြ ဆုံးမသော တရားတော်ကို နာယူမှတ်သား လိုက်နာခြင်း၊

၃။ စိတ်ကောင်း နှလုံးကောင်း ဖြူစင် သန့်ရှင်းစေခြင်း၊

၄။ ကျင့်ကြံ အားထုတ်ရခြင်း

တို့ဖြစ်ပါသည်။

ဖော်ပြပါ အင်္ဂါရပ် (၄) ပါးနှင့် ပြည့်စုံအောင် ပြုမူ နေထိုင်သော လူသည်သာလျှင် မြတ်ဘုရား သာသနာတော်တွင်း၌ လူဖြစ်ရကျိုး နပ်သည်ဟုဆိုရပါမည်။ သို့မဟုတ်ပါက သာသနာတော်အတွင်း၌ လူလာဖြစ်သော်ငြားလည်း ဗုဒ္ဓမြတ်စွာ၏ သာသနာ့ပြင်ပက လူသာလျှင် ဖြစ်ပေမည်။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်အတွင်းက လူဖြစ်ရလေအောင် ဖော်ပြပါ အင်္ဂါ (၄) ပါးနှင့် ပြည့်စုံအောင် နေထိုင်ပြုမူ ကျင့်ကြံ အားထုတ်ရမည် ဖြစ်သည်။

သို့ဖြစ်၍ စာရှုသူများတို့သည် ကျေးဇူးရှင် အောင်မင်္ဂလာဆရာတော်ဘုရား၏ အောက်ဖော်ပြပါ ဆိုဆုံးမချက်အတိုင်း ပြုမူကျင့်ကြံနေထိုင်သွားကြပြီး တစ်နေ့ထက်တစ်နေ့ သူတော်ကောင်း တရားများကို မြင့်သည်ထက်မြင့်အောင်၊ ရင့်သည်ထက် ရင့်ကျက်အောင် ကြိုးစား အားထုတ်ကြရန် တိုက်တွန်းလိုက်ရပေသည်။

" သူတော်သူမြတ်၊ မြဲဆည်းကပ်၍၊
မှတ်မှတ်သားသား၊ တရားကိုနာ၊
ဖြူစွာနှလုံး၊ တဖြောင့်သုံးလျက်၊
အားတက်ကျင့်ကြံ၊ သောတာပန်၊
ဖြစ်ရန် အကြောင်းတရား ထေးပါးတည်း"
ဟူ၍ ဖြစ်ပါသည်။

✧✧✧

ကြေးလဝါ

လူဧလေးမျိုး

၁။ အလင်းကလာ၊ အလင်းရွာ၊ သွားလေသူက
တစ်ယောက်ကွဲ.၊

၂။ အမှောင်ကလာ၊ အမှောင်ရွာ၊ သွားလေသူက
တစ်ယောက်ကွဲ.၊

၃။ အလင်းကလာ၊ အမှောင်ရွာ၊ သွားလေသူက
တစ်ယောက်ကွဲ.၊

၄။ အမှောင်ကလာ၊ အလင်းရွာ၊ သွားလေသူက
တစ်ယောက်ကွဲ.၊

ဟူ၍ လူ (၄) မျိုး ရှိပေသည်။

၁။ ပထမ လူအမျိုးအစားမှာ အလင်းမှလာ၍ အလင်းသို့
ပြန်သွားသူက လူတစ်မျိုးဖြစ်သည်။ ကျမ်းဂန်လာ ပါဠိတော်
အလိုအရ "ဧာတိဧာတိ ပရာယနပုဂ္ဂိုလ်" ဟူ၍ ဖြစ်သည်။
ဤလူအမျိုးအစားကို ဥပမာအားဖြင့် ရေးသားဖော်ပြရသော်
လူ.ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ဟု ဆိုအပ်သော သုဂတိဘုံဘဝ
လူလာဖြစ်ပြီး၊ လူဖြစ်လာသောဘဝတွင် ဒုစရိုက်အမှုများကို

ရောင်ကြဉ်၍ ဒါန၊ သီလ၊ ဘာဝနာ အစရှိသော ပုညကိရိယာ ဝတ္ထု (၁၀) ပါးကို ပြုလုပ်အားထုတ်ခြင်းကြောင့် သေလွန်သော အခါ တစ်ဖန် လူ နတ် ဗြဟ္မာ တည်းဟူသော သုဂတိဘုံဌာန တစ်ခုခုသို့ ပြန်လည်ရောက်ရှိသွားသောပုဂ္ဂိုလ်မျိုးကို ဆိုလို ပေသည်၊ "ရှေးက ကောင်းလို့၊ ခုကောင်းခဲ့တယ်၊ ခုကောင်းရင်၊ နောင်ကောင်းပါလိမ့်မည်" ဟူ၍ အကျဉ်းမှတ်သားရပါသည်။

၂။ ဒုတိယလူ အမျိုးအစားမှာ အမှောင်တွင်းမှ လာ၍ အမှောင်တွင်းသို့ပြန်သွားသူက လူတစ်မျိုးဖြစ်သည်။ ကျမ်းဂန် ပါဠိတော် အလိုအရ "တမောတမ ပရာယနပုဂ္ဂိုလ်" ဟူ၍ ဖြစ်သည်။ ဤလူအမျိုးအစားကို ဥပမာအားဖြင့် ရေးသားဖော် ပြရသော် – အပါယ်လေးဘုံဟူသော ဒုဂ္ဂတိဘုံဘဝမှ လူလာ ဖြစ်ပြီး၊ လူဖြစ်လာသော ဤဘဝတွင် မကောင်းသော ဒုစရိုက် အမျိုးမျိုးတို့ကို ပြုလုပ်အားထုတ်ခြင်းကြောင့် သေလွန်သော အခါ တဖန် အပါယ်လေးဘုံဟူသော့ ဒုဂ္ဂတိဘုံ တစ်ခုခုသို့ ပြန်လည်ရောက်ရှိသွားသော ပုဂ္ဂိုလ်မျိုးကို ဆိုလိုပါသည်။ "ရှေးကဆိုးလို့၊ ခုဆိုးခဲ့တယ်၊ ခုဆိုးရင်၊ နောင်ဆိုးပါလိမ့်မည်" ဟူ၍ မှတ်သားရပေမည်။

၃။ တတိယလူ အမျိုးအစားမှာ အလင်းမှလာ၍ အမှောင်တွင်းသို့ ဝင်ရောက်သွားသူဖြစ်သည်။ ကျမ်းဂန် ပါဠိတော် အလိုအရ "ဇောတိတမ ပရာယနပုဂ္ဂိုလ်" ဟူ၍ ဖြစ်သည်။ ဤလူအမျိုးအစားကို စာရှုသူတို့အား ဥပမာဖြင့် ရေးသားဖော်

ပြရသော် – သုဂတိဘုံဘဝမှ လူဖြစ်လာရပြီး လူဖြစ်လာသော ဤဘဝတွင် မကောင်းသောဒုစရိုက် အမျိုးမျိုးတို့ကို ပြုလုပ်အားထုတ်ခြင်းကြောင့် သေလွန်သောအခါ အပါယ် ထေးဘုံဟူသော ဒုဂ္ဂတိဘုံဘဝတစ်ခုခုသို့ ရောက်ရှိသွားသည့်ပုဂ္ဂိုလ်မျိုးဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်မျိုးကို ရည်ရွယ်၍ "ရှေးက ကောင်း ယျက်၊ ခုဆိုးပါတယ်၊ ခုဆိုးရင်၊ နောင်ဆိုးပါလိမ့်မည်" ဟူ၍ ဆိုရပေသည်။

၄။ စတုတ္ထအမျိုးအစား ပုဂ္ဂိုလ်မျိုးကား အမှောင်တွင်းမှ ထွက်၍ အထင်းသို့ ဝင်ရောက်သူ ဖြစ်ပါသည်။ ကျမ်းဂန် ပါဠိတော်အလိုအရ "တမောဇောတိပရာယနပုဂ္ဂိုလ်" ဟူ၍ ပြဆိုထားပါသည်။ ဤပုဂ္ဂိုလ်အမျိုးအစားကို စာရှုသူတို့အား ဥပမာဖြင့် ရေးသားဖော်ပြရပါမူ – ဒုဂ္ဂတိဘုံဘဝမှ လူဖြစ်လာပြီး၊ လူဖြစ်လာသော ဤဘဝတွင် အသိအလိမ္မာ ဉာဏ်ပညာ ရှိရှိအောင် အားထုတ်ခြင်း၊ ပညာရှိ သူတော်ကောင်းတို့နှင့် ဆက်ဆံခြင်းစသော အကြောင်းတရားများကြောင့် ဒုစရိုက် (၁၀) ပါးမှ ရှောင်ကြဉ်ပြီးလျှင် ပုညကိရိယာဝတ္ထု (၁၀) ပါးတို့ကို ကြိုးစားအားထုတ်ဖြည့်ကျင့်၏။ ထိုသူ သေလွန်သောအခါ သုဂတိဘုံဘဝ တစ်ခုခုသို့ ရောက်ရှိသွားလေသည်။ ထိုပုဂ္ဂိုလ်မျိုးကို ရည်ရွယ်၍ "ရှေးကဆိုးလို့ ခုကောင်းပါတယ်၊ ခုကောင်းရင်၊ နောင် ကောင်းပါလိမ့်မည်" ဟူ၍ ဆိုရပေသည်။

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဉာဏ် ရသောသူ၊ စာတိသရဉာဏ် ရသူတို့မှတစ်ပါး အခြားသောသူများမှာ မိမိ

တို့ အဘယ်ဘုံဘဝမှစုတေ၍ ဤဘဝ၌လူထွာဖြစ်ကြသည်ဟု တပ်အပ်သေချာ မသိရှိနိုင်ကြပါ။ အထက်ပါ ဉာဏ်နှစ်ပါးတွင် တစ်ပါးသောဉာဏ်ကို ရကြသောပုဂ္ဂိုလ်မှာကား မိမိတို့ အဘယ်မည်သော ဘုံဘဝမှ စုတေပြီး ဤဘဝ၌ လူထွာဖြစ်ကြသည်ဟု တပ်အပ်သေချာစွာ သိရှိနိုင်ပေသည်။

အချုပ်အားဖြင့်ဆိုသော် စာရေးသူ အပါအဝင် စာရှူသူများ အနေဖြင့် ဘယ်ဘဝက လာသည်ဖြစ်စေ၊ သုဂတိဘုံဘဝက လာသည်ပဲဖြစ်စေ၊ သို့မဟုတ် ဒုဂ္ဂတိဘုံဘဝက လာသည်ပဲဖြစ်စေ လွန်ခဲ့သော အတိတ်ဘဝကို ပြန်လည်တွေးတော ပူပန်နေစရာမလိုပေ၊ ပူပန်နေ၍လည်း အကျိုးမများလှပေ။ စာရှူသူ အပေါင်းသည် (စာရေးသူ အပါအဝင်) ဘုရား၊ ရဟန္တာ မဖြစ်သေးသမျှ ၃၁ ဘုံအနက် သုဒ္ဓါဝါသ ငါးဘုံကို ကြဉ်ထား၍ ၂၆ ဘုံ၌ စုန်ဆန်အောက်ထက်ကျင်လည်နေကြရသည်ဟု စွဲမြဲစွာ ယူဆထားကြသူများပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ ပစ္စုပ္ပန် ယခုမျက်မှောက်တွင် ကောင်းသော ကိုယ်ကျင့်၊ နှုတ်ကျင့်၊ စိတ်ကျင့်တို့ကို ပြုလုပ်ကြရမည်ဖြစ်ပြီး မကောင်းသော ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ကို ရှောင်ရှားရမည် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် စာရှူသူတို့အား စွဲစွဲမြဲမြဲမှတ်မိနိုင်စေရန် စေတနာ မေတ္တာဖြင့် ရေးသားဖော်ပြရပါမူ ...

“ ခုကောင်းလျှင် နောင်ကောင်းမည်သာတည်း ”

“ ခုဆိုးလျှင် နောင်ဆိုးမည်သာတည်း ”

✧✧✧

ဓမ္မနိယာမတရား

နိယာမ ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်ကျမ်း၌ "သဘာဝဖြစ်ရိုးဖြစ်စဉ်၊ ဓမ္မတာ၊ အမှတ်မလွဲဖြစ်မြဲထုံးစံ" ဟူသော အဓိပ္ပာယ်ကို ဖွင့်ဆိုထားပါသည်။ ဓမ္မဟူသည်မှာ မိမိတို့၏သဘောကို ဆောင်တတ်သောကြောင့် ဓမ္မမည်၏။ မိမိတို့၏သဘော ဆိုသည်ကား တစ်ဖော၏ ပူခြင်းသဘော၊ အေးခြင်းသဘော၊ ဝါယောဓာတ်၏ လှုပ်ခြင်းသဘော၊ ထောက်ကန်သည့် သဘော၊ ပထဝီ၏ ခက်မာခြင်းသဘော၊ အာပေါ၏ ဖွဲ့စည်းခြင်းသဘော၊ ယိုစည်းခြင်းသဘော စသည်များ ဖြစ်ပါသည်။ ယင်းသို့ အသီးသီးဖြစ်သော သဘောတရားများသည် သဘာဝ လက္ခဏာများပင်ဖြစ်သည်။ ထိုသဘောတရား သဘာဝလက္ခဏာ အလုံးစုံသည် ဖြစ်ခြင်း သဘော၊ ရင့်ခြင်းသဘော၊ ပျက်စီးခြင်းသဘော ရှိပေသည်။ သဘောတရား သက်သက်အားဖြင့်သာလျှင် မြဲသောအားဖြင့် ပြီးစီးသည်၏ အဖြစ်ကြောင့် ဓမ္မနိယာမ မည်၏။

ဤလောကဌ် မည်သည့်အရာမျိုးမဆို အကြောင်းအား လျော်စွာ အကျိုးဖြစ်ပေါ်မှု အလုံးစုံသည် ဓမ္မနိယာမတရား များဖြစ်ပါသည်။ အကြောင်းတရားများကြောင့် ဖြစ်ပေါ်လာသော ကွင်းဆက်အကျိုးတရားများသည်လည်း သဘာဝဖြစ်ရိုးဖြစ်စဉ် အမှန်မလွဲ ဖြစ်မြဲ ထုံးစံတရားများပင် ဖြစ်ပေသည်။

ရှင်တော်မြတ်ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ သံဘဝန္တိ" ဟူ၍ ဟောကြားတော် မူခဲ့ပါသည်။ ထိုပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် ဓမ္မနိယာမ တရားများပင် ဖြစ်ပါသည်။

အဓိပ္ပာယ်အားဖြင့် သစ္စာတရား လေးပါးကို မသိခြင်း တည်းဟူသော အဝိဇ္ဇာတရားကြောင့် ပြုပြင် စေ့ဆော်ခြင်း တည်းဟူသော သင်္ခါရတရားများ ဖြစ်သည်။ သင်္ခါရတရား ကြောင့် ပဋိသန္ဓေဝိညာဉ်ဖြစ်သည်။ ဝိညာဉ်ကြောင့် နာမ်နှင့်ရုပ် ဖြစ်ရသည်ဆိုရာမှာလည်း ဓမ္မနိယာမတရားများပင်ဖြစ်ပါသည်။

အဝိဇ္ဇာကြောင့် သင်္ခါရ အစရှိသည့် ကွင်းဆက်တရားများ ဖြစ်ပေါ်မှုသည် မြတ်စွာဘုရားတို့ ပွင့်သည်ဖြစ်စေ၊ မပွင့်သည် ဖြစ်စေ သူ့သဘောအတိုင်း အမြဲတည်နေလျက်ရှိပါသည်။ ယင်း

ကွင်းဆက် ကြောင်းကျိုး သဘောတရားများသည် ဓမ္မနိယာမတရားများပင်တည်း။ ပဋိစ္စသမုပ္ပါဒ် ဒေသနာ၊ ပဋ္ဌာန်းဒေသနာတို့သည် သက်သက်အားဖြင့် ဓမ္မနိယာမတရားများကိုပြသော ဒေသနာများသာဖြစ်ကြောင်း ရေးသား တင်ပြအပ်ပါသတည်း။

✧✧✧

အမရပူရမြို့ မြစ်လောင်းရွာ စိတ္တသုခ အရဏ်တော်ဝတ်အသင်း

"စိတ္တသုခ အရဏ်တော်ဝတ်အသင်း" သည် အမရပူရ မြို့နယ် မြစ်လောင်းရွာတွင် တည်ထောင် ဖွဲ့စည်းထားသော အသင်းတစ်သင်းဖြစ်သည်။ ထိုအသင်းသည် ဗုဒ္ဓဝတ်ရွတ်စဉ်များကို မြစ်လောင်းရွာလယ်၌ တည်ရှိသော စိတ္တသုခ ဓမ္မာရုံကြီးပေါ်တွင် ညစဉ် စုပေါင်း ရွတ်ဆို ပွားများခဲ့ကြသည်မှာ နှစ်ပေါင်းရာကျော်လာပြီဖြစ်သည်။

စိတ္တသုခ အရဏ်တော်ဝတ်အသင်း ဖွဲ့စည်းပုံမှာ အမျိုးသားများသာ ပါဝင်ကြ၍ အရဏ်တော်လှည့်လည် ဆွမ်းတော်ကြီးခံရာ၌ (၁) ဝတ်အသင်း ဆိုင်းဘုတ်ကိုင် လူငယ်နှစ်ဦး၊ (၂) ညောင်ရေတကောင်းကိုင် နှစ်ဦး၊ (၃) အလှူခံ ငွေဖလားကိုင် နှစ်ဦး၊ (၄) သိုင်း၊ ကျိုင်း၊ ယပ်၊ ရာမလက်ညှိုး၊ ကွမ်းတောင် ပန်းတောင်၊ ဟင်္သာ၊ ကွမ်းအစ်ကိုင် အစုံလိုက် နှစ်ဦးစီ၊ (၅) ကြေးစည်ကြီး တစ်စုံထမ်းလေးဦး၊ (၆) ရွှေမောင်းတော်ကြီးတစ်ခု၊ (၇)

မြသပိတ် နှစ်လုံးထမ်း လေးဦး၊ (၈) အိုးစည် စည်တော်ကြီးအဖွဲ့၊ (၉) ဆွမ်းဆန်ခံ မှန်စီရွှေချ အုပ်လေးလုံး နှစ်စုံထမ်းအဖွဲ့၊ (၁၀) သစ်စေးသုတ် အုပ်ကြီးတစ်စုံထမ်း အဖွဲ့၊ (၁၁) ဗုံတောင်တီးအဖွဲ့၊ (၁၂) ထီးဖြူဆောင်းအဖွဲ့များ ပါရှိထေသည်။

အထက်ဖော်ပြပါ ဖွဲ့စည်းပုံအရ အစဉ်အလိုက် တန်းစီကာ အရဏ်တော် ဆွမ်းတော်ကြီးခံ လှည့်လည်ပါသည်။ ထိုသို့ လှည့်လည်ခြင်းကို နှစ်စဉ် ဝါတွင်း ဝါဆိုလဆန်း ၁၄ ရက်နေ့ ညနေ ၄ နာရီမှ စတင်အလှူခံထွက်ပါသည်။ ဝါတွင်း သတင်းစဉ် အဖိတ်နေ့ညနေတိုင်း လှည့်လည်ကာ သီတင်းကျွတ်ထပြည့် အဖိတ်နေ့အထိ ဆောင်ရွက်လုပ်ကိုင်ကြပါသည်။

အဖိတ်နေ့တိုင်းတွင် အရဏ်တော် ဆွမ်းတော်ကြီးခံထွက်ပြီးနောက် ဥပုသ်နေ့နံနက် အရဏ်မတက်မီ ဆွမ်းချက်၍ ရွာအနီးအနားမှ စေတီတော်၊ ပုထိုးတော်၊ ဓမ္မာရုံ၊ ဘုန်းတော်ကြီးကျောင်းတို့၌ ကိန်းဝပ် စံပယ်တော်မူကြသော ဗုဒ္ဓရုပ်ပွားတော်များအား အလှည့်ကျ အရဏ်ဆွမ်း သွားရောက် ကပ်လှူကြပါသည်။ ဤသို့သွားရောက် ကပ်လှူရာတွင် ဝတ်တက်၊ ဝတ်ကပ်အသင်းမှ အမျိုးသမီးကြီးငယ်တစ်စုတို့မှ ပေါင်းစည်း၍ ဆွမ်းတော်ကပ်၊ ဝတ်တက်၊ ဝတ်ကပ်၊ အမျှအတမ်း ပေးဝေ လှူဒါန်းကြပါသည်။

စိတ္တာသုခ အရဏ်တော်ဝတ်အသင်းသည် ညစဉ် ၆ နာရီမှ စ၍ ကြေးစည်ရိုက် လှုစု၍ နှစ်နာရီခန့် စုပေါင်းရွတ်ဆို ပူဇော်ကြသည်။ ယင်းသို့ ပရိတ်တော်များကို ရွတ်ပွား သရဇ္ဈာယ်ရာတွင်-

တနင်္ဂနွေနေ့တွင် ⇨ မင်္ဂလသုတ်၊ မေတ္တာသုတ်၊

တနလ်ာနေ့တွင် ⇨ ရတနသုတ်၊ မေတ္တာသုတ်၊

အင်္ဂါနေ့တွင် ⇨ ခန္ဓသုတ်၊ မေတ္တာသုတ်၊

ဗုဒ္ဓဟူးနေ့တွင် ⇨ မောရသုတ်၊ ဝဋ္ဋသုတ်၊
မေတ္တာသုတ်၊

ကြာသပတေးနေ့တွင် ⇨ ဓဇဂ္ဂသုတ်၊ မေတ္တာသုတ်၊

သောကြာနေ့တွင် ⇨ အာဋာနာဋိယသုတ်၊
မေတ္တာသုတ်၊

စနေနေ့တွင် ⇨ အင်္ဂုလိမာလ၊ ဗောဇ္ဈင်္ဂသုတ်၊
ပုဗ္ဗဏှသုတ်၊ မေတ္တာသုတ်

များကို နေ့အလိုက် ရွတ်ဆိုပူဇော်ကြပါသည်။

အထက် ဖော်ပြပါ "စိတ္တာသုခ အရဏ်တော်ဝတ်အသင်း" ကို အမရပူရမြို့ ရွှေဆင်တိုင်း ပိုးထည်တိုက်ပိုင်ရှင် ဦးသန်းကျော်၊ ဒေါ်တင်တင်လေး မိသားတစ်စုတို့က အဘက်ဘက်မှ လိုလေသေးမရှိ ပံ့ပိုးကူညီ လှူဒါန်းလျက်ရှိသဖြင့် ဖော်ပြပါ ဝတ်အသင်းကြီးမှာ ယနေ့တိုင် ရပ်တည်လာခဲ့သည်မှာ နှစ်ပေါင်း ရာကျော်လာပြီဖြစ်ကြောင်း ဂုဏ်ပြု မှတ်တမ်းတင် ရေးသားတင်ပြလိုက်ရပေသည်။

✧✧✧

ကုသိုလ်သီလစွမ်းအားဖြင့်
အသက်ရှည်နေသူ

ကုသိုလ်သီလစွမ်းအားဖြင့်
အသက်ရှည်နေသူ

အတိတ်ကာလ၊ ပစ္စုပ္ပန်ကာလ၊ အနာဂတ်ကာလ ဟူ၍ ကာလသုံးပါးရှိရာတွင် အတိတ်ကာလကိုကား မပြုပြင်နိုင်ကြသော်လည်း ပစ္စုပ္ပန်နှင့် အနာဂတ်ကာလများအတွက် ယခုအချိန်ကပင် စာရှူသူတို့ ထုပ်နိုင်ခွင့်ရှိပါသေးသည်။ ထူးကဲစွာ အသက်ရာကျော် နေရသူများမှာ မိမိတို့ သက်ရှည်ကျန်းမာစွာ နေရခြင်း အကြောင်းတရားများ နည်းအဖုံဖုံရှိကြပေသည်။

ယခုတွေ့ရှိ သိရှိမေးမြန်းခွင့် ရရှိခဲ့သည့် ကျောက်တန်းမြို့နယ် ပါဒကြီးကျေးရွာနေ အဘိုး ဦးစိုးရိန်မှာ အသက် (၉၉) နှစ် ရှိပါသည်။ အဘိုးဦးစိုးရိန်ကို ရန်ကုန်တိုင်း ကျောက်တန်းမြို့ ကံကြောင်ရွာတွင် အဖ ဦးမောင်သင်၊ အမိ ဒေါမင်းသူတို့မှ ၁၂၆၄ ခုနှစ် တပေါင်းလဆန်း ၇ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ခဲ့သည်။ မောင်နှမသုံးယောက်တွင် အကြီးဆုံးဖြစ်သည်။ ညီမနှစ်ဦးမှာ ဒေါစိန်မေနှင့် ဒေါလှမြိုင်တို့ ဖြစ်ကြသည်။ အဖ

ဖြစ်သူမှာ အသက် (၅၈) နှစ်တွင်လည်းကောင်း၊ အမိဖြစ်သူမှာ အသက် (၅၄) နှစ်တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြသည်။ ညီမ နှစ်ဦးအနက် ဒေါ်စိန်မေမှာ အသက် (၈၂) နှစ်တွင် ကွယ်လွန်ခဲ့သည်။ ညီမဖြစ်သူ ဒေါ်လှမြိုင်မှာ ယခု အသက် (၈၆) နှစ်ရှိပြီး အတူတကွ နေထိုင်ထျက်ရှိပါသည်။

အဘိုးဏီဇနီး ဒေါ်သိန်းမေမှာ အသက် (၇၅) နှစ်ကျော်တွင် ကွယ်လွန်ခဲ့သည်။ သားသမီး တစ်ဦးတစ်ယောက်မျှ မထွန်းကားခဲ့ပေ။ ဘိုးသက်ရှည် အဘဦးစိုးရှိန်၏ နေထိုင်ကျင့်ကြံနည်းမှာလည်း ရိုးရိုးရှင်းရှင်းလေး ဖြစ်ပါသည်။ ဗုဒ္ဓ၏ ထူမှူရေးတရားတော်များ၏ "ခန္ဓီသည် မူလ၊ မာန်ကိုချ၊ ဒေါသကိုပယ်၊ မေတ္တာလွယ်" ဆိုသည့် တရားတော်များနှင့်အညီ သည်းခံခြင်း၊ မာန်မာနမရှိခြင်း၊ ဒေါသမထားခြင်း၊ မေတ္တာအမြဲထားရှိခြင်းများကို တစ်သက်လုံး စောင့်ထိန်းနိုင်ခဲ့ကြောင်း၊ အစာအာဟာရကိုလည်း ရရာမရွေး မိမိပါစကဝမ်းမီးနှင့် မျှတရုံလောက် အချိန်မှန် စားသုံးကြောင်း ပြောပြပါသည်။ အစားအစာများကိုလည်း မိမိနှင့်တည့်သော အစားအစာကိုသာ စားသုံးလေ့ရှိပြီး အသက် (၅၆) နှစ်လောက်ကစ၍ ယနေ့တိုင် ဓာတ်စာ တွက်ချက်စားသုံးလာခဲ့ရာ နှစ်ပေါင်း ၄၀ ကျော် ရှိခဲ့ပြီ ဖြစ်ပါသည်။

ဘိုးသက်ရှည် အဘဦးစိုးရှိန်သည် အသက် (၉၉) နှစ်ကျော် ရှိပြီဖြစ်သော်လည်း ရာကျော်နေသွားရမည်ဟု မျှော်မှန်းထားပါသည်။ ယနေ့ထက်တိုင် နှောင်းခဲ့သည့် အတိတ်ဖြစ်စဉ်

များကို မမေ့မထျော့ သတိကောင်းစွာဖြင့် ပြန်ပြောနိုင်သည်။ ကျန်းမာရေးလည်း အထူးကောင်းမွန်သည်။ တစ်နေ့လျှင် ဘုရားသုံးကြိမ် ရှိခိုးသည်။ တရားသုံးကြိမ်ထိုင်သည်။ ဂုဏ်တော်ပုတီးများကိုလည်း အားလပ်ချိန်တိုင်း စိပ်လေ့ရှိသည်။

ဘိုးသက်ရှည်၏ နေအိမ်ရှေ့တွင် ရာသီဥတုမရွေး ရေခန်းခြင်း မရှိသော ရေတွင်းတစ်ခုမှ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ပြည်သူအများ၊ ရဟန်းသံဃာ ကျောင်းတိုက်များသို့ သောက်ရေ သုံးရေအတွက် ရေအလှူဒါန ပြုလုပ်ထားသည်။ ရွာတွင်းရှိ လမ်းဟောင်းလမ်းပျက်များကိုလည်း ပြင်ဆင် ပြုပြင်ထေ့ရှိသည်။ ခရီးသည် နားခိုရာ ဧရပ်များလည်း ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ယခုအခါ ဘိုးသက်ရှည် အဘ ဦးစိုးရှိန်သည် အမှတ် (၁၃၈)၊ ကမ်းနားလမ်း၊ အရှေ့ပိုင်းရပ်ကွက်၊ ကျောက်တန်းမြို့တွင် တူမဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း (အထက်တန်းပြ၊ ငြိမ်း) မိသားစုနှင့်အတူ ကျန်းမာစွာ နေထိုင်လျက်ရှိပါသည်။

✧✧✧

စံတင်ရမည့် ပေးလှူသူ

လူသည် မွေးဖွားလာသည်မှ သေဆုံးခြင်းမှတ်တိုင်သို့ မိနစ် စက္ကန့်မခြား ပြေးလွှားနေရပေသည်။ အမှန်စင်စစ် သေရမည့် နေ့ဂုက်ကို စောင့်ဆိုင်းနေရသူများပင် ဖြစ်ပေသည်။ ထိုသို့သော သက်ရှိလူသားတို့တွင် လူ့လောကထဲ ရောက်ရှိလာပြီး မိမိအကျိုး၊ သူတစ်ပါးအကျိုးတို့ကို မှတ်တမ်းတင်လောက်အောင် မဆောင်ရွက်ခဲ့သူနှင့် မိမိအကျိုး၊ သူတစ်ပါးအကျိုးကို စံတင်လောက်အောင် ဆောင်ရွက်ခဲ့သူ ဟူ၍ အကြမ်းအားဖြင့် နှစ်မျိုး နှစ်စား ရှိလေသည်။

ရဟန်းအမကြီး ဒေါ်စိန်မေသည် ထိုနှစ်မျိုးတွင် မိမိအကျိုး၊ သူတစ်ပါးအကျိုးကို စံတင်လောက်အောင် ပေးလှူ ဆောင်ရွက်ခဲ့သူဟု ဆိုရပါမည်။ ဒေါ်စိန်မေသည် ကုသိုလ် အလှူဒါနတို့ကို အံ့ဖွယ်ပြုကာ သူတစ်ပါးအကျိုး ဆောင်ရွက်ခဲ့သည်မှာ စံတင်လောက်ပါပေသည်။

ဒေါ်စိန်မေသည် ရန်ကုန်တိုင်း ကျောက်တန်းမြို့ အရှေ့ပိုင်း ကမ်းနားလမ်းတွင် နေထိုင်ခဲ့သည်။ သူမ၏ ခင်ပွန်းက ကဝိဓ



ကုသိုလ်သီလစွမ်းအားဖြင့်

စံတင်ရမည့် ပေးလှူသူ

ဘွဲ့.ခံ ဦးကျော် ဖြစ်သည်။ ဒေါ်စိန်မေတွင် အစ်ကိုကြီး ဦးစိုးရိန် (အသက် ၈၉ နှစ်ရှိပြီး ပါဒကြီးရွာကွင် နေထိုင်သူ) နှင့် ညီမ ဒေါ်ထွမြိုင် (၈၄ နှစ်) ဟူ၍ မောင်နှမ သုံးယောက် ရှိသည်။

ဒေါ်စိန်မေမှာ ကုသိုလ်ကောင်းမှုတို့၌ ဝါသနာပါသည့် အထျောက် ဂန္ဓကုဋီ တိုက်ကျောင်း အလှူ၊ ဘုရား အလှူ၊ သိမ်ကျောင်းအလှူ၊ ရေတွင်းရေကန်အလှူ၊ ကျောင်းအလှူ၊ မီးစက် အလှူ၊ ရဟန်းခံရှင်ပြုအလှူ၊ ရွှေတိဂုံစေတီ ရွှေပြားအလှူ၊ ဘုရား ထီးအလှူ၊ လူအများသုံးရန် ဆေးဝါးအလှူ၊ ပုဂံဘုရားများ ပြုပြင် မွမ်းမံရန်အလှူ၊ သာသနမီးမရှိသဖြင့် ကိတ္တိမသာများနှင့် ဆင်းရဲ ချို့တဲ့သူများ၏ သားများအား ရဟန်းခံ ရှင်ပြုပေးခြင်း အစရှိ စသည်များကို စံတင်ထောက်အောင် ပေးလှူခဲ့သည်။ အထူး သဖြင့် ရန်ကုန်တိုင်း ကျောက်တန်းမြို့ သံဃာ့ဆေးရုံအတွက် ငွေကျပ်တစ်သိန်း လှူခဲ့ရာ မှတ်တမ်းတင်ဖွယ်ဖြစ်ပေသည်။ ထိုထို လှူဒါန်းသည့် ကုသိုလ်ဒါနများကိုလည်း နေ့ရက်နှင့်တကွ အထူး ငွေများပါ စနစ်တကျ မှတ်သားထားခဲ့လေသည်။

ရဟန်းအမကြီး ဒေါ်စိန်မေ လှူဒါန်းခဲ့သော အထူဒါနများ အနက်မှ စနစ်တကျ ရေးမှတ်ထားခဲ့သော အဓိက အလှူငွေ စာရင်းများမှာမူ အောက်ပါအတိုင်း ဖြစ်ပေသည်-

(၁) ဂန္ဓကုဋီတိုက်ကျောင်းအလှူ (ပထမအကြိမ်)	၄၀၀၀၀	ကျပ်
(၂) ဂန္ဓကုဋီတိုက်ကျောင်းအလှူ (ဒုတိယအကြိမ်)	၆၀၀၀၀	ကျပ်

(၃) ကျောင်းဆောက်အလှူ ၅၀၀၀ ကျပ်

(၄) သိမ်ကျောင်းအလှူ ၃၀၀၀၀ ကျပ်

(၅) ဘုရားအလှူ ၆၀၀၀ ကျပ်

(၆) ဘုရားသီတင်းသုံးရန် ပလ္လင် ၂၀၀၀၀ ကျပ်
တော်နှင့် ရောင်ခြည်တော်အလှူ

(၇) ရဟန်းခံ ရှင်ပြုအလှူ ၂၀၀၀၀ ကျပ်
(ပထမအကြိမ်)

(၈) ရဟန်းခံ ရှင်ပြုအလှူ ၁၅၀၀၀ ကျပ်
(ဒုတိယအကြိမ်)

(၉) ရဟန်းခံ ရှင်ပြုအလှူ ၁၅၀၀၀ ကျပ်
(တတိယအကြိမ်)

(၁၀) ရဟန်းခံ ရှင်ပြုအလှူ ၁၀၀၀၀ ကျပ်
(စတုတ္ထအကြိမ်)

(၁၁) ရေတွင်း ရေကန်အလှူ ၂၅၀၀၀ ကျပ်

(၁၂) ဓာတ်မီးစက်အလှူ ၅၀၀၀၀ ကျပ်

(၁၃) ကထိန်အလှူ ၂၀၅၀၀၀ ကျပ်
(အကြိမ်ပေါင်း ၄၁ ကြိမ်)

(၁၄) ဘုရားထီးတင်အလှူ ၆၀၀၀၀ ကျပ်

(၁၅) ရွှေတိဂုံစေတီ ရွှေပြားအလှူ ၂၀၀၀၀ ကျပ်

(၁၆) ဘုရားဆောင်နှင့် သံဃာ့ ၁၀၀၀၀၀ ကျပ်
ဆေးရုံဆောက်လုပ်မှုအလှူ

(၁၇)	သံဃာတော်များအတွက် ဆေးဝါးအလှူ	၁၀၀၀၀ ကျပ်
(၁၈)	မရှိဆင်းရဲသားလူနာများ အတွက် ဆေးဝါးအလှူ	၁၀၀၀၀ ကျပ်
(၁၉)	ဆေးရုံတွင် ခွဲထုတ်စက်အလှူ	၂၀၀၀၀ ကျပ်
(၂၀)	ဆေးရုံတွင် ရေတိုင်ကီတစ်လုံး အလှူငွေ (ပထမအကြိမ်)	၈၀၀၀ ကျပ်
(၂၁)	ဆေးရုံတွင် ရေတိုင်ကီတစ်လုံး ထပ်မံလှူ (ဒုတိယအကြိမ်)	၁၀၀၀၀ ကျပ်
(၂၂)	ပုဂံဘုရားများ ပြုပြင်ရန်အလှူငွေ	၅၀၀၀ ကျပ်
	စုစုပေါင်း လှူဒါန်းငွေ	၇၄၄၀၀၀ ကျပ်

ဖော်ပြပါအလှူငွေ ၇ သိန်းခွဲခန့်ကို ပေးလှူခဲ့သော ရဟန်းအမကြီး ဒေါ်စိန်မေသည် ၁၃၅၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် (၆-၁၂-၈၈) နေ့ ညနေပိုင်းတွင် ကွယ်လွန်ခဲ့လေသည်။ ကွယ်လွန်မည့်နေ့နံနက်ပိုင်းက ရဟန်းအမကြီး ဒေါ်စိန်မေသည် ဘုရားအမှူးရှိသော သံဃာတော် ၈၅ ပါးကို တစ်ပါးလျှင် ဝတ္ထုငွေ ၁၀၀ ကျပ် တိတိဖြင့် ရေစက်ချ အလှူဒါန ပြုလုပ်သွားခဲ့လေသည်။

သေသည့် နေ့ရက်တိုင်အောင် အလှူဒါန ပြုခဲ့သော ဒေါ်စိန်မေ၏ ကောင်းမှုဂုဏ်အရိန်ကား မည်ုိးမမှိန်ဘဲ တောက်

ထိန်ခဲ့၊ တောက်ထိန်ဆဲပင် ဖြစ်သည်။ ရဟန်း၊ ရှင်၊ ထူသူတော်စင်များတို့ကလည်း ဒေါ်စိန်မေ၏ ပေးထူခဲ့မှုများကို သာဓုခေါ်ဆဲပင် ဖြစ်သည်။

ရဟန်းအမကြီး၊ ကျောင်းအမကြီး ဒေါ်စိန်မေ၏ ရက်ရက်ရောရော အထူဒါနပြုခဲ့မှုများသည် စံတင်ထောက်ပါပေ၏ တကား။ ထူပင် သေသော်လည်း ကောင်းမှုဒါနရှင်၊ ကုသိုလ်ရှင်၏ ဂုဏ်သတင်းသည်ကား မသေပါတကား။

✧✧✧



တစ်နေ့တာမြင်ကွင်း

တစ်နေ့တာမြင်ကွင်း

၁၉၈၇ ခုနှစ်၊ မတ်လ ၈ ရက်နေ့ နံနက် ၇ နာရီအချိန်။

စာရေးသူ၏ ကျေးဇူးရှင် ဆရာတော်ကြီးတစ်ပါးသည် ကျောက်တန်းမြို့ သံဃာ့ဆေးရုံကြီး၌ ဆေးကုသမှု ခံယူနေရသည်ဟု သိရ၍ ဆေးရုံသို့ နံနက်စောစော ထွက်လာခဲ့သည်။ ဆေးရုံသို့ရောက်လျှင် ယခင်ဝဝဖြိုးဖြိုး ခံ့ခံ့ညားညား ဆရာတော်ကြီးကို ယခု အရိုးပြိုင်းပြိုင်းဖြစ်ကာ အလွန်ပိန်ကြုံ ချည့်နဲ့စွာနှင့် ဖူးတွေ့ထိုက်ရသဖြင့် စာရေးသူသည် အလွန်စိတ်မချမ်းမြေ့ဖြစ်ခဲ့၏။

စာရေးသူသည် ဆေးရုံသို့ရောက်ခိုက် တစ်ဖက်ဆောင်ရှိ အသိမိတ်ဆွေ လူနာတစ်ဦးထံ သွားရောက် မေးမြန်းရ၏။ လူနာဆောင်အတွင်းရှိ လူနာများ၏ မျက်နှာများက ရွှင်ပျမှု မရှိကြ။ စိတ်အားငယ်မှု၊ စိတ်မချမ်းမှုတို့သာ ဖုံးလွှမ်းနေကြ၏။ ထိုလူနာဆောင်အတွင်းသို့ ရောက်၍ ၁၀ မိနစ်ခန့်အကြာတွင် ဘေးခုတင်မှ အသက် (၁၈) နှစ်ခန့်ရှိ လူငယ်လေး လူးလွန့် လှုပ်ရှားရင်း လူ့ဘောင်လောကကြီးအား ကျောခိုင်း၍သွား၏။ ထိုလူငယ်လေး

၏ မိခင်ဖြစ်ဟန်ရှိသော အမျိုးသမီးကြီးက ချုံးပွဲချ ငိုကြွေးလေတော့၏။ လူ့ဘောင် လောကကြီးမှ လူသား တစ်ဦးတော့ထွက်ခွာသွားချေပြီတကား ဟူ၍ သံဝေဂ ဖြစ်မိလိုက်ပါသည်။

ထို့နောက် ရှေ့သို့ လျှောက်လာရာ အခန်းတစ်ခုနား အရောက်တွင် ကလေးငယ်တစ်ဦး၏ ငိုသံကို ကြားလိုက်ရပြန်၏။ မွေးဖွားခန်းတစ်ခုမှ မွေးမိခင်တစ်ဦး သားမွေးဖွားခြင်းဟု သိလိုက်ရ၏။ ထိုကလေးငယ်ကား လက်သီးလက်မောင်းတန်းလျက် ငိုကြွေးခြင်းဖြင့် သူ၏ ဘဝကို စတင်လိုက်ခြင်းဖြစ်ပေ၏။ လူ့ဘောင်လောကကြီးအတွင်းသို့ လူသားတစ်ဦး ဝင်ရောက်လာခြင်းပေတကား ဟူ၍ သတိပြုမိလိုက်သည်။

အချိန်ကား နေ့လယ် ၁၁ နာရီ ရှိပြီ။

စာရေးသူသည် ဆေးရုံမှအပြန် ကျောက်တန်းမြို့ စံချိန်မီ ရပ်ကွက်နေ မိတ်ဆွေတစ်ဦး၏ မင်္ဂလာဆောင်သို့ သွားရသည်။ သတို့သား၊ သတို့သမီးနှင့် ဧည့်သည်အားလုံးတို့သည် ပြုံးပျော်ရွှင်မြူးလျက် ပျော်တပြုံးပြုံး မော်မဆုံးဖြစ်လျက် ရှိနေကြသည်ကို တွေ့ရ၏။ ထို့နောက် ညနေ ၃ နာရီခန့်တွင်ကား ကျောက်တန်းမြို့ အလယ်ပိုင်းရပ်ကွက်သို့ ဆက်သွားခဲ့ရ၏။ ထိုရပ်ကွက်မှ အသိမိတ်ဆွေတစ်ဦး ကွယ်လွန်အနိစ္စရောက်သဖြင့် သုသာန်သို့ အသုဘရွှေ့လိုက်ပို့ရခြင်းဖြစ်ပါသည်။ သေသူ၏ဓနိး ဆွေမျိုးများကား [illegible] ငိုရိုက်ရင်း လိုက်လာကြ၏။ သုသာန်သို့ ရောက်သောအခါ သူ့အလျင် သေနှင့်နေကြသူများ၏ မြေပုံ၊ ဂူ၊ မှတ်တိုင်များကို မျက်ဝါးထင်ထင် မြင်ရပြန်၏။

သြော် .... လူ့ဘောင်ထောကကြီးသည်ကား ဦးကြွေးခြင်း၊ ရယ်မောခြင်း၊ ပျော်ရွှင်ခြင်း၊ ဆင်းရဲခြင်း စသည့် တရားအပေါင်းတို့၏ အဆုံးစွန်၌ သေခြင်းတရားကား အသင့်စောင့်ကြိုလျက် ရှိနေပေ၏တကား ဟူ၍ စာရေးသူ၏ စိတ်အစဉ်ဝယ် ဆင်ခြင်တွေးတောမိပါသည်။

ယင်းသို့ စာရေးသူ၏ စိတ်အစဉ်ဝယ် ဆင်ခြင် တွေးတောမိရာမှ စာရေးသူ ငယ်စဉ်က နှုတ်တက် ကျက်မှတ်လာခဲ့သော တန့်ဆည်မြို့. ကံဖျားဆရာတော်၏ ဓမ္မသံဝဂ ကဗျာလေးတစ်ပုဒ်ကို နှုတ်မှရေရွတ်မိပါတော့သည်။ ၎င်းသံဝေဂကဗျာမှာ-

"အိုခြင်းတစ်ဖြာ၊ နာခြင်းတစ်ထွေ
သေခြင်းတခြား၊ ကွဲပြားတစ်တန်
ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို
မကွာနေ့ည၊ ဉာဏ်သက်ဝင်၍
ဆင်ခြင်ကြ"

ဟူ၍ ဖြစ်ပါသတည်း။

✧ ✧ ✧

စာရေးသူသန်းဝင်းရိုန်၏ဘဝဖြစ်စဉ်

အဖဦးဆိုက်ရုံ၊ အမိဒေါ်ကျင်တင်တို့မှ ၁၉၄၃ ခုနှစ်တွင် သုံးခွမြို့၌ဦးမွေးဖွားသည်။

၁၉၆၅ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ် (ရန်ကုန်)မှ ဘီကွမ်း(အထွေထွေ)ဘွဲ့ကို ရရှိခဲ့သည်။ ၁၉၆၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်ထိ တိုင်းနှင့်ပြည်နယ်ဒေသ အသီးသီးသို့ ရာထူးအဆင့် အမျိုးမျိုးဖြင့် ၃၅ နှစ်တိုင်တိုင် နိုင်ငံတာဝန်များကို သွားရောက်ထမ်းဆောင်ခဲ့သည်။

ယင်းသို့ တာဝန်ထမ်းဆောင်စဉ် လုပ်သား၊ ကြေးမုံ၊ ဗိုလ်တထောင်၊ မြန်မာ့အလင်း သတင်းစာများနှင့်မဂ္ဂဇင်း၊ စာစောင်များတွင် ယနေ့အထိ နိုင်ငံအကျိုးပြု ဆောင်းပါးပေါင်းများကို ပုဒ်ရေ ၂၀၀ ခန့် ရေးသားခဲ့သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် တစ်ဦးဖြစ်ပြီး ၁၉၈၀ ပြည့်နှစ်တွင် တန်ဆည်မြို့နယ် စာပေညီလာခံတွင် စာပေဗဟိုဦးစီး အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၉၄ခုနှစ်တွင် ကျောက်တန်းမြို့နယ် စာပေဥက္ကဋ္ဌအဖြစ်လည်းကောင်း စာပေတာဝန်များကို ထမ်ဆောင်ခဲ့သည်။

အမျိုးသား စီမံကိန်းရေးဆွဲရေး ဦးစီးဌာနတွင် ညွှန်ကြားရေးမှူး အဆင့်အထိ တာဝန်ထမ်းဆောင်လျက် ၂၀၀၁ ခုနှစ်တွင် ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူကာ စာပေဆောင်းပါးများ ရေးသားလျက်ရှိသည်။

အမည်ရင်းမှာ ဦးထွန်းရိုန် ဖြစ်သည်။

ထူးခြားသည့် သာသနာပြုပုဂိုလ်

သုတရသဆောင်းပါးများ

သန်းဝင်းရိုန်